# သုန္ဒရဲ့ မယ်လိုဒီ

## အောင်ဇော်မြင့်သိန်း



# အခန်း(၁)

ကောင်းကင်မှာ ပျံ့ဝဲအစာရှာနေသော သိန်းငှက်တစ်ကောင်ရဲ့ မျက်လုံးမျိုးနှင့် ထွန်းထွန်းဝင်း A.A. Phamacy ခန်းမထဲကို သိမ်းကျုံးဝေ့ဝဲကြည့်လိုက်သည်။

ဈေးဝယ်သူ ရှင်းနေချိန် အပေါက်ဂမှ ဝင်လာသော သူတို့ထံ အလုအယက် ရောက်လာသော မျက်ဝန်းများကို ရင်မခုန်ဘဲ ဆေးဗူးသိမ်းနေသော ဆံပင်ပျော့ပျော့ရှည်ရှည် ကောင်မလေးကိုမှ ဒိန်းခနဲ ကွက်တိ ပြေးမြင်၏ ။

ထွာဆိုင်လုံးပတ်လည် ခါးချိလေးထဲမှ အကျႌစကို ခပ်ဖွဖွ ဆွဲထုတ်ပြီး ဂျိုးရင်အုံလေးကို ကော့လျက် ကောင်မလေးရှိရာ ရင်ဖွင့်လျှောက်သွားသည်။

ဒီအမူအရာ ပြောင်းလဲသွားပြီ ဆိုကတည်းက ဒီကောင် ဘယ်လောက် မာန်တက်သွားပြီ ဆိုတာ ဩရသ သိပြီးသား...။ တားမရ ဆွဲမရမယ့်အတူတူ လွှတ်ပေးထားခြင်း အကောင်းဆုံး...။

ကောင်မလေး မော့ကြည့်လာ၏ ။

သူ့ထံ တန်းတန်းမတ်မတ် လျှောက်လာသော Coustomain တစ်ယောက်မို့ ပျူပျူငှာငှာ အပြုံးလေးနှင့် ကြိုဆိုရှာသည်။

အဖိုတန်း ပတ္တမြားတစ်လုံးကို အစာရှာနေသော ကြက်တစ်ကောင် စပါးလုံးကောက်စားသလို ဓိုးကနဲ ဇတ်ကနဲ ကောက်မစားသင့်...။ အနည်းဆုံး ကတ္တီပါ ဗူးလေးထဲလောက်တော့ တယုတယ သိမ်းယူရမည်ဟု ထွန်းထွန်းဝင်း တွေးမိ၏ ။

“ဘာအလိုရှိပါသလဲ ရှင်…”

ကောင်မလေးရဲ့ ရူပါ၊ ချိုသာပျူငှာမှုတွေအတွက် သူ တောင့်တောင့်ရောင့်ရောင့်ကြီး မတုံ့ပြန်ချင်ပါ။ ပျော့ပျောင်းနွေးထွေးစေရမည်။ စတိုင်ကျ ဖော်ရွေနေရမည်။

Water Gel နှင့် ငှက်သိုက်အဟောင်းလို ရှုပ်ရှုပ်ပွပွ ပုံသွင်းထားသော ဆံပင်ကို ဖွ၍ ရှိုင်းလိုက်ပြီး မျက်မှန်ကို လက်ညှိုးနှင့် ထောက်တင်လိုက်သည်။ အကျႌကော်လံနှစ်ဖက်ကို သပ်သပ်ရပ်ရပ် ပြုပြင်လိုက်၏ ။

ထပ်စဉ်းစားကြည့်လိုက်တော့ ဘာမှလုပ်စရာ မရှိတော့သလိုလိုကြီး..။ အားလပ်သွားသော လက်နှစ်ဖက်ကို ဘယ်လိုနေရာ ချရမည်လဲ သူစဉ်းစားရပြီ။း Hip Hop သီချင်းဆိုတဲ့ ကောင်တွေကို လှုပ်ယက်ပြီးရော လှုပ်နေဖို့ကလည်း (Play Back) နောက်ခံတုံးလုံး မရှိတော့ အူကြောင်ကြောင်…။

ခါးထောက်လိုက်ရင်…. အထက်စီးဆန်ကာ မာခေါက်ခေါက်… လေထဲ တိုးလို့တန်းလန်း ထားဖို့ကလည်း မမိုက်။ ဘောင်ဘီအိတ် လက်နှစ်ဖက်ကို စမတ်ကျကျ ထိုးထည့်ထားလိုက်ပြီးမှ နည်းနည်း ဘဝင်ကျသွားတော့သည်။

တောင့်တောင့်မတ်မတ်ကြီး ဖြစ်မနေစေရန် ပျော့ပျော့ပျောင်းပျောင်းဖြင့် ရပ်လိုက်၏ ။

စိတ်ရဲ့ ပြတင်းပေါက်တွေကို နေကာမျက်မှန်နှင့် ဖုံးကွယ်ထားခြင်းထက် မျက်လုံးတွေကစပြီး ကန္တဲ့ကလျ ပြုံးပြလိုက်ပါမည်။ မျက်မှန်ကို ချွတ်ရင်း ပြုံးပြလိုက်တော့ ကောင်မလေးကလည်း ပြုံးစိစိလေ…။

Sure။ သေချာသွားပြီ။ ကောင်မလေး သူ့ရဲ့ပင်ကိုယ်စတိုင်ထဲမှာ မျောပါလာပြီ။

“ညီမငေး…. Olive oil ရှိလား”

"ဒီမှာကတော့ ရွှေသွေးသူငယ်နာ ရင်လူးဆေးတို့ ဂြိုဟ်တု ဂမ်းနုတ်ဆေးတို့ပဲ ရှိတယ်။ အင်္ဂလိပ်ဆေးက ဟိုဘက်ကောင်းတာမှာ"

အဲဒီ ကောင်မလေးရဲ့ စကားကို ကောင်တာမှာ အတူတူရှိနေတဲ့ သူ့သူငယ်ချင်းတွေက ဟီးဟီးဟားဟား ဝိုင်းအားပေးကြသည်။

ကြော်ငြာနှင့်ထည့်ပြုတ်ရမည့် မနူးမနပ် ကောင်ကြီး မွန်ထူသွားပြီး...။

သွေးသောက်ညီအစ်ကိုကြီးကို ပခုံးဖက်ရင်း အားပေးကာ တိုက်ပွဲထဲသို့ စစ်ကူဝင်ရန် ဩရသ ဆုံးဖြတ်လိုက်၏ ။

"ညီမလေး"

"ရှမ်..."

"ညီမလေးတို့ ဒီဆိုင်မှာ Coustomain က Request လုပ်ရင် ဝန်ဆောင်မှု ပေးလားဟင်"

စစ်ဦးဘီလူးကို အောင်မြင်ပြီးသော ကောင်မလေးရဲ့ တိုက်စစ်က ပေါ့ဆစွာ လျော့တိလျော့ရဲ..။

"ပိုက်ဆံမပါလို့ အကြွေးလေးမှတ်ထားပေးပါ ဆိုတာမျိုးကလွဲရင် ကျွန်မတို့ဆောင်ပုဒ်က Customer is Always Right ပါပဲ... ပြောပါ ဘယ်လိုဝန်ဆောင်မှုမျိုးကို အလိုရှိပါသလဲရှင်..."

"ဩော်.. အဲဒီ လိုမျိုး မဖြစ်စေရပါဘူး ညီမလေးရယ်... Olive Oil ဆိုတာ ဘာလဲ သိချင်လို့ပါ"

တကယ်လည်း ဩရသတို့ မသိကြပါ။ ထွန်းထွန်းဝင်းညီမ မှာလိုက်လို့ ဝင်ဝယ်ခြင်းပါ။ ဗေထိဆိုတာနဲ့ ကွဲခဲ့ရသော ထွန်းထွန်းဝင်း ပါးစပ်ကန့်လန့် နှာခေါင်းဖောက်ထိုးကြီးနှင့် ကြွေ့ပြန်ဆယ်နေသည်။

"အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်ရင် ဗိုက်ကြောတွေ မပြတ်အောင်

လူးရတဲ့ သံလွင်ဆီပါ… အစ်ကိုအမျိုးသမီးက ကိုယ်ဝန်ဘယ်နှလ ရှိပြီလဲ… ခစ်… ခစ်”

“ဟော့ကောင် ယောက်ဖ မျက်နှာပူစရာတော့ ဖြစ်ရပြီကွာ… ကဲ… မင်းပဲ ဆက်ပြောပြလိုက်ပါတော့ကွာ… မင်းရှေ့ပြောရမှာ မျက်နှာပူတယ်”

အဓိပ္ပါယ်နှစ်ခွထွက်အောင် ပြောသော ဩရသကို ထွန်းထွန်းဝင်း အသဲယားသွားသည်။ ဒါပေမယ့် ပူးတွဲတိုက်စစ်ဆင်ရမည့် ပွဲမို့ လျှော်ပေးလိုက်ရ၏။

“အား… မဦးမချွတ် ကိုယ်တို့က လူပျိုစစ်စစ်တွေ ရေမရောထားဘူး”

“မထင်ရဘူးနော်”

“ဒီကောင်အိမ်က အပေါ်ဆုံးအခန်းဆိုတော့ လှေကားထစ်တွေ အများကြီး ဖြတ်ဆင်းခဲ့ရတာ ညီမရဲ့… ကဲ… ထားပါတော့လေ။ ခုနက ပြောတဲ့ Request လုပ်ချင်တာက ဒီလိုပါ.. ဒီကောင်တာမှာတောင် ကိုယ်တို့ ဒီလောက်အခွဲခံနေရတာ တခြားကောင်တကို ထပ်မလှမ်းရဲတော့လို့…”

“ရဲရဲသွားပါ ကြည့်နေပေးပါ့မယ်”

“ဟင့်အင်း… ကိုယ့်ဆန္ဒဟူသမျှ ညီမလေးလက်ထဲ အပ်လိုက်ပါရစေ… ညီမပဲ Olive Oil သွားယူပေးပါလို့နော်…။ ဘတ်စ်ကားဂိတ်ဆုံးသွားရင် ထပ်မသွားတော့သလိုပဲပေါ့… တို့ခရီးက ဒီမှာ ဂိတ်ဆုံးသွားခဲ့ပြီ”

“ကြွယ်တယ်နော်”

*

A.A Phamacy ထဲမှ ထွက်လိုက်သည်နှင့် ဩရသကို ထွန်းထွန်းဝင်းက

နားရင်းလှမ်းအုပ်လိုက်သည်။

“ဥဩ… မူပိုင်ပခွင့်ကို မစော်ကားနဲ့နော်… ရုပ်ခံနဲ့ လုပ်ကြံလို့ကတော့ အသက်ချင်း လဲပစ်လိုက်မယ်”

“အထင်မလွဲပါနဲ့ ရင်ထဲဝင်ကြည့်ပါ သူငယ်ချင်းရယ်… ဟဲ ဟဲ… ဟော့ကောင် သံလွင်ဆီဖူးလေးက လှတယ်နော်… မသိရင် ဘာဖူးလိုလို ညာဖူးလိုလိုလေးနဲ့..”

“လာလုပ်မနေနဲ့… နှာဘူးမဟုတ်ရင် ပြီးတာပဲ…”

“ကိုကြီးကျော်တို့က အငွေ့ပဲ သုံးဆောင်တာပါ… မင်း လာတင်းမနေနဲ့ … မင်း အသုံးမကျလို့ ဝင်ပါရတာ မြားပစ်တယ်ဆိုတာ တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိမှ ပစ်မှတ်ကို ထိမှာပေါ့… ချိန်ကတည်းက သွားချာပါဒ လိုက်နေမှတော့ သားကောင် ပြန်ရန်မူလို့ ဂန့်မှာပဲ… ပိုလီယိုစတိုင်နဲ့ အသုံးလည်း မကျဘဲနဲ့…”

“ဆောင့်ကန်လိုက်လို့… အငွေ့အငွေ့ လုပ်မနေနဲ့… ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေပါသည် တဲ့ မင်းမသိဘူးလား”

“အဲဒါက အဆုတ်ထဲ ရောက်အောင်ထိ ရှိုက်လို့ ဖြစ်တာ… ငါက စီးကရက်ကို ကြိုက်တာထက် စီးကရက်ခဲရတဲ့ စတိုင်ကို ကြိုက်လို့… မရှိုက်ဘူး ဖွာတာ…”

“ဘာဖြစ်ဖြစ်ကွာ… ငါ ပြောပြီးပြီ… ဒါ ငါ မှတ်ပုံတင်ထားလိုက်ပြီးပြီနော်…”

“အေးပါ ဥစ္စာရှူးကောင်ရာ… ကဲ… မင်းဘက်က စစ်ကူဝင်ပေးထားတာအကွက် ကော်ဖီလေးလောက်တော့ တိုက်ဦး…”

“ရိုးရိုးဆိုင်မှာ ရိုးရိုးကော်ဖီလောက်တော့ တတ်နိုင်တယ်...”

“Moon Bakery က Ice Coffee လေးလောက်တော့ လုပ်ပါကွာ... မင်းအက အပေါင်းအသင်းနဲ့ဆို ချစ်တီး.... ဟ... မင်းမျက်မှန်ရော...”

“ဟီး... ဟီး... ဓာတ်လမ်းဆက်လို့ကောင်းအောင် သူ့ကောင်းတာပေ့ါ မေ့ချင်ဟန် ဆောင်ထားခဲ့တာ”

“ဆုံးမှာပဲ”

Moon Bakery ဘက် ပလက်ဖောင်းသို့ ကူးရန် ဆူးလေမီးပွိုင့်ကို စောင့်နေကြစဉ် ထွန်းထွန်းဝင်းက A.A Phamacy ဖက်သို့ ပြန်လှည့်ကြည့်... သံယောဇဉ်နွယ်နေသေးသည်။

တော်တော် စိတ်ကူးယဉ်တဲ့ကောင်... သူမျက်မှန်နက်ကြီးကို သူ့ဆီကောင်မလေးက အပြေးအလွှား လိုက်ပေးလိမ့်မယ်များ ထင်နေလား မသိ...။

မီးနီသွားပြီ... လမ်းဖြတ်ကူးဖို့ မဟာဗန္ဓုလလမ်းမကြီး၏ မျဉ်းကျားပေါ် ခြေချလိုက်ယုံ ရှိသေးသည်။ ကြားလိုက်ရသော အသံကြောင့် နေခင်းကြောင်တောင် သရဲအခြောက်ခံလိုက်ရသလို ဆံပင်တွေ ထောင်ထသွား၏ ။

“ဟော့ မသာနှစ်ကောင် တက်စမ်း...”

လပေးနှင့် သူ အကြွေးစီးနေကျ Taxi ပေါ်မှာ အရက်ကြောင့် ဖောနေပြီဟု ပြောလျှင် ဘယ်တော့မှ လက်မခံသော သောက်ရေအိုးကြီးကို ပြောင်းပြန်လှန်ထားသလို ပူဖောင်းဖောင်းမျက်နှာကြီးနှင့် ပန်းချီ စိုင်းလားရှိုး...။

“အား... ကိုစိုင်း... နေကောင်းတယ်နော်...။ ကျွန်တော်တို့ ချိန်းထားတာလေး ရှိလို့...”

“လုပ်မနေနဲ့ တက်စမ်း... အေ့... ဝေ့... မနက်ကတည်းက ဘာမှ မစား မသောက်ရသေးဘူး... ဝေ့”

သွားပြီ…။ ဩရသရော ထွန်းထွန်းဝင်းပါ ပိုက်ဆံအိတ်လေးများကို ယောင်ရမ်းစမ်းကြည့်ရင်း သဵ်ါရသဘောကို အပြေးအလွှား နှလုံးသွင်းကြရပြီ…။

“သူတောင်းစားလေးတွေ ပိုက်ဆံအိတ် စမ်းမနေကြနဲ့… ငါ စာချုပ်အသစ် ထပ်ချုပ်လာလို့ ကြိုတင်ငွေ ရလာတယ် ဒီမှာ…”

အိုး…။ ထောင်တန်အုပ်တွေ ထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကို ပုတ်ပြလိုက်တော့ ဆရာသမားအတွက် အသက်စွန့်ဝံ့သည့် စိတ်ဓာတ်တွေ သူတို့ရင်ထဲ ဘယ်ကဘယ်လို ဝုန်းကနဲများ ကြီးစိုးလွှမ်းမိုး ဝင်ရောက်လာပါလိမ့်…။ အလုအယက် ကားတံခါးဆွဲဖွင့် ဝင်လိုက်လိုက်ကြ၏ ။

“မသာလေးတွေ… ငါစကားတောင် ဆုံးသေးရဲ့လား မသိဘူး… ဒါမျိုးကျ မြန်လိုက်ကြတာ…”

“မီးပွိုင့်ကြီးမှာလေ… အဖမ်းခံရမှာ စိုးလို့ပါ ဟီး ဟီး”

“ကိုစိုင်း ဘယ်နှအုပ် ထပ်ချုပ်ခဲ့လဲ”

“အုပ်နှစ်ဆယ်… ဒါ မနက်ဖြန်ကစပြီး အပီဖွဲ့မှာ တစ်လ နှစ်အုပ်နှုန်းပဲ”

ပြောတာလဲ စိုင်းပါပဲ ဆိုတာ ရုပ်ပြလောကမှာ စကားပုံ ရှိပေမယ့်လည်း စားရသောက်ရဖို့က ရှိသေးသည်လေ…။

“အားကျတယ်ဗျာ… ရွှေချထားရမယ့် လက်ဗျာ..”

“ဟော့ကောင်တွေ သဒ္ဒါပျက်လောက်အောင်တော့ မဖော်ကြနဲ့… ကဲ ဘယ်မှာ သောက်ချင်လဲ ပြော…”

“အား.. လန်းတယ်ဗျာ.. ခါတိုင်းလို ကန်စွန်းပလိန်း ကောင်းတဲ့ဆိုင် ရွေးစရာ မလိုတော့ဘူးပေါ့… ဟီး.. ဟီး… ဒါဆို Sakura အပေါ်ဆုံးထပ်က သီရိပစ္စယာမှာ တက်သောက်မယ်… ဖြစ်တယ်မဟုတ်လား”

“အဲဒီ ထက် မြင့်ချင်သေးလား… ဟယ်လီကော့ပတာ ငှားလို့ရရင်

ဌားလိုက်… လေပေါ်တက်သောက်မယ်”

“တော်ပါပြီ ဆရာသမားရယ်.. ကိုယ့်ဆရာသမားရဲ့ ဘချလာနိုက်ကျမှ အဲဒီ လို ကဲပါတော့မယ်…”

“အေးပေါ့ ဩရသရာ… ငါတို့ဘဂကိုက ဟယ်လီကော့ပတာ စီးဖို့ ကံမှ မပါတာ…”

“ထွန်းထွန်းဝင်း… မင်း ဘာစကားပြောတာလဲကွ… ငါ့ဆီလာတဲ့ မိတ်ဆက်စာတွေ ပိဿာချိန်နဲ့ ရောင်းစားလိုက်ရင်တောင် မင်း ဟယ်လီကော့ပတာ စီးလို့ရတယ်ကွ မှတ်ထား”

“အေး… အခိပ္ပါယ်ကောက် မလွဲပါနဲ့ ကိုစိုင်းရာ… ကျွန်တော် ဟယ်လီကော့ပတာ မစီးရဲလို့ ပြောတာပါ… ဟဲ ဟဲ… ကားဆရာအစ်ကိုကြီး ဆာကူရာဘက်ကို ပြန်ပတ်ပေးပါဗျာ”

အထာနပ်ပြီးသား ကားဆရာ ကိုဌေးက ကွမ်းတမြုံ့မြုံ့.. တပြုံးပြုံး။

*

စိုင်းလားရှိုးသည် ဘာကိုမှ အတေးအမှတ် မထားတတ်သူ ဆိုပေမယ့်လည်း ပညာလေးတော့ ပေးလိုက်ချင်ပုံ ရသည်။ ကားပေါ်မှ ဆင်းတော့ ထွန်းထွန်းဝင်းကို ပိုက်ဆံထည့်ထားသော ကြွပ်ကြွပ်အိတ် ဆွဲခိုင်း၏ ။

အလွန်တရာ ယောက်ျားပီသသော ပိန်ချိကုန်းကွ ထွန်းထွန်းဝင်း မနိုင်မနင်းနှင့် Sakura အတက် လှေကားပေါ်မှာ သူ့လက်ထဲ ကိုင်ထားသော သံလွင်ဆီဗူးလေး ပြုတ်ကျသွားတော့သည်။

စက္ကူအိတ်ထဲမှ ခုန်ထွက်ကျလာသော သံလွင်ဆီဗူးလေးကို စိုင်းလားရှိုးက ငုံ့ကြည့်၏။ သံဗူးနီနီလှလှလေးက သပ်သပ်ရပ်ရပ်...

"ဩရသ... ပိုက်ဆံအိတ် ခဏယူ... ရော့... ငါ ကောက်လိုက်ဦးမယ်"

သူလို ငအူကများ လူကိုလာထူချင်နေသေးသည်။ ပိုက်ဆံအိတ်လေးလွှန်းသောကြော့် ညာဆွဲခိုင်းဖို့ ကြိုးစားမှန်း ဩရသက သိပြီး နပ်ပြီးသား...

"ရတယ်... ငါကောက်ခဲ့မယ် သွား... ဆက်သွား"

ပါးစပ်တလှုပ်လှုပ်နှင့် ပစ်ပစ်နှစ်နှစ် ကျိတ်ဆဲနေမှန်း သိလျက် ဩရသ သံလွင်ဆီဗူးလေးကို လှမ်းကောက်ယူလိုက်၏။

"ဟော့ကောင်... ဘာဗူးလေးလဲကွ"

သံဗူးအနီလှလှလေးအပေါ် စိုင်းလားရှိုးရဲ့ စူးဝင်းနေသော မျက်လုံးများကြောင့် ဩရသ တစ်ခုခု ကြပ်ဖို့ စိတ်ကူးဝင်လာ၏။

"အား... ပြောချင်ပါဘူးဗျာ..."

တကယ်လည်း ရုတ်တရက်ဆိုတော့ ဘာပြော၍ ပြောရမည်လဲ စဉ်းစားမရသေးပါ...။

"မပြောချင်လည်း နေကွာ... အေး.... ဂရေ့... သောက်ချင်လှပြီ... ခွီး... ခရီး.. ရီး... အေ့"

အသက်ထွက်ခါနီး လူမမာတစ်ယောက် အောက်စီဂျင် အရနည်းလို့ ဖုတ်လိုက် ဖုတ်လိုက် အနေရခက်နေသလို စိုင်းလားရှိုး အနေခက်နေပြီမို့ ပြင်ပ ဗာဟီရကိစ္စတွေအတွက် စိတ်က သိပ်မရှည်ချင်။

တအေ့အေ့နှင့် လေချဉ်တွေ တက်ကာ ခန္ဓာကိုယ်ထဲမှ သွေးကြောမျှင်မျှင်လေးတွေကအစ အရက်ကို သရဲမရဲ တောင့်တနေကြပြီ မဟုတ်လား။

သူ့ထုံးစံအတိုင်း ဇောချွေးပျံနေသော ပူဖောင်းဖောင်း... ဖောသွပ်သွပ် မျက်နှာကြီးကို မသတ်ဘဲ လေယာဉ်ကွင်းလို ပြောင်ရှင်းနေသော ငယ်ထိပ်ကြီးကို ဖွဖွလေး ပွတ်သပ်ချော့မူ စိတ်ဖြေနေ၏။

OK...၊ သြရသခေါင်းထဲ ဖျတ်ကနဲ မီးလင်းသွား၏။

"ကိုစိုင်းကလဲဗျာ... ဒေါသချည့်ပဲ... ပြောချင်လွန်းလို့ စကားပလ္လင်ခံနေတာပါ ဟဲ ဟဲ"

"အဲ့... ဂရဲ့.. ခွီး... ခရီး.... အီး"

သြရသ ကိုစိုင်းရဲ ကျောကိုဖိပေးရင်း သီရိပစ္စယာရှိရာ အထပ်နှစ်ဆယ်သို့ အမြန်ဆုံး တက်နိုင်ရန် ဓာတ်လှေကားခေါ်လိုက်၏။

*

ဆယ်လူကော့တစ်လို အသက်ကယ်ဆေး ထိုးလိုက်လျှင် လူမမာ ချက်ချင်း ထထိုင်နိုင်သည်ဟု မကြားဖူးသော်လည်း ဘီယာသံဗူးတစ်ဗူး ဗိုက်ထဲ ဝင်သွားသည်နှင့် မျက်ရည်ဂဲကော ဇောချွေးပျံနေသော စိုင်းလားရှိုး မျက်နှာကြီး လန်းဆန်းပြုံးရွှင်လာသည်ကိုတော့ မျက်မြင်ဒိဋ္ဌ တွေ့ဖူးရပြီ။

"အေ့... ခုမှ နေသာထိုင်သာ နည်းနည်းရှိလာတော့တယ်...ကဲ ဟော့ကောင်တွေ ကိုယ့်စိတ်နဲ့ကိုယ့်သဘော စိတ်ကြိုက်ကစ်... ကိုဒွေး လုပ်လေဗျာ.. ပျော်ပျော်ပါးပါး ကဲကြစမ်း... ချ"

"ကိုစိုင်းတို့ လျှမ်ပြီဆို ကြောက်ရတယ်... ကြိုတင်ငွေ ဘယ်လောက် ထုတ်လာတာလဲ... လက်မောင်းကို ပြုတ်ထွက်မတတ်ဘဲဗျာ"

"ငါးဆယ်တည်းပါကွာ.. ငါ အရင်ကလို ကြိုတင်ငွေ အများကြီး ထုတ်မထားတော့ဘူး... ရှင်းစရာ ရှိတာလေးတွေ ရှင်းပေးဖို့လောက်ပဲ"

"ဟီး... ဟီး... ကိုစိုင်း ဒါဆို ကျွန်တော့်ကားခလေးများ နည်းနည်းပါးပါးလောက် ရှင်းပေးလို့ ရမလား မသိဘူး... ဒီလထဲ ကားပြင်ရတာ များလို့ ဟဲ... ဟဲ"

"ပြောစရာလား ကိုဒွေးရာ... ဟော့ကောင် ထွန်းထွန်းဝင်း နှစ်အုပ် ထုတ်ပေးလိုက်... ပိုတာလိုတာ ကိုဒွေး ကိုယ့်ဘာသာ ကိုယ်မှတ်ထား... ဩရသ ချီးဗက်ခ် တစ်ပုလင်း မှာကွာ... ဘီယာက ရေငတ်ပြေလောက်ပဲ ကောင်းတယ်"

လူမိုက်နှင့်ငွေ အတူမနေ... ရှိလျှင် အံ့ဩလောက်အောင် လက်ဖွာလွန်း၍ မရှိလျှင် လူတကာကို ရှေ့မကြည့် နောက်မကြည့် နှိပ်စက်တတ်သော ပန်းချီ စိုင်းလားရှိုးသည် Sakura Tower အပေါ်ဆုံးထပ် မှန်ရှည်ပြတင်းကြီးတို့မှတစ်ဆင့် ရန်ကုန်မြို့ကြီးကို ဇောတိက စည်းစိမ်နှင့် ပီတိတဝေဝေ ငေးကြည့်နေပါသည်။

ဩရသက ထွန်းထွန်းဝင်းကို မျက်စိလှစ်ကနဲ မှိတ်ပြ၍ စက္ကူအိတ်လေးထဲမှ သံလွင်ဆီဗူးကို ထုတ်လိုက်ရင်း...

"ဟော့ကောင်... သိပ်လည်း ဖဲမနေနဲ့ဦး... မင်းအဘိုးကြီးဆီ ဒါ သွားပို့ရဦးမယ် မဟုတ်လား"

လောကစည်းစိမ်ကို အပြည့်အဝ ခံစားနေသော စိုင်းလားရှိုးရဲ့ ရီဝေဝေ အကြည့်က စားပွဲပေါ် ဂလောက်နဲ တင်လိုက်သော သံလွင်ဆီဗူး နီနီလှလှလေးထံ ဝေ့ဝဲရောက်ရှိလာသည်။

"ဘာတွေ အရေးကြီးနေတာလဲ... အာရုံနောက်တဲ့ကောင်တွေပဲ"

"ဟာ.. အဲဒါပေ့ါ ကိုစိုင်းရာ မပြောချင်ပါဘူး... ဒီကောင့်အဖိုးကြီးလေ ပင်စင်ယူပြီး ပဲပိုများလားလို့... ကြည့်လိုက်တော့လဲ ပဲများစရာဆိုလို့ သူ့အဖွားကြီးပဲ

ရှိတဲ့ဟာကို… ကိုယ့်မိန်းမကို လိုက်ပြန်ပဲပေးပြီး ပွားနေလို့ ဟား… ဟား”

“င့ါအဖေက မင်းအဖေလို ဂေါ်လီမှ မဟုတ်တာ”

“ဂေါ်မစွံတာပါကွာ…င့ါအဖေက အနုပညာသမားလေ ဟား… ဟား… ဟား”

“အေး… ဒါတော့ ဟုတ်တယ် ငါတို့ဆရာကြီး ငယ်ငယ်ကတည်းကကို စန်းပွင့်တာကွ၊ လုပ်စမ်းပါဦး ထွန်းထွန်းဝင်းအဖေက ဘာတွေ ပဲများနေလို့လဲ”

ဂွင်ကတော့ ဝင်လာပြီ။

ကာလံ ဒေသံ၊ အချိန်အခါ နေရာဒေသကတော့ ကွက်တိ။ ကြိုတင်ငွေ အထုပ်လိုက် အထည်လိုက်နှင့် စိတ်လက်ပေ့ါပါး ကြည်လင်နေချိန်။

ဝိတာလေး အဆင်သင့်ရောစပ် ငှဲ့ပေးထားသော ချီဗက်စ်ကို တစိမ့်စိမ့် ဖိမ်ခံသောက်ရင်း မိန့်မိန့်ကြီး ပြုံးနေသော စိုင်းလားရှိုးသည် လောကကြီးကို အပေါ်စီးမှ ဘဝင်ကိုင် ဖိမ်ခံကြည့်နေ၏ ။

“ဒါ… ဆံပင်ပေါက်ဆေးလေ… ဂျပန်ကကို အသဲအသန် မှာထားတာ… အခု ကျွန်တော်တို့ DHL ရုံးခန်းကနေ သွားထုတ်လာတာ”

တမြေ့မြေ့ ဖိမ်ဆွဲသောက်နေသော ခွက်ကို ဂွပ်ခနဲ မော့ချလိုက်ပြီး စားပွဲပေါ်သို့ ဖန်ခွက်ကို အလောတကြီး ဆောင့်ချလိုက်၏ ။ တဟွတ်ဟွတ်နှင့် သီးသွား၍ ထွက်လာသော မျက်ရည်စတို့ကိုပင် မသုတ်နိုင်အားပါ…။

ဂျစ်ပစီတွေ ဗေဒင်ဟောသော ဖန်လုံးကြီးထဲတွင် ကိုယ့်အနာဂတ်လှလှကို မြင်လိုက်ရသော သူတစ်ယောက်ရဲ့ ကျေနပ်ကြည်နူး အံ့သြကြည့်မျိုးဖြင့် စိုင်းလားရှိုးသည် သံလွင်ဆီဗူးလေးကို တရှိုက်မတ်မတ် ငေးကြည့်လာ၏ ။

“ဒါ ဆံပင်ပေါက်ဆေး…”

တုန်ယဲ့သောအသံသည် အဝေးကြီးမှ မောပန်းစွာ ခရီးနှင်လာရသည့်နှယ်...။

"ဟုတ်တယ် ကိုစိုင်း... သူ့အဖေ ထိပ်ပြောင်လာလို့ သူ့သမက်ကို လှမ်းမှာထားတာ... ဘယ်လောက်အသဲအသန် ဖြစ်နေသလဲဆိုရင် DHL နဲ့ ပို့ပေးလိုက်မယ်လို့ ဖုန်းလာတာနဲ့ အိတ်အရောက် လာပို့ပေးတာကိုတောင် မစောင့်ဘူး... ကျွန်တော်တို့ကို နေ့တိုင်း အဲဒီ ရုံးချုပ်ကို သွားမေးခိုင်းနေတာဗျာ... ဒီနေ့ ရလာလို့.."

စိုင်းလားရှိုးသည် သူ၏ ပြောင်တင်းဝင်းဖန့်သော နဖူးကို ပွတ်လျက် သွားရည်တမြားမြား ကျမတတ် သံလွင်ဆီဗူးကို ဝင်းဝင်းတောက် ငေးကြည့်နေပြီး...

"တကယ်စွမ်းလား"

"အား.. လက်တွေ့စွမ်းလို့ အဖိုးကြီး အသဲအသန် ဖြစ်နေတာပေါ့ ကိုစိုင်းရာ... ကျွန်တော်တို့ ဘေးအိမ်က ဦးအောင်အောင်တင့်ကြီး ထိပ်ပြောင်နေတာ ငယ်ငယ်ကတည်းကဗျ... အအခု အမောက်တွေ ဘာတွေတောင် Gel နဲ့ ထောင်လို့... အဖိုးကြီးက အဲဒီ ဦးအောင်တင့်ကြီးကို သွားမေးပြီး သူ့သမက်ကို လှမ်းမှာတာ"

"ဦးအောင်တင့်ကြီးပြေတာတော့ ပထမတစ်ရက် စလိမ်းလိုက်တယ်ဆိုတာနဲ့ မနက်ကျတော့ အညှောင့်ထွက်လာတဲ့ စပါးပင်လေးတွေလို စိမ်းတက်လာတာပဲတဲ့...။ ဒုတိယ ရက်ကျတော့ လက်တစ်ဆစ်လောက် သိသိသာသာ တက်လာတာပဲတဲ့..."

"ဟုတ်လားကွ"

"တစ်ဗူးမကုန်ဘူး တစ်ဝက်နဲ့ အမောက်ကို ထောင်လို့တဲ့ အံ့ရော... အဲဒါ ကျွန်တော်တို့ မျက်မြင်ပဲ... နော် ဩရသ"

"ဟုတ်တယ် ဦးအောင်အောင်တင့်ကြီး အမောက်တလူလူနဲ့ဗျ"

စိုင်းလားရှိုးရဲ့ ထူပိန်းပိန်း မျက်နှာကြီးပေါ် ပါးလှပ်လှပ် အပြုံးက လျှပ်စီးလက်လိုက်သလို လှစ်ကနဲ…

"ဟော့ကောင် ထွန်းထွန်းဝင်း…။ မင်းအကြောင်းတွေ တက်သေးလား မာဆက်ကောင်းကောင်း တွေ့ထားတယ်"

"ကျွန်တော် မနက် မနက် ထပြေးတာ တော်တော် ထိရောက်တယ် အကြောတက်တာ လုံးဝ ပျောက်သွားတာပဲ… ကိုစိုင်းလည်း ထပြေးကြည့်၊ အမြဲတမ်း အညောင်းထိုင်နေရတာ ကျန်းမာရေးအရ ကြာရင် ဂိမယ်"

"ကာရာအိုကေလေး ဘာလေး သွားဟဲဦးမလား"

"တော်ပါပြီ ကိုစိုင်းရာ… သန်လျင်အိမ်ပြန်ပြီး ဒါလေး သွားပို့ရဦးမယ်"

"အဟမ်း ဟမ်း… ဩရသ ငါ့ကို ရှေ့အပတ်ကျရင် MRTV-4 က လာဗျူးမလို့တဲ့… အဲဒီ ဆေးမျိုး လိုက်ရှာပေးပါလား"

"ဟာ… ကိုစိုင်းကလဲ…. ဒီကောင့်အဖိုးကြီး ဦးအောင်အောင်တင့်ကြီးဆီကနေ ဘူး Sample ယူပြီး ကျွန်တော်တို့ကို လိုက်ရှာခိုင်းတာ ရန်ကုန်မှာ ရှိရှိသမျှ ဆေးဆိုင် ကုန်ပါရောလား…. မူးနောက်နေတာပဲ… ဘယ်မှာမှ ဝယ်မရလို့ ဦးအောင်တင့်ကြီးကို ဂျပန်ကနေ လှမ်းမှာရတာ … သူ့သားမက်ကို သူ တည့်တာ မဟုတ်ဘူး။ ဒီဆေးကြောင့် အခေါ်အပြော လှမ်းလုပ်ရတာ "

"ဟာကွာ… မင်းက လက်ရုံးရည် နှလုံးရည် ပြည့်စုံတဲ့ သူပါ ဩရသရာ… ငါ အစအဆုံး ပြောပြရမှာလား"

တကယ့်ကမ္ဘာ့လူလည်ကြီး ကိုစိုင်းလားရှိုးပါ။

ကလိမ်ကကျစ် ဉာဏ်ကပါ ပါလာလိုက်သေးသည်။ ထွန်းထွန်းဝင်းထံမှ ပြောမရလျှင် လုခိုင်းသည့်သဘော… ဩရသဆိုသည့် ကောင်ကလည်း ချက်ဆို

နားခွက်က မီးတောက်ပြီးသား..။

“ဟော့ကောင် ထွန်းထွန်းဝင်း...”

ဩရသက စိုင်းလားရှိုး ကျေနပ်လောက်မည့် လေသံမျိုးနှင့် ခပ်မာမာ ဟောက်လိုက်၏ ။

“ဘာလဲကွ”

ထွန်းထွန်းဝင်းကလည်း မခေ။ ခပ်ထန်ထန် ထည့်ပြန်သည်။

“မင်းသေသေချာချာ စဉ်းစားစမ်း”

“ဘာကိုလဲ”

“မင်းကွာ... ငါတို့ရုပ်ပြလောကမှာ ကိုစိုင်းလိုလူကိုမှ မပူဇော်ရင် မင်းဘယ်သူ့ကို ပူဇော်မလဲကွာ”

ခြောက်လိုက် ချော့လိုက် နိမ့်လိုက် မြင့်လိုက် လေသံ Tone ကို ပညာသားပါ သုံး၍ ပြော၏ ။

“ဟ... ငါက ဘာကန့်ကွက် ငြင်းဆိုနေလို့လဲ”

“ဂမ်းသာလိုက်တာကွာ... ဒါဆို မင်းအဖေအတွက် ဆေးဘူးနဲ့ ကိုစိုင်းကို ကန်တော့တော့မယ်ပေါ့”

“အား... မဖြစ်ဘူး.... ဒါတော့ မဖြစ်နိုင်ဘူး”

“ဟာကွာ မင်းကလည်း ဘာ မဖြစ်နိုင်စရာ ရှိလို့လဲ... မင်းအဖေကို နောက်တစ်ခေါက်ကျမှ ပေးလိုက်ပေါ့... မင်းယောက်ဖကို ဖုန်းဆက် ထပ်မှာလို့ရတာပဲ”

“ဖုန်းနဲ့ ထပ်မှာလို့ကတော့ ရတာ ပေါ့ကွ... ဒါပေမယ့် မလွယ်ဘူး... မဖြစ်ပါဘူးကွာ... ငါလည်း ကိုစိုင်းကို ပူဇော်ချင်ပါတယ်”

"ဘာလဲ... မင်းအဖိုးကြီး မေးရင် မရောက်လာဘူးပေါ့... မင်းယောက္ခက မပို့သေးဘဲ ပို့လိုက်ပြီးလို့ ပြီးစလွယ် ဖြီးနေတယ်ပေါ့... ဖောလိုက်ပေါ့ကွာ... သားမက်နဲ့ ယောက္ခမဆိုတာ ဘယ်တုန်းက တည့်ကြလို့လဲ... မင်းယောက်ဖကို အပြစ်ပုံချလိုက်"

"အဲဒါကတော့ ဟုတ်တာပေါ့... ငါက Extension ပဲ ဆွဲလို့ရမှာ ပြန်မှာပေးရမှာပဲ... ပြန်မှာပေးဖို့ ဆိုတာက ဘယ်မလဲ ပိုက်ဆံ... မင်းက ကိုယ့်ပစ္စည်း ဟုတ်တိုင်း ဝယ်ပြီးသဒ္ဒါရှင်နေလိုက်တာ"

"ဩော်... ဒါလား.... ဟော့စိုင်းလားရှိုးကို ပိုက်ဆံနဲ့ ပတ်သက်ပြီးတော့ ဘယ်တော့မှ လာမဆွနဲ့ ထွန်းထွန်းဝင်း မင်းဆေး ဘယ်လောက်ကျမလဲ ပြော..."

"အင်း... မြန်မာငွေနဲ့ဆိုရင် ခုနှစ်သောင်းခွဲနဲ့ ရှစ်သောင်း ကြားပေါ့ ကိုစိုင်းရာ... ဒါကြောင့်ပါဗျာ... ဟိုကောင်က အလျူလက်ဖက်နဲ့ မျက်နှာလုပ်နေသေးတယ်"

"ဒီလောက်များကွာ... ဟော့ကောင် ထွန်းထွန်းဝင်း... ကြွပ်ကြွပ်အိတ်ထဲက တစ်အုပ်ထုတ်ယူလိုက်.... မင်းယောကဖကို အခုပဲ ချက်ချင်း ပြန်လှမ်းမှာလိုက် ရော့.... ဖုန်းဆက်... Over Sea Call လည်း ပြဿနာမရှိဘူး"

ခိုင်သွားပြီ...။ ဩရသနှင့် ထွန်းထွန်းဝင်းတို့ စိတ်ထဲ ရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းထဲက ညောင်ရေးအိုးမှ ဂျွမ်းထိုးကောင်လို ဂျွမ်းတွေ ပစ်ထိုးနေကြပြီ.... ပွပြီကွ...။

"ကျွန်တော်က ... ကိုယ့်ဆရာသမားကို ကိုယ့်ပိုက်ဆံနဲ့ ကိုယ် ဝယ်ကန်တော့ချင်တာပါ"

"ဒီလောက်မလိုပါဘူးကွာ... အခုလို ပေးလိုက်တာကိုပဲ ကျေးဇူးတင်လှပြီ... ငါ နောက်ထပ် ဆိုင်လည်း မကူးတော့ဘူး... ကစ်ပြီးရင် လစ်မယ်.. အိမ်ရောက်ရင် ရေမိုးချိုးပြီး လိမ်းထားလိုက်တော့မယ်...

နောက်အပတ်ကို အမီပေါက်မှ ဖြစ်မှာကွ ဟီး ဟီး”

ကျေးဇူးကြီးမားလှပါသော သံလွင်ဆီဘူးလေးပါ။

လက်ငွေ့ရှင်နေလျှင် တစ်ဆိုင်ပြီးတစ်ဆိုင် ပြောင်းသောက်၊ ပြဿနာရှာလေ့ရှိသော ဆရာစိုင်းလားရှိုး၊ ခုတော့ ချက်ချင်းလက်ငင်း သံဝေဂ ရသွားပုံရသည်။

အိမ်ကို တန်းတန်းမတ်မတ် ပြန်မည်တဲ့…။

*

စိုင်းလားရှိုးက ထွန်းထွန်းဝင်း စိတ်ပြောင်း၊ ပြန်တောင်းမှာစိုးလို့ လစ်ပြေးချင်သလို သူတို့ကလည်း အလိမ်မပေါ်ခင် ခွာပြေးချင်သည်မို့ အဆင်ကို ပြေလို့…။

ဆန့်ကျင်ရာနှစ်ဖက်သို့ အမြန်ဆုံး အဝေးဆုံး လမ်းခွဲခဲ့ကြသည်။

“ဒီနေ့ မင်းပါလို့…. ငါ မနက်ဖြန်ကျမှ မိသံလွင်လေးဆီ ထပ်လစ်ဦးမယ်”

“ဘာ… ဘယ်က မိသံလွင်လဲ”

“ဟဲ… ဟဲ… သံလွင်ဆီဝယ်ရင်းနဲ့ ငြိတွယ်ခဲ့ရလို့ ငါ့စိတ်ကူးနဲ့ငါ မိသံလွင်လို့ ပေးလိုက်တယ်… ဟဲ ဟဲ… မိုက်တယ်နော်”

“အေး… စီထဲ ပျစ်ချွဲချွဲကြီး မြင်ယောင်လာတယ်”

“အား.. .မင်းအဖေလင်ကြီးလာကွ”

“ဟား… ဟား… ကဲ ဟော့ကောင် ကားငှားပြန်မယ်ကွာ… ဦးနှောက်ကို

အလုပ်ပေးလိုက်ရလို့ ပင်ပန်းသွားပြီ… အင်း… ကိုစိုင်းလိုလူမျိုး ဆယ်ယောက်လောက်ရှိရင် ဘယ်လောက် ကောင်းမလဲကွာ”

ကားငှားဖို့ ရှေ့ကို မျှော်ကြည့်လိုက်စဉ် သူ့ရှေ့ မလှမ်းမကမ်းမှ ကောင်လေးတစ်ယောက် တယ်ရီယာ ခွေးပုကလေး ဆွဲလာတာမြင်တော့ သန်လျင်အိမ်မှာ စနူပီကို သတိရမိသည်။ စနူပီလေးကို ယူလာတုန်းက ဖေဖေ ဆူပူသောင်းကျန်းခဲ့သည်။ စနူပီကလည်း ခွေးပေါက်စပီသစွာ အိမ်ထဲမှာ တအီအီ တအိုင်အိုင်နှင့် သံစုံသီကြွေး ဂျီကျရုံနှင့် အားမရ။ ပါးစပ် လှမ်းမီသမျှ ကိုက်ဖဲ့ဖျက်ဆီး အစွမ်းပြလိုက်သေး၏။

ဖေဖေက သူ့တပည့် ကာတွန်းတူးတူးအိမ် သွားပို့ဖို့ လိုက်ဖမ်းကတည်းက ဘုရားစင်အနောက် အုတ်နံရံကြား ပြေးပုန်းကာ မထွက်လာတော့…။ အော်လည်း အော်မနေတော့… မေမေနှင့် သူက အတင်းတောင်းပန် ဝင်တား၍ ဖေဖေ တစ်ထစ်လျော့၏။ ပစ္စည်းတွေ ကိုက်လို့ကတော့ မထားနိုင်ဘူး ဆိုကတည်းက စနူပီကာဆို ဘာမျှ မကိုက်တော့…။

အခုတော့ သူတို့သားအမိတွေထက် စနူပီကို ပိုချစ်သည်ဟု ဖေဖေက လူတိုင်းကို ပြောလေ့ ရှိပါသည်။ သူရေးသမျှ ကာတွန်းတွေ ဆောင်းပါးတွေထဲမှာ မပါမဖြစ် ဇာတ်လိုက်ကျော် ဖြစ်နေပြီ။

“ငါကွာ… စနူပီလေးကို လွမ်းလိုက်တာ”

“အမေကျော် ဒွေးတော်လွမ်းတယ် ဆိုတာ ဒါပဲကွ… ဒီဘဂ အဖေ အမေကိုကျတော့ မလွမ်းဘဲ… ဟိုဘဂက အဖေကိုမှ လွမ်းတယ်လို့ ဟား… ဟား”

“ငါက ခွေးချစ်တာကိုး… တောက်… လှလိုက်တာကွာ… စနူပီ အရောင်အသွေးပဲ”

ဩရသ ခွေးလေးကို မက်မက်မောမော ငေးကြည့်ရင်း လိုချင်စိတ်တွေ များလာသည်။ ခွေးနှင့် ကောင်လေးက သူ့ရှေ့ တည့်တည့်သို့ ရောက်လာပြီမို့…

“ညီလေး… ဘယ်လောက်ပေးခဲ့ရသလဲကွ”

“ဗျာ”

“ခွေးလေး ဝယ်လာတာ မဟုတ်လား.. ဘယ်လောက်ပေးခဲ့ရလဲလို့”

“ဝယ်လာတာ မဟုတ်ဘူး အစ်ကို ရောင်းဖို့ပါ”

“ဟား… တကယ်လား ဘယ်လောက်နဲ့ ရောင်းမှာလဲ”

“တစ်သောင်း”

ပက်ပက်စက်စက် တန်သည်။ မျိုးစပ်ခွေးများကိုတောင် တစ်လခွဲသားပေါက် တစ်ကောင်ကို အနည်းဆုံး သုံးသောင်း အောက်ရောင်းနေကြတာ…။ အခု ဒီခွေးလေးက တယ်ရီယာမျိုးစစ်…

တစ်ခုပဲ ပြောစရာရှိသည်။ ကြီးမှ ဝယ်ရတာ နို့ခွဲခါစ ဝယ်ရခြင်းလောက် မကောင်း… သူ့ဘဝ History ကို ခရေစေ့တွင်းကျ မသိခဲ့ရ၍ ကိုင်ရတွယ်ရ ခက်သည်။ ဒါပေမယ့် ဒီကောင် ရှိလှမှ တစ်နှစ်မပြည့်သေးပါ။ သွားတွေ အစွယ်တွေကို စစ်ကြည့်လိုက်လျှင် သိနိုင်သည်။

“တစ်သောင်း ဟုတ်လား ညီလေး… ဒါဆို ကိုယ် ဝယ်မယ်”

“ဩရသ ခိုးရောင်းတာတွေ ဘာတွေ ဖြစ်နေဦးမယ်”

“အား… မဟုတ်ပါဘူးဗျ.. ကျွန်တော့်ခွေးပါ”

“လက်မှာရှိတော့ လက်မြှောင်ဆိုတာပေါ့ကွာ၊ မင်းကြိုးဆွဲလာတော့ မင်းခွေးပေါ့ ဟုတ်လား ဟား… ဟား”

“ဟာ.. ဘာဖြစ်ဖြစ် ဝယ်မယ်ကွ… ကိုယ့် ခိုးတာမှ မဟုတ်တာ… ကဲ ဟော့ကောင် ပိုက်ဆံထုတ်ပေးလိုက်…”

“မင်းပိုက်ဆံနဲ့ မင်းဝယ်ပါလားကွ”

“အောင်မာ… အောင်မာ… ဟော့ကောင် ဒီပိုက်ဆံက ဘယ်သူ
အိုက်ဒီယာနဲ့ ရလာတာလဲ… မင်း အဲဒီ လို ကတ်သတ်နေရင် ခွဲသုံးမယ်
တစ်ယောက်တစ်ဝက်ပဲ ပေး… ငါးသောင်း၊ ညီလေး ခဏနော်… ပေးမယ် သိလား”

“အေး… အဲဒါ ကောင်းတယ်… မင်းက ကိုစိုင်းခြေရာ နင်းတဲ့ကောင်…”

“လောလောဆယ် တစ်သောင်း အရင်ထုတ်ပေးလိုက်”

စဉ်းစားကြည့်လျှင် ရယ်စရာ…။ သူတို့ ကလိမ်ကကျစ် ကျလာသည့် ပိုက်ဆံနှင့် ခိုးလာသည့် ခွေးတစ်ကောင် အဖတ်တင်ပြီ။

ကောင်လေးက ပိုက်ဆံရတာ နှင့် လစ်ပြီ… သူတို့လည်း လစ်မှ။ ဒီနေ့ ကြုံပဲ ကြုံရတတ်တော့သည်။

“ဟော့ကောင် ကားငှား… ကားငှားတာ မင်းဝေစုထဲကနော်…. မင်းခွေးကြောင့် ငှားရတာ ”

ဩရသ ခွေးလေးကို ကောက်ပွေ့လိုက်တော့ ခွေးလေးက သူ့ကို သခင်အဖြစ် အသိအမှတ် ပြု၏ ။ ဩရသလက်တွေကို လျှာလေးနှင့် လျက်နေသည်။

“ထွန်းထွန်းဝင်း မင်း တော်တော်ချစ်တီးကျတဲ့ကောင် အဲဒီ လိုဆိုလည်း ရတယ်လေ… ကားခ တစ်ယောက်တစ်ဝက်။ သံလွင်ဆီဖိုးလည်း ငါ တစ်ဝက်မျှခံပေးပါ့မယ်”

“မင်း စာတတ်လာပြီ… ဒီလိုမှပေါ့ကွ”

“အေး.. သွားဝယ်ရင်လည်း ငါ အတူတူလိုက်ပြီး ဒုက္ခမျှခံပါ့မယ်… ဘာမဆို သာတူညီမျှပေါ့”

“ရတယ်… မလိုက်နဲ့ ငါ တစ်ယောက်တည်း သွားမယ်”

“Half By Half ပဲ”

“သေလိုက်လေ… ကောင်မလေးတွေက မင်းကိုဆို လျှော်ကြတယ်… ငါ အငုပ်မခံနိုင်ဘူးကွ”

“ကဲ… ဒါဆို ကားငှား”

“သေချင်းဆိုး…”

*

## အခန်း(၂)

ဩရသသည် ကာတွန်းစံရွှေမြင့်၏ သားအကြီးဆုံးဖြစ်၍ ကျောင်းပြီးကတည်းက ဩရသ ဟူသော ကလောင်အမည်နှင့်ပင် ရုပ်ပြစာအုပ်ရေး၏။ အဖေ့ဓာတ်လမ်း အဖေ့အရှိန်ကြောင့် အတော်အသင့် ပရိသတ်လက်ခံသော ပန်းချီဆရာ ဖြစ်လာခဲ့ပါပြီ။

ဩရသ၏ အဒေါ် ဖေဖေ့ညီမ အငယ်ဆုံး ပိုပိုတို့ မိသားစု နယ်သာလန်နိုင်ငံသို့ သွားနေရခြင်းသည် လူငယ်ပီပီ လွတ်လွတ်လပ်လပ် နေချင်သော ဩရသအဖို့ ရေငတ်တုန်း ရေတွင်းထဲကျသည်ထက် အဆင်ပြေလွန်းစွာ ရန်ကုန်မြို့လယ်ခေါင် ရေကျော်လမ်းမကြီးပေါ် ရေကန်အသင့် ကြာအသင့် ဖြစ်ခဲ့ရလေသည်။

အိမ်ထောင်ပရိဘောဂ အစုံနှင့် နတ်ဘုံနတ်နန်း ရောက်နေရသလိုပါပဲ...။ သူကိုယ်တိုင် ထင်တိုင်းကြဲနေနိုင်သလို... ပန်းချီဆရာများ အပေါင်းအသင်းများအတွက်လည်း သာလာယံဇရပ်တစ်ခုလို ဝင်ချင်ဝင် ထွက်ချင်ထွက် အခမဲ့ တည်းခိုခန်းတစ်ခုပါပဲ။

ဩရသသည် အဖေ့ရှေ့၌ ဆေးလိပ်ပင် မသောကတတ်လောက်အောင် ရိုးသားရှာသော်လည်း နောက်ကွယ်တွင် လူငယ်တို့တတ်အပ်သော အဌာရသ တစ်ဆယ့်ရှစ်ရပ်ကို အလုံးစုံ ပညာကုန် ကျွမ်းကျင်စွာ တတ်မြောက်သည်။

အနုပညာသမားမို့ အဖေဖြစ်သူ ဦးစံရွှေမြင့်ကလည်း သိသာသိစေ၊ မမြင်စေနှင့် သဘောထားကာ သူ့အပေါ် ရိုသေသောသားနှင့်

လူငယ်ပန်းချီဆရာများအပေါ် ခွင့်လွှတ်နားလည်ပေးထား၏။

အမတေ ရှိရာ အမတေ စုသည်မှာလည်း မင်္ဂလာတစ်ပါး ဖြစ်သည်ဆိုရမည်ကာ ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်) သည် ဩရသနှင့် တစ်မြို့တည်း တစ်ရပ်ကွက်တည်း ဖြစ်ကြ၍ တစ်ကျောင်းတည်းထွက်များလည်း ဖြစ်ကြသည်။

ထွန်းထွန်းဝင်း သာယာလံနန်းသို့ မြန်းခဲ့ရသည့် အကြောင်းကတော့ အနုပညာဆန်ဆန် သင်းသင်းပျံ့ပျံ့...။

မောင်နှမများသော သူတို့မိသားစုထဲတွင် ထွန်းထွန်းဝင်းအထက် နှစ်ယောက်ခြား အစ်ကိုနှင့် ထွန်းထွန်းဝင်းသာ ယောကျ်ားလေး ပါသဖြင့် ငယ်ငယ်ကတည်းက သူတို့နှစ်ယောက် ရွှေထီးဆောင်းခဲ့ကြရ၏။ သူ့အစ်ကို၏ လျှမ်းလျှမ်းတောက် နေ့ရက်များကို အရက်က ဖျက်ဆီး အရည်ကျိုသောက်လိုက်၍ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့ရ၏။

ထို့ကြောင့် သေရည်သေရက်သည် သူတို့မိသားစု၏ အကြီးမားဆုံး ဘုံရန်သူ ဖြစ်၏။ အရက်ပော့ဆိုလျှင် တစ်အိမ်သားလုံး အသံမကြားချင် အနံ့မခံချင်ကြ။

ထွန်းထွန်းဝင်းကျတော့ အိမ်သားတွေနှင့် ဆန့်ကျင်ဘက် အနံ့ရော အရသာကိုပါ ကြိုက်သည်။ မကြာခဏ ခိုးသောက်တတ်၏။

ကံများ ဆိုးချင်တော့ သောက်နေကျ လစ်မစ်ထက် နည်းနည်း ပိုများသွားသည့် ညက အိပ်ရာထဲ သေးထွက်ခဲ့၍ သိကုန်ကြတော့ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ဆိုပြီး ဩရသထံ သောင်လာတင်နေတော့သည်။

လွတ်လပ်နယ်မြေတွင် ပြန်လည်ဆုံဆည်းမိကြသော ဝါသနာတူ ငယ်သူငယ်ချင်းများ ဖြစ်ကြ၍ ဘယ်တစ်ဖက်နှင့် ညာတစ်ဖက်ပေါင်းမှ တစ်ရံဖြစ်ရသော ဖိနပ်လို ခွဲထားလို့ကို မရနိုင်တော့ပါ။

ရုပ်ပြလောကတွင် ကာတွန်းစံရွှေမြင့်ကို
လေးစားချစ်ခင်ကြသောကြောင့် ဩရသသည် ဘေးမဲ့ရနေ၏ ။

အနုပညာသမားဘဝသည် သာမန်လူများထက် ပို၍ အသွေးအရောင်
စုံလင်ပါသည်။ ဒုက္ခ၊ သုခ၊ ဒဏ်ရာဒဏ်ချက် အပြစ်အနာအဆာလည်း ပိုများ၏ ။

ရောင်စုံ ပန်းချီကားတစ်ချက်ကို ဆေးရောင်တစ်ရောင်တည်းနှင့်
ရေဆွဲ၍ မရပါ။

ရောင်စုံဆေးဗူးများစွာမှ ဆေးရောင်ပေါင်းစုံကို
အရောင်ကူးစက်ခြယ်မှုန်းပါမှ ဆေးရောင်စုံ ပန်းချီကားတစ်ချပ် ဖြစ်လာပါလိမ့်မည်။

ဩရသသည် အနုပညာဖြင့် ဘဝကို ရောင်စုံပန်းချီကားတစ်ချပ်လို
စိုပြေတောက်ပချင်ပါသည်။ ပျော်ရွှင်ရင်ခုန်စရာ ဆန့်ကျင်ဘက် မိန်းကလေးများကို
ရောင်စုံဆေးဗူးလေးများလို မြတ်နိုးတန်ဖိုးထားပါသည်။ ဟဲ ဟဲ ဟဲ။

ဖေဖေကတော့ မရှိကို အရှိလုပ်၊ တစ်ခါတလေ ဝင်ကစွပ်ကောင်လို
ခံစား၊ ဒေါသကို ဟာသလုပ်၊ ဝေဒနာကို အသပြာလုပ်နေရသည်ဟု
ပြောလေ့ရှိပါသည်။

အနုပညာကို အသွေးအသားထဲကကို မြတ်နိုးတတ်၍ ဝါသနာပါသော
အလုပ်နှင့်ပင် အသက်မွေးခွင့်ရသော ဘဝကို ဖန်တီးပေးခဲ့သော ဖေဖေ့ကို တစ်မျိုး
ကျေးဇူးတင်ပါသည်။

မိန်းကလေးများ ခါးခါးသီးသီး မငြင်းတဲ့ရုပ်ကို မွေးပေးခဲ့သော မေမေ့ကို
တစ်မျိုး ကျေးဇူးတင်ပါသည်။

အခုလို လွတ်လွတ်လပ်လပ် လူ၏ ဘဝကို အပြည့်အဝ
ပိုင်ဆိုင်ခွင့်ပေးခဲ့သော အဒေါ်ဖြစ်သူ ပိုပို့ကိုလည်း ကျေးဇူးတင်ပါသည်။
အကယ်ဒမီရသည့် သူတစ်ယောက်လို စဉ်းစားလို့ ခေါင်းထဲပေါ်သမျှ ကျေးဇူးတွေ

တင်ပစ်လိုက်ပါတော့သည်။

*

"ဘုန်း…"

"ဂိန်… ဂိန်… အိုင်.. အိုင်… ဝုတ်… ဂီး"

"အောင်မာ.. ခွေးမသား ခွေး.. မင်းကများ ငါ့ကို ပြန်ကိုက်ချင်သေးလို့လား… လာခဲ့.. အသာနီ လန်သွားအောင် ပြိုင်ကိုက်ပစ်လိုက်မယ်… လာ"

"ဝုတ်… ဝုတ်…"

"ဟေ့ကောင် ငြေ… ထစမ်း… မင်းခွေးကိုငါ အသေဖွဲ့ပစ်လိုက်တော့မယ်…"

ညဘက်များ၌ ဂရန်းသုန်းကား ဆူညံနေတတ်သလောက် မနက်ဘက်များ၌ အိမ်ရာမနိုးတတ်ကြ၍ ဒီအချိန် အမြဲတမ်း တိတ်ဆိတ်နေတတ်သော သာလာယံဇရပ်လို အခန်းထဲ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများဖြင့် ဆူညံစွာ နိုးထခဲ့ရပြီ။

မိန်းကလေးချောချော (ရွှက်ကြမ်းရေကျိုများပင် သိပ်မပါချင်) အပေါ်က လွဲလျက် စေတနာ မေတ္တာ ကရုဏာစိတ် ကုန်ခမ်းနေသော ထွန်းထွန်းဝင်း မနေ့ညနေက ဝယ်လာသော တယ်ရီလာခွေးပုလေးနှင့် စောစောစီးစီး စိန်ခေါ်ပွဲ နွှဲနေပြီ…။

"ဟေ့ကောင် ငါ ဒိုင်လူကြီးလုပ်ဖို့ ဝါသနာမပါဘူးကွ"

“ဘာ… ငါက ပေါက်လွတ်ပဲစား မင်းခွေးနဲ့ ပြိုင်ကိုက်ရမှာလား ခွေးသူခိုးရဲ့”

“သိဘူးလေကွာ… ပုဝါမကူ ရေမရျူဘဲ ရေကုန်ရေခမ်း စိန်ခေါ်နေသံကြားလို့”

ဩရသ အိပ်ရာမှ မထပါ။ ဒီကောင်ဘယ်လို ကြိမ်းဝါးနေပါစေ ပုရွက်ဆိတ် တစ်ကောင်ကိုပင် အသက်ထွက်အောင် မသတ်ရဲမှန်း သိနေပြီးသား။

တစ်ဖက်လှည့်၍ စောင်ခေါင်းမြီးခြုံကာ ပြန်နှပ်နေလိုက်၏ ။ ကောင်းခြင်းမင်္ဂလာ ပြည့်စုံစွာနှင့် လာဘ်ရွှင်နေသော အချိန်မှာ ရုပ်ဆင်းကြန်အင် လှပစွာ ရောက်လာသော ခွေးလေးမို့ ကြန်စုံလို့ နာမည်ပေးထားသော တယ်ရီယာလေးက ဩရသအသံ ကြားသည်နှင့် အခန်းထဲ ပြေးဝင်လာ၏ ။

ကုတင်ပေါ် ခုန်တက်ပြီး တအီအီ တအိုင်အိုင်နှင့် တိုးဝှေ့လူးလိမ့်နေသည်။ သဘောကတော့ သခင်ကို လတိုင်ခြင်းပေါ့..။

သူများအသက် မသတ်ရဲပေမယ့် မြင်သူအော့နှလုံးနာစရာ အိပ်ရာထ ရုပ်ကြမ်းကြီးနှင့် ဘာတွေ ဘယ်လောက် ဘယ်လို အနိုင်ကျင့်ထားသည် မသိ။ ဩရသ မနေသာတော့ပါ။ အိပ်ရာမှ လူးလဲထကာ ကြန်စုံကို ပွေ့၍ ထွက်ခဲ့သည်။

“ဟေ့ကောင်… မင်းခွေးလုပ်ပုံ လာကြည့်စမ်း… အေး… မင်းခွေးကိစ္စ မင်းပြန်ရှင်း… တောက် မင်း ပြန်မလုပ်ပေးလို့ကတော့ မင်းခွေး တုံးလုံးကြီး ဖြစ်သွားအောင် အမွေးတွေ ရိတ်ပစ်မယ်ကွ…. ဟွန်း”

ထွန်းထွန်းဝင်း အရောင်အဆင်း တောက်ပခြင်းမဲ့သော ညစ်ထပ်ထပ် သူ့ဆောင်ကြီးကို ရှုံ့မဲ့မဲ့ ကိုက်ကြည့်နေရင်း ဒေါသငယ်ထိရောက်ကာ ဆွေ့ဆွေ့ခုန်နေသည်။

“ဘာတွေ ဖြစ်နေတာလဲကွာ… ဗုား…. အိပ်ကောင်းခြင်းလည်း မအိပ်ရ၊

စောစောစီးစီး နားငြီးလိုက်တာ”

“မင်းခေါ်လာတဲ့ မှင်စာလေးကြောင့် မင်းက အိပ်ရေးပျက်ရတာ တန်သေးတယ်… ငါက အချောင်ဒုက္ခရောက်ရတာ ၊ မင်းခွေးကြောင့် ကလေကဂ အုတ်ကြားမြက်ပေါက် အနုတ်စုတ် ဂုတ်စုတ် မိမစစ် ဖမစစ် အပေအတေ ပေါက်လွတ်ပဲစား တိရစ္ဆာန်ကောင်”

“မင်းရဲ့ ဘုန်းတော်ဘွဲ့တွေကို လက်လွှဲပေးအပ်နေတာလား… ဘာလို့ ဒီလောက် နာကျည်းနေတာလဲ”

“ဟ… ငါ အိပ်နေတာကို ငွဲခြေထောက် သေးနဲ့လာပန်းသွားတယ်။ စောင်တွေ အိပ်ရာခင်းတွေ အကုန်စိုရော… ဟိုမှာတွေ့လား ခေါင်းရင်းဘက်မှာလဲ ချီးပုံ… ကဲ… မင်း ဘာပြောချင်သေးလဲ”

“ဟား… ဟား… ဖြစ်မှဖြစ်ရလေကွာ… ဟား ဟား… ချီးပုံကတော့ ထားပါတော့ ကြွန်စုံ ချီးပုံပါ သေချာတယ်.. အေး.. မင်းစောင်သေးစိုတာကတော့ မင်းပေါက်တာလည်း ဖြစ်နိုင်တာပဲ… မင်း ရာဇဝင်လဲ မင်းပြန်ကြည့်ဦးလေး… အိပ်ရာထဲ အရက်မူးပြီး သေးထွက်လို့ အိမ်ပေါ်က ဆင်းပြေးခဲ့ရတဲ့ကောင်ပဲ”

“ဘာကွ… လာနမ်းကြည့်စမ်း… ခွေးသေးလား၊ ငွဲသေးလား… မင်းသိအောင်”

“မင်း သေချာနမ်းပီး အရသာပါ ခံကြည့်ပြီးပြီ ဟုတ်လား”

“အေး… အတိအကျပဲပေ့ါ”

“ပြီးတာပဲ… ငါက ဘာလို့ နမ်းကြည့်ရမှာလဲ”

“ဟေ့ကောင်… အူကြောင်ကြောင် လာမပွားနဲ့၊ ချေးကျုံးပြီးရင် ငွဲစောင် ပြန်လျှော်ပေး…”

“ဟား… ဟား… ကြွန်စုံရာ… မင်းကွာ ပေါက်ပေါက်ရှာရှာ လုပ်လည်း

လုပ်တတ်တဲ့ကောင်… ဟား ဟား ဟား… ဒီမှာ ထွန်းထွန်းဝင်း ဒီကောင် အရင်က အထက်တန်းအိမ်မှာ နေခဲ့တဲ့ကောင် ဖြစ်လိမ့်မယ်ကွ”

“ကလေကဂကိုများ”

“ဟုတ်တယ်ကွ… ပိုက်ဆံရှိတဲ့ အိမ်က မွေးထားလို့ ဒီကောင် အဲဒီ လို အကျင့်ဖြစ်နေတာကွ”

“ဘာဆိုင်လို့လဲ”

“ခွေးမွေးတယ်ဆိုတာ အမျိုးမျိုး ရှိတယ်လေ… ပိုတဲ့ထမင်းကြမ်းခဲ ပစ်ကျွေးပြီး မွေးတာမျိုးပဲ၊ မင်းက တွေးပူတာကိုး။ ငါ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်၊ ဂရုတစိုက် မွေးတဲ့သူတွေဆို သူတို့ကိုယ်နဲ့ မှတ်မိဖို့ ခွေးအိပ်တဲ့နေရာမှာ သူတို့ အသုံးအဆောင် အဝတ်အထည်တွေကိုတောင် ခင်းပေးပြီး မွေးကြတယ်တဲ့”

“နောက်ပြီး အီအီးပါဖို့ ရှူရှူးပေါက်ဖို့ နေရာကို သီးခြားသတ်မှတ်ပေးကြတယ်”

“အဲဒီ တော့ ဘာဖြစ်လဲ ပေရှည်လိုက်တာ”

“အာ… ပြောရမှာတော့ အားနာစရာကြီး၊ မင်းအိပ်ရာတွေ စောင်တွေက သူ့အိမ်သာနဲ့ ထွက်နေလို့ နေမှာပေါ့ကွာ… ဟီး.. ဟီး”

“ငါ ပြေးကန်လိုက်ရ”

“အာ… မလုပ်နဲ့ မလုပ်နဲ့၊ ကျိုးသွားမယ် ကျိုးသွားမယ်၊ မင်းခြေထောက်”

“သေပေတော့…”

ထွန်းထွန်းဝင်း ကန်ဖို့ ပြေးလာစဉ် လမ်းတစ်ဝက်မှာပင် ဖုန်းက မြည်လာ၍ ခုခံတိုက်စစ်ဆင်ရန် ကီသွင်းနေသော ဩရသက လက်ကာထားရင်း…

"ဘွာတေး… ဘွာတေးပေါ့ကွာ… ဖုန်းပြီးမှ ဆက်နွဲကြသေးတာပေါ့…"

ဩရသက ဖုန်းကို မကိုင်ဘဲ စပီကာခလုတ်ကို လှမ်းနှိပ်ရင်း ဟယ်လို ဟု တမင်အာလုပ်သံကြီးနှင့် ပြန်ထူးလိုက်၏။

"ဩရသလား… ထွန်းထွန်းဝင်းလား"

ဟိုက်… အသံက ဒေါနှင့် မောနှင့် မသင်္ကာစရာ… ဖွဟဲ့… လွဲပါစေ… ဖယ်ပါစေ၊ ကိုစိုင်းလားရှိုးများလား မသိ။ ထွန်းထွန်းဝင်းကို တိတ်တိတ်နေရန် လှမ်းအချက်ပြရင်း..

"ဟယ်လို… ဘယ်သူလဲ မသိဘူး.. သူတို့နှစ်ယောက်ကို အပြင်ခိုင်းထားလို့"

ဩတောတော လူကြီးအသံမျိုး ဖျက်၍ လှမ်းအစ်ကြည့်လိုက်သည်။

"စိုင်းလားရှိုးပါ ဒီကောင်တွေ ဘယ်တော့ ပြန်ရောက်မလဲ"

ထွန်းထွန်းဝင်း ဇက်ပု၍ ကုပ်နေပြီ၊ ဩရသ လေကို အားပါးတရ ရှူသွင်းကာ ကီထည့်လိုက်ပြီး….

"ဩော်… ဟော့ မောင်စိုင်း… ဘာကိစ္စ ရှိလို့လဲကွ၊ သူတို့ ဟမ်းဖုန်းတွေကို လှမ်းဆက်လိုက်လေ… အဲ… နေဦး နေဦး… သူတို့ဖုန်းတွေ ဒီမှာ ငါ သိမ်းထားလိုက်ပြီပဲ…"

"ဗျာ… အစ်ကိုလား"

"အေး… မင်း အရေးကြီးလို့လား မောင်စိုင်း"

"အတော်ပဲ အစ်ကိုရေ… တိုင်ရဦးမယ်.. မနေ့က ဒီကောင်တွေ ကျွန်တော့်ကို စော်ကားသွားကြတယ်"

"ဟေ… ငါ့ဘဝမှာ ငါ့သားအကြောင်း အတိုင်ခံရတာ မိန်းကလေးတွေပဲ

ကြဲဖူးပါတယ်၊ ယောက်ျားလေးထဲမှာတော့ မင်း ပထမဆုံးပဲကွ… ဒီကောင်တော်တော် ခြေလှမ်းပျက်နေပြီပဲ… တောက်”

အူကြောင်ကြောင်နှင့် သဘောပေါက်သွားကာ မျက်နှာကြီး ရှုံ့မဲ့အီးပိတ်နေသော ကိုစိုင်းရပ်ကြီးကို မှန်းကြည့်ရာ ဩရသ ကျေနပ်စွာလက်သီးလက်မောင်းတန်း က,လိုက်မိပါသည်။

“အာ.. အစ်ကိုကလဲ နောက်နေပြန်ပြီ၊ မနေ့က ဒီကောင်နှစ်ကောင်ကျွန်တော်ကို မရိုမသေနဲ့ ပိုက်ဆံတစ်သိန်း ဘတ်သွားကြတယ်”

“ဘာ… တစ်သိန်းကြီးများတောင်”

“သူတို့ ယူသွားတဲ့ တစ်သိန်းက ကျွန်တော့်အတွက် ဘာမှမပြောပလောက်ပေမယ့် ပြဿနာတွေက မီးခိုးကြွက်လျှောက်၊ အခု ရှိသမျှမိန်းမကြီးက အကုန်သိမ်းသွားပြီ”

လေကြီးမိုးကြီး in the ဝုန်းဒိုင်းလူကြီး။ ခံရတာ တောင် မမှတ်သေးပဲလေက ထန်ထန် ကန်ချင်သေးသည်။ ထွန်းထွန်းဝင်းက နည်းတောင်နည်းသေးတယ်ဟေ့ဆိုပြီး သီချင်းတိုးတိုး ဆိုကာ က,ပြနေ၏ ။

“ဘယ်လိုဖြစ်ကြတာလဲ၊ ငါ့လည်း သေချာရှင်းပြစမ်းပါဦးကွာ”

“ကျွန်တော့်ကို ဆံပင်ပေါက်ဆေး ညာရောင်းသွားကြတယ်လေ အစ်ကို”

“ဟ.. ဒီကောင်တွေ ဘယ်ကရလို့လဲ”

“ပြောရရင်တော့ အရှက်ကြီးပေ့ါ အစ်ကိုရာ… ဇာတ်လမ်းဇာတ်ကွက်အချိတ်အဆက်နဲ့ကို လိမ်သွားကြတာ… ကျွန်တော်လည်း တကယ်ထင်မိတာပေ့ါ… ရေမိုးချိုးပြီး လိမ်းမယ်ဆိုပြီးတော့ ဆေးဗူး စားပွဲပေါ် တင်ထားပြီး ရေသွားချိုးတာ၊ ရေချိုးခန်းကလည်း ထွက်လာရေး မိန်းမက ရေရေလည်လည် ပွဲကြမ်းတော့တာပဲ”

“ဘယ်လိုပွဲကြမ်းတာလဲကွ”

“ကျွန်တော့်ကို နောက်မိန်းမ ယူထားပြီဆိုပြီး ပတ်ကြမ်းတိုက်တာ... နောက်ပြီး ယူထားလည်း အပျိုစစ်စစ်နဲ့ အထင်ခံရတာ တော်သေးတယ်။ ခုတော့ လှည်းကျိုးထမ်းတဲ့ကောင်... ပခုံးကောင်းတဲ့ကောင်တဲ့ သိက္ခာကျလိုက်တာဗျာ”

“မင်းကလည်း မပြေးသော် ကန်ရာရှိလို့နေမှာပေါ့ မောင်စိုင်းရာ”

“အာ... ပေါက်တိပေါက်ရှာ အစ်ကိုရာ... စိတ်ကူး အမြဲတမ်း ရှိပေမယ့် ဘုရားစူး... လက်တွေ့တော့ အောင်ကိုမအောင်မြင်ဘူး... အခုဖြစ်ရတာ က ဒီကောင်တွေ ရောင်းလိုက်တဲ့ ဆေးဗူးကြောင့်ဗျ”

“ဟ... ဘာဆေးဗူးလဲ... ဆံပင်ပေါက်ဆေးဆို”

“ဘယ်ကလာ... မိန်းမတွေ ကိုယ်ဝန်ရင့်လာရင် ဗိုက်ကြောတွေ မပြတ်အောင် ဆီးခုံနဲ့ ဗိုက်ကို လူးရတဲ့ သံလွင်ဆီတဲ့... အဲဒီ သံလွင်ဆီကို ဆံပင်ပေါက်ဆေးဆိုပြီး ညာရောင်းသွားကြတာ...”

“ဖြစ်ရလေကွာ”

“မိန်းမကို ဘယ်လိုမှ ရှင်းပြလို့ကို မရဘူး... ပိုက်ဆံတွေ ကျိတ်ထောက်ပံ့နေတာ ဘယ်လောက်တောင် ရှိနေပြီလဲ ဘာလဲနဲ့၊ ကျွန်တော့်ကို ဘေးကြပ်နံကြပ် ရသမျှ စစ်ဆေးပြီး အကုန်သိမ်းသွားပြီ”

“အခုရော ပွဲက ကြမ်းနေတုန်းပဲလား.... အိမ်က နှင်ချရင် အခန်းလာနေချင်နေ၊ ဒီကောင် သောင်းကျန်းလွန်းလို့ ငါ အိမ်ပြန်ခေါ်သွားဖို့ လာတာ၊ လွန်လွန်းကြတယ်ကွာ... လွှတ်ပေးထားလို့ကို မရတော့ဘူး... သူတို့ဖုန်းတွေလည်း ငါ သိမ်းယူထားလိုက်ပြီ...”

“အခု သူတို့ ရွှေသမီး စာပေးကို ဒီဇိုင်း သွားအပ်ကြတယ်... ပြီးတာနဲ့ သန်လျင်ကို တစ်ခါတည်း အထုပ်ပြင်လိုက်ခဲ့ရမယ်လို့ အော်ဒါ ထုတ်ထားရတယ် မောင်စိုင်းရေ... တကယ်ကွာ ဟိုက လုမ်းတိုင်း ဒီက လှမ်းတိုင်နဲ့ မလွယ်ဘူး”

"ကောင်းတယ် အစ်ကို... အဲဒါ ကောင်းတယ်"

"နေပါဦး... မင်းကိစ္စ ငါ လာရှင်းပေးရဦးမလား"

"ရှိသမျှ သူရသွားတော့ ပွဲပြီးသွားပါပြီဗျာ"

"ဒါနဲ့ မင်းမိန်းမက ဘာလို့ မင်းကို လှည်းကျိုးထမ်းတယ်လို့ စွပ်စွဲရတာ လဲကွ"

"အာ.. အစ်ကိုရာ ပြောရမှာလည်း ရှက်ပါတယ်။ သူများတော့ မသိပါစေနဲ့... ကျွန်တော်က ကလေးမှ မရနိုင်တာ... သူက အဲဒါကိုပဲ အခဲမကြေ ယောကျ်ားမပီသတဲ့သူ၊ လူစဉ်မမှီတဲ့သူ ဆိုပြီး အမြဲ ရန်လုပ်နေတာ... အခု ကိုယ်ဝန်ဆောင်တွေ လိမ်းတဲ့ဆေးဆိုတော့ တပ်အပ်ကို စွပ်စွဲပြီး ပွဲကြမ်းတော့တာပေ့ါ... မိန်းမဆိုတာ သူက ဘာဆေးဘူးဆိုတာ သိတယ်ဗျ..."

"အင်း.. မိန်းမဆိုတာ ဒါပါပဲကွာ.. အေး မင်းညီတွေကို တွေ့ရင် ဆုံးမပါဦးကွာ... မင်းကပါ အလိုတူ အလိုပါ အတူတူသောက်မနေနဲ့ ကြားလား"

"အာ... ကျွန်တော် အရက်ပြတ်သွားတာ ကြာပြီး အစ်ကိုရဲ့... စိတ်ချ တွေ့ရင် ကျနတော့် ဆုံးမပ့ါမယ် အစ်ကို၊ ဒါပဲနော်... အစ်ကို နေကောင်းတယ် မဟုတ်လား... အစ်မရော နေကောင်းလား ဟဲ ဟဲ"

"အေး... အေး... ကောင်းပါတယ်... မင်းလည်း ငါ့ဆီ လာလည်ဦးလေကွာ.. အရက်ကတော့ ပြတ်လက်စနဲ့ ပြတ်ပစေနော် မောင်စိုင်း... အစသွား ပြန်မလုပ်မိစေနဲ့"

"ဟုတ်ကဲ့အစ်ကို... စိတ်ချ အစ်ကို... ဒါပဲနော် အစ်ကို"

ကိုစိုင်း ဖုန်းချသွားမှ စပီကာ ခလုတ်ကို ပြန်ပိတ်လိုက်ရင်း အောင့်အီးထားရသမျှ ဒလွှတ်ကုန် အူတက်မတတ် ရယ်နိုင်ကြတော့သည်။ သူတို့နှစ်ယောက်ကိုကြည့်လျှက် ကြန်စုံဆိုသည့် ကောင်ကပါ ဘုမသိ ဘမသိ

လှည့်ပတ်ပြေးရင်း တဝုတ်ဝုတ်..။

“ဟော့ကောင် ထွန်းထွန်းဝင်း.. မင်း လက်ခံပြီလား… ဒီပိုက်ဆံဟာ ငါ့အစွမ်းအစကြောင့် ရတယ်ဆိုတာ မင်းတွေ့ပြီ မဟုတ်လား.. ဟား.. ဟား… ဩရသတဲ့ကွ… ဟား ဟား”

“မင်းကတော့ တကယ့် ကလိမ်ကကျစ်ကောင်ပဲ”

“ဟာ ဟာ… ငါက သူများတကာ အရမ်းကြီး ထိခိုက်ကာ နစ်နာသွားအောင် ဘယ်တော့မှ မလုပ်ပါဘူးကွာ… ခုလည်း ဆရာစိုင်း ကြွားသွားတာ ကြည့်လေ ငါတို့ ပေးလိုက်ရတဲ့ ပိုက်ဆံက သူ့အတွက် ဘာမှ မပြောပလောက်ပါဘူးတဲ့ ဟား ဟား”

“အေးပါ… မင်း သူများကိုသာ လိမ်ပါ။ ငါတော့ လာမလိမ်မိစေနဲ့… ငါ့အကြောင်း ကောင်းကောင်း သိသွားမယ်”

“ဒါကတော့ မင်းက ငယ်သူငယ်ချင်း၊ ငါ့အကြောင်း A to Z သိနေတာကိုး၊ ဘယ်လိမ်လို့ ရမှာလဲ.. ဟော့ကောင် မင်း မိသံလွင်ဆီ မလိမ့်တော့ဘူးလား”

“လိမ့်မှာ သွားမှာ… မင်း မလိုက်နဲ့ ဟော့ကောင်”

“မလိုက်ပါဘူးကွာ.. ဈေးကျုံးရဦးမယ်… မင်း စောင်ပြန်လျှော်ပေးရဦးမယ်.. ဟူး ရင်မောစရာကွာ.. ငါ့ဒီဇိုင်းလည်း အပ်ရက်နီးနေပြီကွ၊ မင်းဘာသာမင်း ဂိုးပါတော့ကွာ”

“မင်းတောင် အသိတရား ရလာပြီပဲ။ ကဲ… ငါ ရေဝင်ချိုးပြီး လစ်တော့မယ်၊ မင်းအတွက် ငါ့စောင်လျှော်ပေးခ Brand ကြက်ပေါင်းရည် တစ်ပုလင်း သူတို့ဆိုင်က ဝယ်တိုက်မယ်”

ဘဝင်ရူးကောင်… ဩရသ ကျိတ်ပြုံးလိုက်သည်။

သူ့ခေါင်းရင်းမှ ခွေးအီးပုံကတော့ မကျုံးမဖြစ် ကျုံးရမည်။ စောင်ကတော့ ဘာလို့ လျှော်ပေးရမှာလဲ။

သူ့အနံ့နှင့် ခွေးသေးနံ့က ဘယ်လောက်များ ထူးထူးခြားခား ကွာနေတာမှတ်လို့။ သူသွားမှ နေထုတ်လှမ်းထားလိုက်လျှင်...

*

အဖေ..။

ဘဝဟာ သမုဒ္ဒရာထက်က ရေပွက်ဆိုရင်တောင်မှ အဖေလို့ ပညတ်ထားတဲ့ နာမ်ပုဒ်ရဲ့ အဓိပ္ပါယ်ဟာ ကုန်းမြေတစ်ခုလို ခိုင်ခိုင်မာမာ တည်ရှိမယ့် ပရမတ္တ တရားပါ။

အတူမနေရပေမယ့်လည်း အဖေဆိုတာ ဘဝမှာ အားကိုးတည်မှီရာ အဖြစ်နဲ့ ရှိနေတတယ်ဆိုတဲ့ အသိနဲ့ ခွန်အားတွေ ဖြစ်စေခဲ့ပါတယ်...။

သူများတန်း လူရာမဝင်လည်း ဘာဖြစ်လဲ...။

အဖေဟာ အဖေပါပဲ...။

အဖေ နူနေလဲ ဘာဖြစ်လဲ...။

အဖေဟာ အဖေပါပဲ။

လူကြားထဲ မဝင်ဆံ့လို့ သားအတွက် အကုသိုလ်အလုပ်ကို သံသရာနဲ့ ရင်းပြီး ရှာဖွေထောက်ပံ့ခဲ့တဲ့ အဖေ့အတွက် အဖေ့ကိုယ်စား သံသရာကြွေးကို ဆပ်မယ်... အဖေ့ကိုယ်စား...

"ဂလွမ်.. ဂလုံ... ဂလွမ်..."

ညြရသ လက်ထဲက စုတ်တံ ပြုတ်ကျသွားမတတ် လန့်သွား၏ ။

ရင်များမှာ တဒိန်းဒိန်းတောင် ဟိန်းသွားသည်။

ဖျတ်ခနဲ ပျောက်သွားတဲ့ ခံစားမှုတွေနေရာမှာ လက်ရှိဘဝက ထင်ဟပ်လာ၏ ။ ကြန်စုံ...။ ကြန်စုံ သောင်းကျန်နေပြီ။

စုတ်တံကို ရေခွက်ထဲ ထည့်ထားခဲ့လိုက်ပြီး အသံလာရာဆီ လာကြည့်လိုက်တော့ ကြန်စုံတစ်ကောင် ပန်းကန်ဆေးကန်တွင် မဆေးရသေးဘဲ ပုံထားသော ပန်းကန်များကို တပြတ်ပြတ်နှင့် လျက်နေသည်။

ဟုတ်သားပဲ... မနက်က ထွန်းထွန်းဝင်း ထွက်သွားတော့ သူ ကော်ဖီမစ်နှစ်ခွက် ဖျော်ပြီး ကြန်စုံကိုတစ်ခွက် ချတိုက်ထားခဲ့သည်။ သူက ပုံရေးရင်း စျာဝန်ဝင်နေ၍ ဗိုက်ဆာတာကို မေ့နေသော်လည်း ကြန်စုံကတော့ ဘာမှ လုပ်စရာမရှိသောကြောင့် ဗိုက်ဆာနေပြီ...။

"ကြန်စုံ လာ... လာ..."

သူခေါ်လိုကပ်တော့ စားပြီး ဖြစ်သလို ပုံထိုးထားသော ပန်းကန်းများကို လျက်နေရာမှ ပြေးလာရှာသည်။ ကြန်စုံကို ကောက်ပွေ့ပြီး ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်တော့ ရှားရှားပါးပါး ကံကောင်းထောက်မစွာနဲ့ လက်ကျန် ကြက်ဥတစ်လုံး တွေ့၏ ။

"ကြန်စုံ... ဒါလေး အဆာပြေ စားထားလိုက်... ခဏလေးပါ...။ ဒီပုံလေးပြီးရင် ထမင်းသွားဝယ်ပါ့မယ်ကွာ..."

ကြန်စုံအတွက် ပန်းကန်ထဲသို့ ကြက်ဥဖောက်ထည့်ပေးပြီး သူ သောက်ရေခွက်ထဲ ရေဖြည့်ပေးထားလိုက်သည်။ ပုံဆွဲခုံသို့ မြန်မြန်ပြန်ပေးလိုက်ပြီး ကလက်စလေး သတ်ဖို့ လုပ်၏ ။

"အဖေ့ကိုယ်စား" ဆိုသည့် ဖေဖေရေးသော မဂ္ဂဇင်းဝတ္ထုရှည်ကို သူ

ဘယ်နှစ်ကြိမ် ပြန်ဖတ်ဖတ် ဇာတ်လမ်းမှန်းသိလျက်နှင့်ပင် မျက်ရည်ကျမတတ် ခံစားခဲ့ရသည်မှာ အခါခါ...။

စိတ်ကူးနှင့် ကတ်တွေခွဲကာ စိတ်ထဲ ရုပ်ပြပြန်ရေးခဲ့သည်မှာလည်း အကြိမ်ကြိမ်...။

တောရွာသဘာဝ၊ လယ်သမားဘဝ၊ ဘုန်းကြီးကျောင်းသားဘဝတို့ကို ရင်းနှီးကျွမ်းဝင်မှု မရှိခဲ့သောကြောင့် လိုအပ်သည့် အကိုးအကား ဓာတ်ပုံများကို အချိန်ငွေကြေးများစွာ ပေး၍ စုဆောင်းခဲ့ပြီး အားလုံး စိတ်ကြိုက်ပြည့်စုံပြီဆိုမှ ချရေးခဲ့ခြင်း ဖြစ်သည်။

ကိုယ်ရည်ပျက်နေသော မုဆိုးဖိုဖခင်က သားကို ရောဂါကူးစက်မှာ စိုးရိမ်၍ ဘုန်းကြီးကျောင်းမှာထားကာ သူကိုယ်တိုင် ရွာထဲ လူတွေကြား နေလို့ မဖြစ်နိုင်တော့၍ ရွာပြင် ကွင်းစပ်ထွက်နေရှာ၏ ။

နူနာရောဂါ စွဲကပ်နေသည့် လူတစ်ယောက်အတွက် လယ်ကွင်းထဲမှာ လုပ်နိုင်တဲ့ အလုပ်ဆိုလို့ ဖားရှာ၊ ငါးရှာ ခရုရှာ ဘဲမွေး အကုသိုလ်အလုပ်တို့သည်သာရှိ၍ သားတစ်ယောက် ပညာသင်စရိတ်ကို တတ်နိုင်သလောက် သံသရာနှင့် ရင်း၍ ရှာဖွေထောက်ပံ့ခဲ့ရှာသည်။

ပညာရည်ချွန်ထက်မြက်သော သားအတွက် ဂုဏ်တက်အမောပြေခဲ့ရသော အဖေဖြစ်သူသည် တစ်ည သူ့ဘဲခြံကို သူခိုးဝင်သောအခါ...

ဝဋ်မှာအမြဲ၊ ငရဲမှာအပ ဆိုသည့် စကားပုံအတိုင်း အကုသိုလ်၏ တန်ပြန်အကျိုးသက်ရောက်မှုကြောင့် သူရှာဖွေ သတ်ဖြတ်ဖမ်းဆီးခဲ့သော ငါးများ၊ ဖားများပမာ လည်ပင်းမှာ ဓားဒဏ်ရာနှင့် လက်ကန်သင်းရိုးမှာ သေဆုံးခဲ့ရရှာပါသည်။

ထိုခေတ်အခါက ခုနှစ်တန်းအောင်လျှင် ပညာတတ်အဖြစ်

လူရာဝင်သော်လည်း သားက ကျောင်းဆက်မတက်တော့ဘဲ အဖေအအတွက် သံသရာကြွေးကို အဖေ့ကိုယ်စား ပေးဆပ်ဖို့ သာနေသာဘောင်သို့ အပြီးအပိုင်း ဝင်ဖို့ ဆုံးဖြတ်လိုက်ပြီ...။

အဖေ့အလောင်းကို ဆောက်တည်ရာမဲ့ ကြည့်နေရာမှ ဆင်ခြင်စိတ်နှင့် သံဝေဂရလာသည့် မျက်ဝန်း...။ စိမ့်အိုင်စီးဆင်းနေသော မျက်ရည်တို့ကြားမှ အားကိုးတည်မှီရာကို ဖျတ်ကနဲ တွေ့ရှိတောက်လက်သွားသော မျက်ဝန်း

"ဂုန်း"

အာ... သွားပါပြီကွာ... SD အကွက်ကို အာရုံစူးစိုက်ပုံဖော်မိတော့မယ့် အချိန်မှာ မျက်စိရှေ့က ဆွဲယူခံလိုက်ရသလိုမျိုး...။ ဩရသ စိတ်ထဲ တင်းသွားပြီးမှ သက်ပြင်းနဲ့အတူ စိတ်လျော့ရင်း ကြန်စုံကို လှည့်ကြည့်လိုက်သည်။

ဟိုက်... မီးမိုးလောင်အောင် ထွန်းညှိပေးမယ့် မီးခွက်လေး...။ ပြဿနာက ထုနှင့်ထည့်နှင့် ကြီးကြီးမားမား။ ထွန်းထွန်းဝင်း အလွန်တရာ မြတ်နိုးတန်ဖိုးထားလွန်းသော Half Shoe အညိုရောင် တစ်ဖက်ကို ကြန်စုံပါးစပ်စွမ်း စပြနေပြီ။

ဖိနပ်ကိုဆွဲချလိုက်တဲ့ အရှိန်ကြောင့် ဖိနပ်စင် မှောက်လျက်လဲသွား၍ သာ အသိစောလေလို့..။ သို့မဟုတ်ပါက ထွန်းထွန်းဝင်း တကယ်ပင် ကြန်စုံ့ကို ရှိသမျှ အမွေးတွေ ရိတ်ပစ်မှာ အသေအချာ။

ကြန်စုံရဲ့ခေါင်းကို နောက်မလန်ရဲအောင် နာနာလေး ရိုက်ပစ်လိုက်ပြီး ရှူးဖိနပ်ကို သူ့ပါးစပ်ထဲမှ ပြန်လုယူလိုက်ရသည်။ အိန် ဆို အော်ပြီး ကြောက်လန့်တကြား ထွက်ပြေးသွားရှာတဲ့ ကြန်စုံကို ကြည့်ရင်း သနားသွားသည်။

သူ ဆယ်တန်းဖြေပြီးကာစ ဖေဖေကို စိတ်ဆိုးပြီး အိမ်ပေါ်က ထွက်ပြေးခဲ့ဖူးသည်။ ကိုယ့်ဂမ်းတောင် ကိုယ်မကျောင်းနိုင်ဘဲ သူငယ်ချင်းတွေအိမ် လှည့်ပတ်ကပ်စားနေသည့် ဘဝမှာပင် သူ ခွေးတစ်ကောင် (စနူပီ) ကို ကောက်ရ၍

မွေးခဲ့ဖူးသည်။

အိမ်ကဆင်းသွားတုန်းက တစ်ယောက်တည်း၊ အိမ်ပေါ်ပြန်တက်လာတော့ ဖေဖေ့အချစ်တော် ဖြစ်လာမည့် စနူပီပါလာ၍ ဖေဖေက အိမ်မရှိဘဲ ခွေးမွေးတဲ့ကောင်ဆိုပြီး ပက်ပက်စက်စက် ကောခဲ့ဖူးသည်ကို သတိရမိသည်။

အခုတော့ နေစရာ အိမ်ရှိလို့ ခွေးဝယ်မွေးခဲ့ခြင်း ဖြစ်သော်လည်း အိမ်ရှင်မ မရှိ၍ ဒုက္ခတွေ့ရပြန်ပါသည်။ ဒါပေမယ့် အိမ်ရှင်မတော့ မလိုချင်သေးပါ။

စကားပြောလို့ အဆင်ပြေတဲ့ မိန်းကလေး ချောချောတွေနှင့် ရိရိချိတ်ချိတ် ပွားမည်။

မိတ်ဆက်စာရေးလာတဲ့ ကောင်မလေးတွေနှင့် အလ္လာပ သလ္လာပ ရေးမည်။

အွန်လိုင်းပေါ်မှာ ကောင်မလေးတွေနှင့် ပြီတီတီ ချိတ်မည်။

အိမ်ရှင်မ မရှိချင်သေးသည့် အိမ်ရှင်ကြီးအနေနှင့် အားကိုး အသက်ဆက်ရာ ထမင်းဆိုင်သို့ သွားမှ ဖြစ်တော့မည်။ ထွန်းထွန်းဝင်း ဖိနပ်ပြီးလျှင် သူ့ခြေထောက် အဝါးခံရမည့်ကိန်း ဆိုက်တော့မည်လေ။

ကြွန်စုံကို အိမ်ထဲ သော့ပိတ်ခဲ့၍ မဖြစ်နိုင်ပါ။ တော်ကြာ ဥစ္စာရှူးကောင်ရဲ့ ပစ္စည်းတွေကို ရောသမမွှေထားလိုက်လို့ ပြဿနာတွေ တသီတတန်းကြီး ရှင်းရတော့မည်။

ဝယ်တုန်းက ပါလာတဲ့ လည်ပတ်နှင့် သံကြိုးလေးကို ဆွဲယူလိုက်သည်နှင့် အဲလည် ကောင်က အပြင်ထွက်ရတော့မည်ကို သိနေပြီ။ သူ့ထံ အမြီးနှံ့ ပြေးလာပြီ။ ပလူးပလဲ လုပ်၏ ။ ခြေအစုံကို ခေါင်းဖော့ပွတ်သပ်ကာ မျက်နှာကို မော့ကြည့်ပြီး တအူးအူးနှင့် အူလိုက်ဟောင်လိုက် လုပ်နေပါတော့သည်။

ခွေးချစ်တတ်လွန်းသော သြရသအတွက် ကြည်နူးဆွတ်ပျံ့ဖွယ် သံယောဇဉ် မြားတစ်စင်း…

သူတို့ဘာသာစကားကို နားမလည်၍ မသိသော်လည်း ဂမ်းသာအားရနှင့် အမြန်သွားဖို့ လောဆော်နေတာကတော့ အသိအသာကြီး…။

“အေးပါ…. သွားမှာပါ… မင်းကိုလည်း ခေါ်သွားမှာ… ဟေ့ကောင် ကြန်စုံ မင်းနဲ့ အပေးအယူတော့ လုပ်ဦးမှကွ”

“အူး… ဂျူ… ဂျူ… အူး”

“ဘာလဲ သဘောတူကြောင်း ပြောတာလား၊ ဒါမှမဟုတ် အမြန်သွားဖို့ ပြောနေတာလား၊ ဟေ့ကောင် ကြန်စုံ မင်း အခုချိန်ကစပြီး သေးပေါက် အီးပါ ကို့ရို့ကားရား မလုပ်နဲ့ ကြားလား”

“ဝုတ်… ဝုတ်… ဝု… အီ”

“အေး… နောက်ပြီး ဟိုဥစ္စာရှူး ကောင်ရဲ့ ပစ္စည်းတွေကို မင်း စိတ်နဲ့တောင် မပြစ်မှားမိစေနဲ့ သိလား”

“ဝုတ်…ဝုတ်”

“ဟား… ဟား… မင်းမဆိုးဘူး၊ နားလည်တယ်ပေါ့ ဟုတ်လား… ဟား… ဟား”

“ဒေါက်… ဒေါက်”

“ဟော ပြောရင်းဆိုရင်း တော်သလင်းခွေးကြီး လာပြီကွ… ကြန်စုံ မင်းက အေးအေးဆေးဆေးခွေး အဲဒီ ကောင်က ကောင်မလေးတွေနောက် အညှော်ခံ လိုက်နေတဲ့ တော်သလင်းခွေး”

သြရသ တမင် အပြင်က ကြားလောက်အောင် အသံမြှင့်ပြောရင်း တံခါးဖွင့်ပေးလိုက်၏ ။

ရှူတင်းတင်း ထွန်းထွန်းဝင်း မျက်ခွက်ကြီးကို မကြည့်အားပါ…။ သူ့လက်ထဲက စားစရာအထုပ်တွေကိုသာ ဘာတွေလဲ ပြူးတူးပြဲတဲ လိုက်ကြည့်မိပါသည်။

“ဟော့ကောင်… မင်း ခုနက ဘယ်သူ့ကို ပြောတာလဲ ငသြ…”

“ဟိုကောင်လေကွာ… ဟို ရွှေသမီးစာပေက တားတားပေ့ါ… ငါ့ကို ဒီဖိုင်းလာတောင်းပြီ ထင်လို့ ကြိုကန်ပစ်လိုက်တာပါ.. ဟဲ.. ဟဲ… ဘာတွေ ဝယ်လာတာလဲ”

“ဒန်ပေါက်”

စူအောင့်အောင့် အသံကကို နားဝင်ပီယံ ဖြစ်လှ၏ ။

“ဟား.. အတော်ပဲကွာ… ငါတို့ အခုပဲ ထမင်းဆင်းဝယ်ကြတော့မလို့… မင်းက ဝက်လီကစာ ကြိုက်တတ်တယ်ဆိုပြီး မင်းအတွက်ပါ ဝယ်ထားမလို့ပါကွ… ဟဲ ဟဲ ခုတော့ တိုင်းရက်တဲ့ကမ္ဘလာမိုး ရွာတာနဲ့ အခန့်သင့်ပဲပေ့ါ… ပြောစမ်း ပြောစမ်း မင်း အိုကေခဲ့ပြီ မဟုတ်လား… ငါ ထင်သားပဲ… ဒီစတိုင်နဲ့ မကြည်နိုင်စရာ ဘာရှိလို့လဲ… ကွန်ကရက်ကျူလေးရှင်း သူငယ်ချင်း”

အခုမှ အပေါ်ယံတင်းနေသော ခွေးချေးပုံ ရေနူးခံလိုက်ရသလို စိုဖြဲဖြဲ မျက်နှာကြီး ဖြစ်လာကာ ထွန်းထွန်းဝင်း လက်ထဲမှ ဒန်ပေါက်ထုပ်တွေ လှမ်းပေး၏ ။ ဆိုဖာရှည်ကြီးပေါ် ယောက်ျားဖျင်း ကျောခင်းဖို့ ပြင်နေသည်။

“အား… တဒိတ်ဒိတ် ခုန်နေတဲ့ နှလုံးသားကို ခဏ အနားပေးလိုက်ဦးမယ်ကွာ…”

“ဟော့ကောင်… ကြွန်စုံအတွက်ရော ပါတယ်မဟုတ်လား”

“အေး…လိုက်ပွဲ နှစ်ပွဲ အပိုဝယ်လာတယ်… တစ်ပွဲ ကျွေးလိုက်ပေ့ါ”

“ရော့… ကြွန်စုံရေ စား… စားရင်း ဆုတောင်းပေးလိုက်ဦး…

အစစအရာရာ အဆင်ပြေပါစေလို့… ပမာဏ အဆင့်မှာတောင် ဒန်ပေါက်ဆိုတော့… ရှေ့လျှောက် ဘယ်လောက်တောင် စားရဦးမယ်ဆိုတာ အတွေးနဲ့တောင် ခန့်မှန်းကြည့်ဖို့ ခပ်ခက်ခက်… ဟဲ ဟဲ ဟဲ”

“ဟော့ကောင် ငြေ ငါ ကိုစိုင်းလားရှိုး မဟုတ်ဘူးနော်… ဖောတာ ကြည့်ဖော… ဒီဒန်ပေါက်က လျှော်ကြေးသဘောနဲ့ ဝယ်လာတာကွ”

“ဘာလဲ မနက်တုန်းက မသွားခင် မင်းထက် ကိုယ်ကျင့်သိက္ခာ ကြီးမားနဲ့ ကြန်စုံ့ကို ပြစ်မှားမိတာ စိတ်မကောင်း ဖြစ်သွားလို့လား”

“မင်းသာ မင်းဟာလေးကို ကိုးကွယ်…”

“ဒါဆို ဘာလဲကွ…”

“အင်း… ငါသွားတော့ ကောင်မလေးက ဂြိုဟ်တုဂမ်းနုတ်ဆေး ဝယ်မလို့လား… ဒီနေ့ ဟိုတစ်ယောက်ကော မပါဘူးလား ဘာလားနဲ့ မင်းကို သွယ်ဝိုက်၍ မေးနေတယ်ကွ…”

“ဟုတ်လား ဒါဆို နောက်တစ်ခေါက်… ငါ လိုက်ခဲ့ပေးမယ်လေ ဟီး ဟီး”

“အေး… အဲဒီ လို ကိစ္စမျိုး မဖြစ်တော့အောင် အပြတ်ရှင်းခဲ့လိုက်တယ်ကွ… မင်း အိမ်မှာ ကလေးထိန်းနေရတယ်… ဒီကောင့်သားက သိပ်ဆိုးတယ်… ညတုန်းကတောင် အိပ်ရာထဲ ရှူရှူးတွေ ပေါက်ချလို့ စောင့်တွေလျှော်ရင်း ကျန်ခဲ့တယ်လို့ ပြောပစ်လိုက်တယ်… ဟီး ဟီး… အဲဒါကြောင့် ငါ စဉ်းစားရင်း မင်းကို အားနာစိတ် ဝင်လာလို့ ဒန်ပေါက်ဝင်ဝယ်ခဲ့ပေးတာ”

တိန်… ကောင်းရော… နေနှင့်ဦးပေါ့ ထွန်းထွန်းဝင်းရာ… ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် တွေ့ရသေးတာပေါ့…။

ရွှေမှန်ကင်း ထင်းမဖြစ်ပါဘူးကွာ…။

*

ခြောက်လှာမြောက် တိုက်ခန်းမှာနေရပြီး ခြေအငြိမ်မနေနိုင်သော၊ စည်းမရှိ ကမ်းမရှိ ဖြစ်သလိုစားသောက် နေထိုင်ကြသေဘ… လိပ်ပြာတစ်ကောင်လို ပန်းပွင့်တွေကြားထဲ တောင်ပံ တဖျပ်ဖျပ် ရိုက်ခတ်ပျံဝဲ ကူးသန်းချင်သော သူ့အတွက် ခွေးတစ်ကောင်၏ ကရိကထကိစ္စများက တကယ်တမ်းကျတော့ ဝန်ထုပ်ဝန်ပိုးတစ်ခုပါ…။

ရဲဘော်ရဲဘက် စိတ်ဓာတ်သည် ဩရသထံ မွေးကတည်းက ပါလာခဲ့၏ ။ ထို့ကြောင့် ဘယ်တုန်းကမှ တစ်ကိုယ်ကောင်း မဆန်တတ်ခဲ့ပါ။

အခုလည်း ထွန်းထွန်းဝင်းအပေါ် တစ်ကိုယ်ကောင်းဆန်ဖို့ စိတ်မကူးပါ။ သေတူရှင်ဘက် ငယ်သူငယ်ချင်းများပီပီ ကြန်စုံရဲ့ ဝေယျာဝစ္စများကို ခွဲဝေပေးဖို့ အကျအန အခိုင်အမာ ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ဒေါင်းစကြာသူရိန်မင်း အနောက်ဂေ့ါယားကျွန်းသို့ ရေသောက်ဆင်းဖို့ တာစူကာ လေချဉ်တက်ချိန်…

ယင်းထနေသော ဝင်းဝင်းတော်က မျက်စောင်းကြီးက အနောက်ဖက်သို့ မျက်နှာပြုထားသော သူ့ကို ကန်ထရိုက်တိုက်ခန်းလေးထဲ စောင်းစောင်းစွေစွေ တိုးကြည့်နေသည်။

နေ့လယ်စာ ဒန်ပေါက်တန်ခိုးကြောင့် ကြန်စုံနှင့် ထွန်းထွန်းဝင်းတို့ မွန်းတိမ်းအိပ်မက် ကိုယ်စီနှင့် ကျေနပ်စွာ စက်တော်ခေါ်နေကြ၏ ။

အဖွေး ပွပွလုံးလုံးလေးနှင့် အုတ်နံရံကို ကိုယ်တစ်ခြမ်းကပ်ကာ ခြေပစ်လက်ပစ် အိပ်နေရှာသော ကြန်စုံလေးကို ကြည့်ရင်း မေတ္တာစိတ်တွေ

များမိသလောက် ပြတင်းမှ နေရောင်ကို စောင်ကာ၍ သံမံတလင်းမှာ ခင်းထားသော ဖယောင်းပုဆိုးပေါ် စာအုပ်ခေါင်းခုရင်း အကျႌဗလာ ဘောင်းဘီတိုနဲ့နဲ့ စုတ်ချာချာနှင့် နံရိုးပြိုင်းပြိုင်း မျက်ကွင်းဟောက်ပက် အိပ်နေတဲ့ ထွန်းထွန်းဝင်းကို ကြည့်ရင်း သံဝေဂစိတ်တွေ ပွားမိပါသည်။

အိမ်တော်ပါ ငယ်ကျွန်ကြီး

ငါလည်း မင်းလို အချစ်ကို ရှာဖွေဖို့ Ygn Chat ထဲ နှစ်နာရီလောက် ခရီးထွက်လိုက်ဦးမယ်။

ကြန်စုံကို ဂရုတစိုက် စောင့်ရှောက်ထားလိုက်ပါ။

ငါ မရှိတုန်း ပျောက်သွားခဲ့ရင်... ဒါမှမဟုတ် ရုပ်ကြမ်းကြီးနဲ့ အနိုင်ကျင်ခဲ့ရင် မီသံလွင်ကို ခိုးပြေးပစ်မယ်

စာကို တံခါးမှာ ကပ်ခဲ့ပြီး ထိုနှစ်ကောင် မနိုးစေရန် ရေကျော်လမ်းမကြီးပေါ်က ပြေးလာတဲ့ ညနေခင်းလေညှင်းလို အခန်းထဲမှ ဖွဖွလေး ထွက်ခဲ့သည်။

မြတ်စွာဘုရား မြင်တော်မူသော နမိတ်ကြီးလေးပါးသည် သူအို၊ သူနာ၊ သူသေ၊ ရဟန် တို့ ဖြစ်ကြသည်။ ထွန်းထွန်းဝင်းသည် ပက်လက်ကလေး အိပ်နေယုံမျှဖြင့် ခေတ်သစ်ပါဖောမင့်ဖြင့် နိမိတ်သုံးပါး သရုပ်ဖော်နိုင်၏ ။

သူအိုနှင့်လည်း ချွတ်စွတ်တူ၏ ။ သူနာနှင့်လည်း တပ်အပ်တူ၏ ။

ပါးစပ်ဟောင်းလောင်းလေးနှင့် အသက်ရှူနေတာကို ဖယ်၍ သူသေအဖြစ်လည်း ခံစားကြည့်လို့ တစ်ထပ်တည်း ကျနိုင်၏ ။

ကြန်စုံသည်လည်း မျိုးရိုးဗီဇလွန်၍ အဖိုးတန်လှစွာသော ခွေးတစ်ကောင် ဖြစ်၏ ။ ကြန်စုံမွေးသဖခင်သည် သူခိုးတက်နင်း၍ သေသွားရှာသော ခွေးတစ်ကောင် ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော်…

သူ တံခါးဖွင့် ထွက်ခဲ့သည်ကို မသိခြင်းက သက်သေခံနေပါသည်။

*

"လျှာရိုးမရှိတိုင်း လာပြီး ညာဖြီးနေတာတော့ လွန်တာပေ့ါ"

"ဘဂဆိုတာ တိုတိုလေးလား၊ ဟိုးအရှည်ကြီးလား မသိပေမယ့် ဒီဘဂအတွက်တော့ ပိတောက်ဆိုမှ ပိတ်တောက် တစ်ယောက်ဆိုမှ တစ်ယောက် ယုံပါကွာ"

"ယုံအောင်လည်း ပြောတတ်တယ်… လွမ်းအောင်လည်း ချွဲတတ်တယ်"

"ပြောအားရှိတဲ့သူ ဆိုတော့ ပြောပါလေ… မင်းက ပြောလိုက်တိုင်း ခွန်အားဖြစ်စေတဲ့ မြန်မာစကားကို မြန်မာလူမျိုးတွေကြားထဲမှာ နွေးနွေးထွေးထွေး ပြောနေနိုင်တဲ့ သူလေးကိုး… တို့နေရတဲ့ နော်ဝေမှာဆိုရင် တို့ မြန်မာအချင်းချင်း ဝေးလို့ ဘယ်လူမျိုးကိုမဆို ငါးမိနစ်ယောက် မြင်ရဖို့ ခပ်ခက်ခက်ပါကွာ… ဒါကြောင့် တို့ကို စိမ်းစိမ်းကားကား ပစ်မထားပါနဲ့… မင်းရဲ့စကားတွေဟာ တို့အတွက် အားတွေပါ"

"အရမ်း အားငယ်မှာပေ့ါနော်"

"နော်ဝေရှန် (……)အဖြစ် သတ်မှတ်ရင် သူတို့လူမျိုး မိသားစုနှစ်ခုက တာဝန်ယူပြီး အမြဲတမ်း လာပြီး လည်ပတ်ရင်း စောင့်ရှောက်ပေးကြပါတယ်။ သူတို့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေနဲ့ ရင်းနှီး ကျွမ်းဝင်ဖို့ သင်တန်းပေးရာလည်း ရောက်ပြီး သူတို့ရဲ့ နွေးထွေးကြင်နာမှုကိုလည်း ပြသရာ ရောက်ပါတယ်။ မင်း ရိုက်ပို့လိုက်တဲ့ မြန်မာစကားလုံးလေးတွေလောက် ရင်ထဲ ရောက်မလာနိုင်ဘူး

ဖြစ်နေတယ်”

ဩရသ ဖတ်ဖူးတဲ့ ဆောင်းပါးတစ်ပိုဒ်ကို အရင်းအနှီး ပြုပြီး ပွားရတာ စာရိုက်နေတဲ့ လက်တွေတောင် ယားကျိကျိ…။

ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဓာတ်ပုံတစ်ပုံလောက်တော့ ရအောင်တောင်းယူရမည်… ။ Good တယ်ဆို ဆက် Do မှာပါ… ဟဲ ဟဲ…။

Internet ထဲမှာ G-talk နှင့် ဖြီးရတာ ပဲ ဘာလို့ နော်ဝေနိုင်ငံမှာ မနေနိုင်ရမှာလဲ ဟဲ ဟဲ…။ ပတ်စ်ပို့ ပြဖို့မလို။ လေယာဉ်လက်မှတ်ဖိုး မကုန်၊ ရှုံးမန်းနီ မရှိလည်း ဘာဆိုဘာမှ မဖြစ်တာ။ တစ်တာပေါ့… တတိယနိုင်ငံကို ကျောင်းအကောင်းစားကြီးတောင် ပစ်တက်လိုက်သေး ဟေးဟေး။

ကောင်မလေး ကြွေနေပြီ… ခံစားနေရရှာပြီ။

ဘယ်ရမှာလဲ ဩရသလေ ဩရသ…။

“အသားနီစပ်စပ်၊ ဖြူကြွမ်းကြွမ်းကြီးတွေ၊ နှာခေါင်းချွန်ချွန် နှုတ်ခမ်းပြဲပြဲကြီးတွေ ကြားထဲ မျက်စိသူငယ် နားသူငယ်နဲ့ နေရတဲ့ တို့အတွက် မင်းရဲ့ ဝါရွှေညက်တဲ့ ဓာတ်ပုံလေးတစ်ပုံလောက် ပို့ပေးခဲ့ရင် တမ်းတရင်း ရင်ခုန်နေရတဲ့ တို့အတွက် ဘဝဆိုတာ အသက်ဆက်ရကျိုး နပ်တဲ့ သမုဒ္ဒရာထက်က ရေပွက်ကလေး ဖြစ်လာမှာပါ”

“ဂတ္ထုတွေရေးပြီး လှမ်းပို့ပေးပါလား ဒီမှာထုတ်ဝေသူ ရှာပေးမယ်လေ”

“ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းလေးပေါ်မှာ တစ်ယောက်တည်း နေရသူအတွက် မျောတင်လာတဲ့ ပုလင်းလွတ်ထဲက စာတစ်စောင်ဟာ ကိုယ် မဖတ်တတ်တဲ့ ဘာသာနဲ့ ရေးထားရင်တောင် သူ့အလိုလို နှလုံးသားထဲ စီးဝင်ပျော်ရွှင်စေတဲ့ ဆက်သွယ်မှု သင်္ကေတတွေပါ”

“လှပါတယ်ဆိုမှ ရေချိုးဦးမလို့လား”

“တကယ်ပြောတာပါ... သေချာစဉ်းစားကြည့်ရင် Forum Travelar နဲ့ Folder Queen ဆိုတာ ဦးမာဃ ကျေကျေနပ်နပ် လက်စွပ်ဝတ်ပေးမယ့် သူတွေပါ”

“ဘာပြောတာလဲ... မသိဘူး”

“နတ်ဖက်တဲ့ စုံတွဲ...”

“နတ်ဖက်တော့ မသိဘူး၊ နတ်သစ်ရွက်ကို အရောင်ဆိုးရင်တော့ အဖမ်းခံရမယ်”

“ဘာဖြစ်လို့လဲ”

“ယူ မသိဘူးလား... ဒီမှာ လက်ဖက်ကို ဆိုးဆေးသုံးပြီး အရောင်လှအောင် လုပ်ရင် ထိရောက်စွာ အရေးယူနေပြီ”

“အင်း... စားချင်လိုက်တာ ဆီထဲ နစ်နေအောင် စိမ်ထားတဲ့ လက်ဖက်ချဉ်စပ်လေးကို ကြက်သွန်ကြော်နိုင်နိုင်၊ ခရမ်းချဉ်သီး များများ၊ ငရုပ်သီးစပ်စပ်းလေး ဆိုရင် ရှလွတ်၊ ဘယ်လောက်များ လျှာရင်းဖြတ်လိုက်မလဲကွာ... အရမ်းကောင်းမှာပဲနော်... ကဲ.. တို့ကိုဓာတ်ပုံ ပို့ပေးမယ်မဟုတ်လား”

“ဒီဘူတာပဲ ဆိုက်တာပဲလား”

“အင်း... စက်ဝိုင်းပုံ သံသရာကြီးထဲမှာ တို့အတွက် ဘဝတူဆိုတာ Folder Queen ပါပဲ... တကယ်ပါ မင်း ဟိုတစ်ခေါက ပြောခဲ့တယ်လေ၊ ပြီးခဲ့တဲ့ လတုန်းက ချောင်းသာ သွားသေးတယ်ဆို”

“အင်း... ခရုတွေ အများကြီး ကောက်ခဲ့တယ်... ယူချင်လို့လား”

“ခရုတွေတော့ ပို့မပေးပါနဲ့၊ ရေကစားနေတဲ့ ဓာတ်ပုံလေးပဲ ပို့ပေးပါ”

“ဟဲ ရွှေဝါ.. ကြည့်လည်း လုပ်ဦး၊ နင့် နော်ဝေရှန်ကြီးက အကြံသမား နှာဘူးကြီး”

“တိုးတိုးပြောစမ်းပါ ဘုတ်ဆုံမရယ်၊ ရှက်စရာကြီး”

ဟိုက်… ရှေ့တည့်တည့်ခုံမှ ပျံ့လွင့်လာသော အသံကြောင့် ဩရသ အံ့ဩသွားသည်။ တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်ကြီးများ ပွားမိနေပြီလား။

“နင် စဉ်းစားလေ… ရေကစားနေတဲ့ ဓာတ်ပုံဆိုကတည်းက ရေကူးဝတ်စုံနဲ့ပုံကို တောင်းတာပေါ့ဟဲ့… တော်တော့ နင် အဆက်အသွယ် ဖြတ်တော့ နှာဘူးကြီး”

အတိအကျကို သေချာသွားပြီ.. ဩရသ ဣန္ဒြေမပျက် သူ့ဘက်က ပြန်ပို့မဲ့စာကို စောင့်နေလိုက်၏ ။ အပြင်က အသံလေးကိုက ဩရှရှလေးနှင့် ချစ်စရာ။

သူ့ကို နှာဘူးလို့ စွပ်စွဲတဲ့အသံကတော့ စူးပိပိနဲ့၊ ဟွန်း… ဖဲထိုင်ရိုက်နေတဲ့ မိန်းမဂဂကြီး တင်းပါးကွပြီး အီးခိုးပေါက်တဲ့ အသံနဲ့။

“ယူ သိရဲ့လား၊ တို့က ကမ်းခြေကကောက်တဲ့ ခရုလေးတွေကိုတောင် အဆံမပါမှ ကောက်တာ”

အလဲ့… သူက စကားထာ ပြန်ဖွက်နေပြီ၊ တယ်ဆိုတဲ့ စာပါလား.။

“တို့ကို နားလည်အောင် ရှင်းပြပေးပါ”

“လူဆိုလည်း အကြံမပါတဲ့ ရိုးသားတဲ့သူကိုပဲ အပေါင်းအသင်း လုပ်ချင်တယ်၊ ရိုးသား ကြိုးစား၊ လုပ်အားဖြင့် နိုင်ငံတည်တဲ့ Bye Bye Good Luck”

သွားပြီ… သူ ထွက်သွားပြီ။

သွားပါ… သူ ထွက်သွားတာကို မသိမသာ ခိုးကြည့်နေမှာပေါ့…။

ကြားလိုက်ရတဲ့ အသံလေးကို ရင်ထဲ ရှတတ ဝင်လာနိုင်တဲ့ သူမျိုးလေးဆိုလို့ကတော့ G-talk ထဲကပဲ ထွက်သွားလို့ရမည်။

ရင်ဘတ်ထဲက ထွက်သွားဖို့တော့ ခွင့်မပြုနိုင်။

အိုး… ဆင်နဲ့ဆိတ်လို့ တင်းစားလိုက်မိရင် ကိုယ့်လျှာကိုယ် ပြန်ကိုက်ပြီး သေပစ်လိုက်ဖို့ ကောင်းတော့မည်။

Folder Queen လေးရဲ့ ရင်သပ်ရှုမောဖွယ် အလှက မုတ်ဆိတ်မွေး ရှည်ရှည်၊ ဂျီထောင်ထောင်၊ နားရွက်ဖားဖား ကို့ရို့ကားရား ဆိတ်နှင့် ဘယ်လိုတင်စားလို့ လျော်ကန်သင့်မြတ်ပါ့မည်တဲ့လဲ။

ဒါပေမယ့် အဖြေဆိုတာ Yes နှင့် No နှစ်ခုရှိသလို ဘုတ်ဆုံမကြီးနှင့် စပိန်ဂစ်တာလေးကိုတော့ ကွဲကွဲပြားပြား သိအောင် ကြိုးစားရပေဦးတော့မည်။

အိမ်ပြန်ဖို့ ထသွားကြတဲ့ သူတို့နောက် မသိမသာ ထလိုက်သွားပြီး သူတို့ကို ကျော်ကာ ကောင်တာမှာ အစာပြေစားဖို့ ယမ်ယမ်ချဉ်စပ်တစ်ပွဲ မှာရင်း ဘယ်ဟာက ဘယ်သူ့အသံ ဘယ်သူက Folder Queen ဆိုတာ လှမ်းချက်ကြည့်လိုက်တယ်။

“ရွှေဝါ သဘောပေါက်တော့နော်… ငါ့ဆီလာလည်တာတောင် စိတ်မဖြောင့်နိုင်အောင်နော်… ဖြစ်နေတဲ့သူက ဘူးကြီး… နင့်အိမ်မှာဆို နင်တစ်ယောက်တည်း ဘာတွေပြောပြောနေလဲ… အမယ်လေး… အသဲယားလိုက်တာနော်…”

“တော်ပါတော့ ဘုတ်ဆုံမရယ်”

သူများတကာကို ကြားထဲက ဝေဖန်လေကန် အပုတ်ချတဲ့ ဘုတ်ဆုံမ၊ မိန်းမဂဂကြီး တင်ပါးအောက်က လေပုန်းလို ရောက်ရာဘဂ ထွက်ပေါက်မွန်းကြပ်ပါစေသော်ဂ်…။

ဟားဟား… ဘာပဲပြောပြော… Yes သကြားလုံး ကြော်ငြာထဲကလို ရက်စ် လို့အော်ပြီး လေထဲ လက်သီးနှင့် ထိုး၍ ပျော်ပစ်လိုက်ချင်သည်…။

*

ဩရသ လေတချွန်ချွန်နှင့် ပြေးတက်ခဲ့ပြီး တံခါးခေါက်လိုက်၏။ တံခါးခေါက်သံကြားသည်နှင့် အထဲမှ ခွေးဟောင်သံ ကြားလိုက်ရသည်။ တော်တော် ချစ်ဖို့ကောင်းတဲ့ ကြန်စုံ...။ သူ့အလာကို မျှော်နေ၍ သာ တံခါးခေါက်သံ ကြားသည်နှင့် နှုတ်ဆက်ခြင်း ဖြစ်မည်။

ခုနက လေပုတ်လျှောင်ပိတ် ဘုတ်ဆုံမကြီးနှင့် ပေးစားဖို့ ကောင်းသော ငါးနုပ်ခြောက်လို ပိန်ကျစ်ကျစ်ကောင် ထွန်းထွန်းဝင်းရဲ့ မာခေါက်ခေါက် မျက်ခွက်ကြီးကို စိတ်အနှောင့်အယှက်မခံ ကြည့်မနေတော့ပါ။

“ဟေး... ကောင်းခြင်းမင်္ဂလာ အဖြာဖြာကို ကြန်အင်လက္ခဏာစုံလင်စွာ သယ်ဆောင်လာသော ကြန်စုံလေး...”

သူ့ဆီ ပြေးလာသော ကြန်စုံကို ဆွဲပွေ့၍ ပတ်ချာလှည့် ဆော့ကစားနေမိသည်။

“မင်း... ငါ့ကို လူလည်ကျတာတွေ များပြီနော်... ဩ”

ထွန်းထွန်းဝင်း ပါးစပ်က ပြောလို့ အားမရတော့ဘဲ ဩရသကို အနောက်မှနေ၍ ဆောင့်ကန်ပစ်လိုက်သည်။

“အား... ဟေ့ကောင် ပဉ္စနန္ဒိယကံ ထိုက်မယ်နော်... ငါက ခွင့်လွှတ်ပေးလို့ ရတယ်”

“ဟေ့ကောင်... မင်းမွေးတဲ့ခွေး မင်းတာဝန်ယူ၊ နောက်ဆို ငါ့ကို တာဝန်လာမလွှဲနဲ့၊ ငါ ပြန်ရောင်းစားပစ်လိုက်မယ်”

“မင်းကလည်းကွာ… ကြီးကြီးမားမား တာဝန်မျိုး မဟုတ်ပါဘူး… ကဲ… သူအီးပါသေးပေါက် မင်းကို ငါ လုပ်ခိုင်းလို့လား… ငါပဲ ချေးကျုံး သေးကျုံး လုပ်နေတာပဲ”

“အေး… အဲဒါတွေ လုပ်ခိုင်းလည်း မင်းတို့နှစ်ယောက်လုံးကို အပီစိ ပို့ပစ်မှာပေါ့ကွ”

“မင်းကလည်း ဒေါသချည့်ပဲ၊ မင်း စဉ်းစားစမ်းပါကွာ… အခု ဒီအိမ်မှာ ငါတို့နှစ်ယောက်ထဲ ရှိတဲ့ဟာ.. ကြွန်စုံလေးကို သားသမီးလို သဘောထားစမ်းပါ…။ သူ့ခမျာ မိစုံဖစုံ မေတ္တာနဲ့ ပျော်ချင်ရှာမှာပေါ့… မင်းက မိထွေးလိုစိတ်မျိုး မထားစမ်းပါနဲ့”

“သေလိုက်ပါလား… ငါက မိထွေးဆိုတော့… မင်းမယား ဖြစ်သွားမှာပေါ့…”

“ဟ… ငါနေတဲ့ဆီ မင်းလိုက်လာတာလေ… သျှောင်နောက် ဆံထုံးပါလာတာ မဟုတ်ဘူးလား… ဟား… ဟား”

“သူတောင်းစား”

ထွန်းထွန်းဝင်း လှမ်းကန်သည်ကို ရှောင်ရင်း ကြွန်စုံကို ပွေ့ချီလျက် ဩရသ ပတ်ပြေးနေ၏ ။

“ကဲ… ကဲ… မိထွေးကို စိတ်မျိုးမရှိဘူးဆိုရင် သဘောထား အစစ်အမှန်ကို ပြသဖို့ ထမင်းသွားဝယ်”

“အေး… ငါ ဝယ်ရလို့တော့ အဆိပ်ပါ ခတ်လာခဲ့မယ် မသာကောင်ရေ… မနက်ကပဲ ဒန်ပေါက် ဝယ်ကျွေးပြီးပြီ… ညနေစာ မင်းတာဝန် မင်း သွားဝယ်…”

“ဒေါက်ဒေါက်… ဒေါက်… ဒေါက်…”

ဩရသ တံခါးခေါက်သံကြား၍ ဖွင့်ပေးလိုက်တော့…

ဟိုက်.. ရေထဲက တက်လာကာစ ပင်ဂွင်းငှက်ကလေးလို စိုပြေတောက်လက်နေသော ဖြူဖြူပုပု လုံးလုံးလေးနှင့် ပက်ပလစ်ရှာ သားသား...

"ဟား... ရွှေတမီးစာပေက တားတား"

"ညြလတ... မင်း ဒီဇိုင်း အပ်ပြီလား..."

"အေး... အဲဒါကွာ မီးကပျက်လိုက် စက်ကဖောက်လိုက်နဲ့ ငါ အကုန်ရေးပြီးပြီ၊ ကွန်ပျူတာထဲက Print ထုတ်ဖို့ပဲ ကျန်တာ"

"မင်း ဒီနေ့ညနေ အပ်မယ်ဆိုတာ အိမ်ကို သွားအပ်ရသေးဘူးပေါ့ ဟုတ်လား"

"အခုပဲ ကြည့်လေ... ငါဘယ်မှ မသွားဘဲ မီးလာတာနဲ့ Print ထုတ်ဖို့ ထိုင်စောင့်နေတာ"

"အလကာ ဟော့ကောင် သားသား... ဒီကောင် နောက်တစ်ပတ်နဲ့တောင် မပြီးနိုင်ဘူး အလုပ်မှ မလုပ်တာကွာ... အပြင်မှာ ကြောင်လိုက် ချက်တင်မှာ ကြောင်လိုက်နဲ့ မအားရတဲ့အထဲ ခွေးပါ ဝယ်မွေးထားလိုက်သေးတယ်"

"မင်းကျတော့ရော အလုပ်လုပ်လို့လားကွ"

သားသားက သူတို့နှစ်ယောက် စကားတွေကို စိတ်မဝင်စား...။

"ဟူ... သော်ပါသေးရဲ့... ကျေးစူးတင်တယ် တူငယ်ချင်း"

"ဟ... ဘာလဲဟ"

"တူသေဇ်ကောင်း... နတ်ကောင်းမ,တာပဲ တူငယ်ချင်းတို့ရေ... ကဲ ရော့ ဒီဇိုင်းခ နှစ်ပုံး အရင်ယူထားကွာ"

"ဟော့ကောင်... မင်း ပေသီးစာပေက တားတား အစစ်ပါနော်... ဘာတွေများ ပူးကပ်လာပါလိမ့်... လာ... လာ ထိုင်ပါဦး... အမောလေးလဲ

ဖြေစမ်းပါဦး… ထွန်းထွန်းဝင်းရေ ရေခဲရေးတစ်ဘူးလောက်ကွာ”

အမြဲတမ်း တက်ကြွ လန်းဆန်းစွာ နေတတ်သော သားသားတစ်ယောက် အခုလောက် အရုပ်ကြိုးပြတ် ဖြစ်သည်ကို တစ်ခါမျှ မမြင်ဘူး… ဆိုဖာပေါ် ခြေပစ်လက်ပစ် ပုံကျသွားရှာ၏။

အသက်ပါ တစ်ခါတည်း ထွက်သွားလျှင် ဒုက္ခ…။ သူ့လက်ထဲက ထောင်တန်နှစ်အုပ်ကို မြန်မြန်ဆွဲယူလိုက်ပြီး ပွေ့ထားသော ကြွန်စုံကို ကြမ်းပေါ် ပြန်ချပေးလိုက်သည်။

“ဘာတွေ ဖြစ်လာတာလဲကွ…”

ထွန်းထွန်းဝင်းက မေးရင်း ကမ်းပေးလိုက်သော ရေခဲရေဗူးကို ဝက်ငတ်ရေသောက် ဘလောက် ဘလောက်နှင့် အသံမြည်လောက်အောင် တစ်ဗူးလုံးကုန်သည်အထိ မော့သောက်ပစ်လိုက်သည်။ ဖြူဖြူလုံးလုံး သားသားကို နွားငတ်ရေကျလို့ တင်စားလို့ မလျော်…။

“အား… ကောင်းလိုက်တာ ပြောရမှာတော့ အရှည်ကြီးပဲ တူငယ်ချင်းတို့ရေ… မင်းဒီဖိုင်း အပ်ရင် ကျန်တဲ့ ဒီဇိုင်းဖိုးကိုတော့ မန္တလေးက ငွေလွှဲမှ ယူပါကွာ”

“ရပါတယ်… ဘာဖြစ်လို့လဲ ”

“အေး… ဒါပေမယ့် ငါ ဒီဇိုင်းဖိုး အကုန်ရှင်းပေးပြီးတာလို့ ငါ့မိန်းမကို ပြောပေးနော်”

“ဟော့ကောင် မင်း ဂျင်ရှုံးလာပြန်ပြီလား”

“ဟာ… ကြက်၊ ဝက်၊ ဖား၊ ငါးရှဉ့်ထက်ဆိုတဲ့ ဆရာချမ်းမင်းအိမ်နဲ့ ပုဏ္ဏားညိုကြီးတို့ နှိပ်စက်လိုက်လို့ကွာ”

“ဘာလို့ နှိပ်စက်တာလဲ”

“ဆရာချမ်းလေကွာ… ဂတ္တုရေးလို့ မရတော့ပါဘူး… တူ ဒီပရက်ရှင် ဝင်နေပါပြီ ဘာပြီနဲ့ တူ့ကို ဦးနှောက်ဆေးပေးပါ… ကုန်ကြမ်းရှာပေးပါဆိုပြီး အတင်း ဂျီကျလို့ ငါလည်း လိုက်ပြုစုပေးရတော့တာပါ”

“အေး… အဲဒါ ဖြစ်ကောင်း ဖြစ်နိုင်တယ်… သူ့အမျိုးသမီးက ကျောင်းဆရာမဆိုတော့ သူ့မှာ မလူးသာ မလွန့်သာနဲ့ အရမ်းကြောက်ရရှာတာ… ကြာတော့ တိုက်ပိတ်ခံရတဲ့သူလို ဒီပရက်ရှင် ဝင်ပြီပေါ့ကွာ”

“အဲတာပေ့ါ အဲတာ… စာရေးဆရာ ဆိုတော့ စကားလုံး ကြွယ်တယ်… ငါ့ကို စကားပုံတစ်ခုနဲ့ အပိုင်ချည်ပြီး နှိပ်စက်လိုက်တာ… ဘာလဲ သမားဆို အိုမှ၊ ရှေ့နေဆို ပျိုမှတဲ့ ကွ”

“အားပါး… လုပ်စမ်းပါဦးကွ သူ့အခိပ္ပါယ် ဖွင့်ဆိုချက်လေး…”

“တူ့ဘဂရဲ့ မျိုးစုံတဲ့ ရောဂါတွေ ဒဏ်ရာဒဏ်ချက်တွေကို ဝါရင့်သမားအိုကြီးနဲ့ တူတဲ့ တူ့မိန်းမနဲ့ ကုမယ်တဲ့… အခု စာရေးဖို့ နှလုံးသားက တိတ်တခိုး ကျူးလွန်ချင်တဲ့ ပြစ်မှုတွေအတွက်တော့ ငယ်ရွယ်တက်ကြွတဲ့ ရှေ့နေလိုမျိုး၊ ထန်ကောင်း၊ မာန်ကောင်း တစ်ခါတည်း အပြီးအပြတ် ဖြတ်ပေမယ့် တူမျိုးနဲ့ ဆေးကြောသန့်စင် အမှုအပ်ချင်တယ်တဲ့”

“လန်းတယ်ကွာ… ဒါကြောင့် မိန်းမကြောက်ရပေမယ့် ရိုမန့် စာရေးဆရာ ဖြစ်တာ”

“နင်တို့က လန်းနေ တစ်ခုပြီးတစ်ခုဆက်၊ ရေမီးအစုံဆိုတော့ ဒါ ပက်လက်ကို လန်ရော”

“ဟား… ဟား… မင်းက ပါပလစ်ရှာ ဘော့စိပဲဟာ”

“မဘော့စ်ဘူး တူငယ်ချင်းတို့ရေ… ငါဟိုတစ်လောက ဂျင်ရှုံးလို့ စာရင်းလိမ်ထားပြီးပြီ၊ အခုတစ်ခါ ပုဏ္ဏားညိုကြီးကပါ ဆရာချမ်းနဲ့

အပြိုင်လိုက်ကဲတော့ သုံးပုံးကို မြောက်ရော… အခု တူတို့ပါလာတယ်”

“ဟ… ဘာလို့ အပေါ်မလိုက်လာကြတာလဲ၊ သွက်ချာပါဒ လိုက်ကုန်ကြပြီလား… ကဲတာက အလွန်အကျွံတွေကိုး…”

“ကားထဲမှာ တေနေကြပြီလေ… စန့်စန့်ကြီးတွေကို တေနေကြပြီ၊ မူးပြီး အန်ထားလိုက်ကြတာပဲ၊ မွစာကို ကြဲလို့…စိတ်ညစ်တယ်ကွာ… အိမ်ပြန်နောက်ကျရတဲ့ ဆာဗစ်ရှင် ပြေးရဦးမယ်”

“အေး… အေး… သဘောပေါက်ပြီ၊ သဘောပေါက်ပြီ၊ မင်းယုတ္တိရှိအောင် ဖြီးထားတဲ့ ဒီဇိုင်းတွေ အရင်ယူသွားလိုက်”

“အား… မဖြစ်ဘူးသူငယ်ချင်း… နင်ပြီးလို့ ရေးထားတဲ့ နောက်ဆုံးစာမျက်နှာ မရေးရသေးဘူးလား”

“ဘယ်ပြီးဦးမှာလဲကွာ”

“ဟိုးရှေ့အပ်ထားတဲ့ အုပ်က ဟာတွေပါ ရောသမပြီး တစ်အုပ်စာ စဉ်ပေးလိုက်ကွာ… ငါ့မိန်းမကို သာမန်ကာလျှံကာ ပြပြီး မနက်ရောက်တာနဲ့ ရုံးပြေးတင်လိုက်ဦးမယ် ဆိုပြီး နင့်ဆီ ပြန်လာပေးမယ်”

“မင်းလောက် ကလိမ်ကကျစ်ဉာဏ်ပြေးတဲ့ ပေါက်ဖော် မတွေ့ဘူးသေးဘူး။ လုပ်ပေးလိုက်ပါ့မယ်ကွာ”

“ငါ့မိန်းမက ဗန်မော်တူ စိတ်ကြီးတယ် မလွယ်ဘူး”

မင်းတုန်းမင်းခေတ်က ပြောင်ပြောင်မြောက်မြောက် စိတ်ကြီးခဲ့သော ဗန်းမော် ဆရာတော်ကြီးနှင့် ဆွေမျိုးတော်စပ်သည်လား မသိပါ။

“အခုမှ မိန်းမ ကြောက်ချင်ဟန်ဆောင်နေ… ကဲ တုန်းက ကဲကြပြီး”

“အား… အဲတာ မိန်းမ မရခင် ကျောင်းသားဘဝတုန်းကပါကွာ”

"အခုရော..."

"တစ်ခါတလေ ဆရာချမ်းတို့လို လူတွေနဲ့ဆို မိန်းမ မသိအောင် အပေါင်အတင်း အလိုလိုက်ရတာ ပေါ့ ဩလတရာ မင်းကလဲ"

"သော်သော် တူငယ်ချင်းကောင်း ပီတတဲ့ကောင်"

"သားသား မင်းဆရာချမ်းတို့ကို ပြန်လိုက်ပို့ရဦးမှာပေါ့"

"အာ... ထွန်းထွန်းဝင်းရာ နင်တို့ဆီမှာ သိပ်ထားခဲ့မှ ဖြစ်မှာပေါ့... လာ.. လာ... ကားထဲမှာ သွားပွေ့ကြစို့... ငါ အိမ်အပြန် နောက်ကျလို့ မဖြစ်ဘူး"

"ကောင်းကွာ... မင်းအလှည့်ကျ မန္တနဲ့ပေါ့ တားတားရာ"

ဘာပဲဖြစ်ဖြစ် ဘယ်ဆီနေမှန်း မသိသေးတဲ့ ဒီဇိုင်းအတွက် နှစ်သိန်းကတော့ ခိုင်သွားပြီမို့ အဲဒီ မျက်နှာနဲ့ အမူးသမားနှစ်ယောက်ကို ခြောက်လှမ်းထိ ထမ်းတင် လက်ခံထားရ ပေဦးတော့မည်ပေါ့။

ကားက လှေကားတည့်တည့် ပလက်ဖောင်းဘေး ရပ်ထားသည်မို့ တော်သေးသည်။ ရှေ့ခန်းတံခါး ဖွင့်ကြည့်လိုက်တော့ သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချို ကိုးဆယ့်ခြောက်ပါး ရောဂါအစုံအလင် ကန်ထရိုက်ဆွဲထားသော ဆရာချမ်းမင်းအိမ်သည် လောကကြီးကို ကျေနပ်စွာ အိပ်စက်အနားယူနေသည့် ရုပ်ကြီးနှင့် ခေါ်မရ မေးမရ။

ကျော်ရဲအောင်လောက် အရပ်ကောင်း၍ မိုးဒီလောက် ဗိုက်ရွှဲသော ခန္ဓာကိုယ်ကြီးကို ဩရသ တာဝန်ယူ ထမ်းတင်ရတော့သည်။

"ထွန်းထွန်းဝင်း မင်းနဲ့ သားသား ပုဏ္ဏားညိုကြီးကို ထမ်းခဲ့"

ပုဏ္ဏားညိုကြီးဆိုတာ လင်းရောင်ခြည် စာပေမှ ကိုသန်းစိန်သည် ရွှေသမီး စာပေတိုက် စထူထောင်ကတည်းက သားသားရဲ့ အကြံပေးပုဂ္ဂိုလ်ကြီး...။

"အေးပါကွာ... ကဲ ပုဏ္ဏားညိုကြီးကို ငါ ခြေထောက်က မ,ပြီး

ဆွဲထုတ်မယ်၊ သားသား မင်း ဂျိုင်းက လျှိုပြီး မ,။ ဟ ဟ… လုပ်ပါဦးဟ၊ ပုဆိုးရော…”

“ပါ ပါတယ်ကွ၊ ဟာ… ခြေနင်းခွက်ထဲမှာကွ၊ ခြေနင်းခွက်ထဲမှာ…”

*

## အခန်း(၃)

ဒီလိုနဲ့ ပဆစ်အိမ်လို ကန်ထရိုက်တိုက်ရဲ့ အပေါ်ဆုံး အခန်းကျဉ်းလေးထဲမှာ သပွတ်အူလို ရှုပ်ထွေးများပြားတဲ့ ပြဿနာတွေနဲ့ ကြန်စုံလေးတောင် ပျော်တတ်လာရှာပြီ။

ပန်းချီဆရာ စာရေးဆရာ ပါပလစ်ရှာတွေ ဝင်လိုက်ထွက်လိုက်၊ မူးလိုက် အန်လိုက် သာလာယံဇရပ်လေးသို့ ကာတွန်းဦးနောက်နောက်ကြီး ဆောင်းခိုငှက်ကြီးလို စားစရိတ်ပြတ်၍ လာခိုပြီ။

ကာတွန်း ဦးနောက်နောက်ကြီးသည် မျှော်လင့်ချက်ဖြင့် ဟင်းချက်အလွန်ကောင်းသည်။

သူတို့ခေတ်က ကောင်းဘွိုင်မင်းသားကြီး ကလင့်အီးဝုဒ်ထက် အဆတစ်ရာမက ရုပ်ကြမ်းသော်လည်း ဟောလီဝုဒ် မင်းသားတွေထက်ကို အမေရိကန်ဆန်ဆန် ချောသည်ဟု မာန်တက်နေသော ဦးနောက်နောက်သည် မြန်မာပြည်မှ မိန်းကလေးများကို အမေရိကန်ဆန်ဆန် ချဉ်းကပ်လေ့ ရှိသည်။

ရုပ်က ကြမ်းရသည့်ကြားထဲ ဘိုပေါးဖီးယားဆန်သော အပြုအမူများကြောင့် သူနှင့် ပန်းချီကျောင်းတက်ဖော် တဖက်သတ် ငယ်ကြိုက် အံ့တီငြိမ်းဆို သူ့ကို ကြောက်လို့ ဝါရှင်တန်အထိ ရောက်အောင် ထွက်ပြေးသွားခဲ့၏ ။

ဒီလိုနဲ့ အသက်လေးဆယ်ကျော်သောအခါ သက်တူရွယ်တူ စဉ်းစားဉာဏ်ရှိသူများကို လက်လျှော့လျက်၊ နုနုငယ်ငယ် မနူးမနပ်ကလေးများကိုသာ သဲကိုးဖြာမက မန်ကျည်းကိုးပင် ရောနှောက်မွှေလျက်

ယောက်ျားမာယာသုံးကာ အရယူနိုင်ရန် တန်းဆင်း ကြိုးစားရှာတော့သည်။

ရုပ်ကြမ်းသော်လည်း စိတ်မကြမ်းသော အနုပညာသမားပီပီ ရလာခဲ့လျှင် လိုလေသေးမရှိ ပြည့်စုံအောင် ထားနိုင်ဖို့ သူ ကျိတ်ကြိုးစား၏ ။ ကျောလျှားရှည်သော ဦးနောက်နောက်ကြီးသည် ဝင်ငွေကို သူများတန်းတူ မရှာဖွေနိုင်သောအခါ သူ့စိတ်ကူးနှင့်သူ အချစ်အတွက် ပြင်ဆင်မှုတွေ လုပ်လာ၏ ။

ဒါတော့ အောင်မြင်၏ ။

အချက်အပြုတ်၊ အလျှော်အဖွပ်၊ အသိမ်းအဆည်း ပြိုင်စံမရှိ တစ်ဖက်ကမ်း ခတ်ခဲ့လေပြီ။

ဒါပေမယ့် အကြီးမားဆုံးသော သူ့ဘဂ ဗျော်လင့်ချက်ကတော့ ဝေးပြီရင်း ဝေးသည်မို့ ဆွေးစရာကြီးပါ။ ပင်စင်ယူတော့မည့် အသက်အရွယ် လူပျိုကြီးကို သွေးဆုံးအရွယ် အပျိုကြီးပင် သဘောမကျတတ်သည်မှာ လောကသဘာဝပါ။

လင်အယူမှားလို့ သားတစ်ကောင်နှင့် တို့လို့တွဲလောင်း ကျန်နေရရှာသည့် တစ်ခုလပ်မနှင့် စာလျှင်တော့ မိန်းမမရဘဲ အချက်အပြုတ် အလျှော်အဖွပ် ကျွမ်းကျင်မှုဖြင့် ဘဂခရီး ဆက်နေရသော လူပျိုကြီးဘဂက တင့်တယ်လှပပေစွတကား။

ထို့ကြောင့် မျှော်လင့်ချက်ဖြင့် ဟင်းချက်ကောင်းသော ကိုနောက်ကြီး ရှိနေ၍ ဩရသတို့ နှစ်ယောက်နှင့် တစ်ကောင် ဈေးဝယ်ထွက်ခဲ့ကြခြင်း ဖြစ်၏ ။

“ဟော့ကောင်း ဈေးထဲမှာ ဝယ်ရတာ မလွယ်ဘူးကွ၊ ယောက်ျားလေး ဈေးဝယ်ရင် ဈေးတင်တဲ့အပြင် အမလေးကလည်း ခိုးသေး၊ နောက်ပြီး ပစ္စည်းကောင်း ဘယ်တော့မှ မရဘူး၊ City Mark မှာပဲ သွားဝယ်မယ်”

“အေး… မင်းအလိုလိုက် မင်းအကြိုက်ဆောင်ရမှာပေ့ါ၊ မင်းက သားသားဆီက ဒီဇိုင်းက နှစ်သိန်း လောလောလတ်လတ် ရထားတဲ့ကောင်ပဲ”

“ရွှေပါးစပ် ငွေပါးစပ် လေဖြတ်သေဦးမယ့် ပါးစပ်၊ ဖိနပ်စုတ်သာ ကိုက်စားနေမို့ ကောင်းတဲ့ပါးစပ်”

ဩရသနှင့် ထွန်းထွန်းဝင်းတို့ စကားနှင့် ရန်ဖြစ်ကြယုံမကလို့ နပန်းပဲ ဖက်လုံးလုံး ကြန်စုံကတော့ ဂရုမစိုက်ပါ။ လည်ပတ်လေးနှင့် လမ်းပေါ် လျှောက်လည်နေရလို့ကတော့ ကမ္ဘာကြီးက ကျဉ်းလွန်းပါတယ်ဆိုတဲ့ ကောင်စား…။

ဒါကြောင့် ဩရသတို့ထံ ခိုးပြီး အရောင်းခံရလို့ ရောက်လာခဲ့ခြင်းပေါ့။ သူကသာ အီးပေါက်လျှင်တောင် ဖုန်ထအောင် ပုပေမယ့် ဘယ်လောက် ကလန်ကလား ခွေးကြီးတွေ့တွေ့ ကိုက်မယ်ဖွဲ့မယ် တကဲကဲ၊ ကြိုးကို လက်တင်းနေအောင် မနည်းဆွဲထားရသည်။ (၄၆) လမ်းမှ ဖြတ်ထွက်၍ သူတို့ City Mark သို့ ကြန်စုံ ဆွဲခေါ်ရာ လမ်းလုံးပြည့် ကသောကမျော ချီတက်ခဲ့ရ၏ ။

City Mark ရှေ့ ရောက်တော့ ထွန်းထွန်းဝင်း ကြန်စုံလေးအပေါ် ဘယ်ကဘယ်လို မေတ္တာတွေ ပြိုဆင်းပြီး ချစ်ခြင်းတွေ ရင်ထဲ ပေါက်ဖွားလာသည် မသိပါ။

“ကြန်စုံလေး လာ… လာ… လေးလေးထွန်းနဲ့ နေခဲ့ အထဲမှာ အဲယားကွန်းနဲ့ အအေးမိနေမယ်”

“ဟော့ကောင်… မင်း လူလည်ကျတာလားကွ”

“သူငယ်ချင်း အထဲကို ခွေးခေါ်သွားလို့ မရဘူးလေကွာ၊ ငါက အစားအသောက် ဈေးမများပါဘူး၊ မင်းစေတာရှိတာ ဝယ်ချက်.. ရတယ်။ ငါ့အတွက် ဘာမှ အထူးတလည် မစဉ်းစားနဲ့ ဟဲ… ဟဲ”

“အေး… မင်းအတွက် အထူးတည် ရည်စူးပြီး အမဲရိုးတစ်ချောင်း ဝယ်ခဲ့မယ်၊ ဟော့ကောင် ငါ ကြန်စုံကို စိတ်ချမယ်နော်”

“စိတ်ချ ဘောစိ…”

ဩရသ City Mark ထဲသို့ ဝင်သွားတော့ ထွန်းထွန်းဝင်း ကြန်စုံလမ်းသလားရာ ကန့်လန့်ကန့်လန့်နှင့် ကြိုးဆွဲလိုက်ရလေပြီ။

ဘေးလိုင်းမှ သူ့ရှေ့ ဖြတ်သွားသော ပြိုင်ကားအနီလေးက ထူးထူးဆန်းဆန်းကို လှနေ၍ ထွန်းထွန်းဝင်း သွားရေယို ငေးကြည့်လိုက်မိသည်။ ကြန်စုံပင် ကားနီလေးကို ကြည့်ကာ အမြီးနံ့၍ တဝုတ်ဝုတ် လှမ်းဟောင်၏။ ရေရေလည်လည် မိုက်တဲ့ကား လှမှလှ..။

အိုး... နောက်ပြန် ဘတ်ဆုတ်ပြီး ပါကင်ထိုးလာတဲ့ ကားနီလေးရဲ့ တအိအိ လျှောကျလာတဲ့ မှန်ပြတင်းထဲမှ ပုံပြင်ထဲက မြောက်ကျွန်းသူလေး။ တောက်တောက်လက်လက် လှဲသောမျက်ဝန်းတွေ အောက်မှာ နဂိုကတည်းက ကြန်စုံဆွဲရာ ကသောကမျော လိုက်ပါနေရသော ထွန်းထွန်းဝင်း ခြေလှမ်းတွေ ကဘောက်တိ ကဘောက်ချာ ပိုမှားကုန်ပြီ။

အရေးထဲ ကြန်စုံက ရာဇဣန္ဒြေ ပျက်လောက်အောင်ကို တဂျိုဂို တအိအိနှင့် ပြစ်မျိုးမှုံ့မထင် လှပသော မြောက်ကျွန်းသူလေးကို လှမ်းအီနေသည်။ လူထက် အကဲပိုတဲ့ကောင်၊ ဆရာထက် တပည့်လက်စောင်းထက်နေပြန်ပြီ။

ဒုက္ခပါပဲ ခွေးနှင့်အပြိုင် ပိုးပန်းရမည့် သူ့ဘဝကို ထွန်းထွန်းဝင်း စိတ်ပျက်သွား၏။ ကြန်စုံလိုကောင်တောင် ကြိုဆွဲထားသည့်ကြား အတင်းရုန်းထွက်လောက်အောင် လှပသော သူမသည် ဒဏ္ဍာရီထဲက ဥစ္စာစောင့်မလေးလား။

ဘုရား ဘုရား ရန်ကုန်မြို့လယ်ခေါင် နံနက်ခင်းကြောင်တောင်ကြီးမှာပဲ ထိုဥစ္စာစောင့်မလေးက သူ့အလက်ဝိညာဉ်ကို ညှို့ယူဆွဲနုတ်သွားတော့မည်လား။ သူမ ကားပေါ်က ဆင်းရင်း သူ့ကို စူးစူးစိုက်စိုက် ကြည့်ပြုံးလိုက်တဲ့ မဲ့ပြုံးက ရက်စက်တဲ့အပြုံးလား။

သူ့ဆီ တန်းတန်းမတ်မတ်ကို ခပ်သွက်သွက် လျှောက်လာသော သူမ၏

ဆွဲအားသည် ကြန်စုံကိုပင် ဥမ္မာဒန္တီကိုမြင်သော ပုဏ္ဏားတွေလို ရူးသွပ်စေခဲ့ပြီ။

ထွန်းထွန်းဝင်းသည် ကျောက်သားလို မာကြောသော နှလုံးသားပိုင်ရှင် မဟုတ်ရှာ။ ယောက်ျားပီသသော မေရိုးကားကားကြီးနှင့် ဖြစ်သော်လည်း ကျောနှင့် ရင် ပြားကပ်နေအောင် ပိန်လှီလှသော ခန္ဓာကိုယ်ထဲတွင် ကျောက်ကျောမဲမဲအတုံးကြီးလို တုံတုံအိအိ နူးညံ့သော နှလုံးသား ရှိပါသည်။ အထိမခံနိုင်… ပဲ့ကြွေလွယ်ပါသည်။

ဥစ္စာစောင့်လေး ညာတာဖို့ ကောင်းပါသည်။

ကြန်စုံ… လတ်တလော သခင်အတွင်း အလိုက်တသိနဲ့ ငြိမ်သက်စွာ ဖြည့်ဆည်းပေးဖို့ ကောင်းပါသည်။

ထွန်းထွန်းဝင်း ဥစ္စာစောင့်မလေးထံ ထွန့်ထွန့်လူး တိုးထွက်နေသော ကြန်စုံကို တုန်တုန်စပ်စပ်နှင့် ကြိုးမှ ဆောင့်ဆွဲကာ ကတုန်ကယင်နှင့် ဟန့်တားလိုက်သည်။

"ကြန်စုံ ကောင်းကောင်းနေစမ်းပါ"

"လွှတ်ပေးလိုက်ပါ ကြိုးမဆွဲထားပါနဲ့"

အားပါးပါး ခေတ်ပေါ် တီရှပ်နှင့် ဂျင်းဘောင်းဘီဝတ် ဥစ္စာစောင့်မလေးသည် သူ့ကို ကလေးအဖေ ဖြစ်နေခဲ့ရင်တောင် ချစ်နေနိုင်သည်ကို မဟောသဓာနှင့် အမရာလို လက်သီးနှင့် လက်ဝါး သင်္ကေတဖြင့် ဆက်သွယ်ပြောဆိုလာပြီ။

ဘယ်ကိစ္စကိုမဆို စပ်စပ်စုစု လုပ်တတ်ကြသော ရန်ကုန်မြို့က လူတွေကြားမှာ ထွန်းထွန်းဝင်း အပိုင်ရိုက်ချက်နှင့် မဟောသဓာထုံး နှလုံးမူလိုက်သည်။ ဂက်ဝုတ္တိနည်းဖြင့် ဥစ္စာစောင့်မလေးကို အပိုင်ချည်ပစ်လိုက်၏ ။

"ကြန်စုံ အဲဒါ မင်းသခင်မပဲပေါ့ကွာ"

"ရှင်သိရက်နဲ့များ ရှင်... ကဲ ကဲ... ဒီကို ကြိုးပေးပါ"

ဘဂတစ်ခုလုံးကိုတောင် စုံပစ်ပြီး ပုံအပ်ရမယ့်သူလေးကို ထွန်းထွန်းဝင်း ဘာလို့ သံကြိုးလေးတစ်ချောင်း မပေးရမှာလဲ။

"ကြည်ကြည်ဖြူဖြူကြီးကို ပေးပါတယ်ကွာ... ရော့"

"ပေး..."

သူ့လက်ထဲက သံကြိုးကို ဆတ်ကနဲ ဆွဲယူသွားသည့် အပြုအမူနှင့် လေသံက ဘာကြောင့် နူးညံ့မှုတွေ မပါဝင်ရသည်လဲ။ ကာတွန်းဆရာ အနုပညာသမားတစ်ယောက်ရဲ့ နူးညံ့မှုတွေနဲ့ ထိုဥစ္စာစောင့်မလေး၏ အကျင့်စရိုက်နှင့် ဘဂကို သိမ်မွေ့လာအောင် ပြောင်းလဲ ရယူရပေဦးတော့မည်။

အခုမှ ချစ်ရကောင်း သိလိုက်ရတဲ့ ကြန်စုံက သူ့ထက်တောင် စည်းရုံးရေး ပိုကောင်းနေကြောင်း ထွန်းထွန်းဝင်း မျက်မြင်ကိုယ်တွေ့ လက်ခံမိလာသည်။ တော်လိုက်တဲ့ ကြန်စုံ... ကောင်မလေးကို ချက်ချင်း လက်ငင်းပင် သခင်အဖြစ် စည်းရုံးလိုက်နိုင်ပြီ။

ကောင်မလေးက ကြန်စုံ့ကို ချက်ချင်း ကောက်ပွေ့ကာ သူ့ကားရှိရာသို့ ချီသွားလေ၏ ။

ထွန်းထွန်းဝင်းတစ်ယောက် ကျေနပ်ပီတိ တဝေဝေနှင့် တစိမ့်စိမ့် ကြည်နူးနေစဉ် ကောင်မလေးက ကြန်စုံ့ကို ကားထဲ ယုယုယယ ပွေ့ထည့်လိုက်သည်။

*

ဩရသ မြင်လိုက်သော မြင်ကွင်းကြောင့် ကြန်စုံရှိရာ အမြန်ပြေးလာခဲ့ပါသည်။ ထွန်းထွန်းဝင်းဆိုတဲ့ ကောင် ဘာလုပ်နေတာလဲ။ အသုံးမကျ ရိုက်သတ်ပစ်ဖို့ ကောင်းသည့်ကောင်။ ကိုယ့်မျက်စိရှေ့မှောက်မှာပင် ကိုယ့်ခွေးကို ကားတင်ခိုးပြေးဖို့ လုပ်နေသည်ကို ပြူးကြောင်ကြောင်နှင့် ရပ်ကြည့်နေနိုင်၏ ။

အိမ်ပြန်ရောက်မှ နားရင်းနာနာ အုပ်ပစ်ရမည်။ ခုတော့... တွေဝေဝေဝါးနေလို့ မရပါ..။ ကောင်မလေး ထည့်လိုက်သော ကားနီလေးဆီ ပြေးလွှား၍ ...။

"ဟေ့...ဟေ့... မင်းဘာလုပ်တာလဲ၊ ခွေးခိုးပြေးမလို့ပေါ့လေ...။ လာ... လာ ကြန်စုံ လာခဲ့၊ တော်သေးတယ် တွေ့လိုက်ပေလို့။

ကြန်စုံက ဩရသကို မြင်တော့ တဝုဝု တအီအီနှင့် ကားပေါ့ ပြန်ခုန်ဆင်းလာ၏ ။

"ဘာရှင့်... ဘာပြောတယ်.. ရှင်သာ အရူး"

"ဘာကွ..."

ဩရသ သူ့ခြေအစုံကို ပြေးဖက် တိုးဝှေ့ နှုတ်ဆက်နေတဲ့ ကြန်စုံကို လက်ထဲ ဆွဲလာသော ပစ္စည်းအိတ်အား ပစ်ချ၍ ကောက်ချီလိုက်၏ ။

ကောင်မလေးက တန်းလန်းကျနေသော သံကြိုးကို အတင်းဖမ်းဆွဲရင်း...

"ကျွန်မခွေးကို ရှင် ဘာလုပ်တာလဲ"

"ဘာကွ... သူခိုးကများ လူကို ပြန်ဟစ်နေသေးတယ်"

"ဘာရှင့်... ရှင်သာ ခွေးသူခိုး ခွေးဓားမြ၊ ခွေးအနုကြမ်း၊ လာကြပါဦးရှင် ဒီမှာ ကျွန်မခွေးကို အပိုင်စီးနေလို့..."

ဩရသ လက်ထဲတွင် ကြန်စုံတစ်ကောင် ထိုးထိုးထွန့်ထွန့် ဖြစ်နေပြီး တအီအီ အော်နေ၏။

"သူကများ ပြောရသေးတယ်၊ ဒါ ငါ့ခွေးကွ… နော် ကြန်စုံ နော်"

တစ်ခုခုတော့ များနေပြီကို ဩရသ ငြင်းရင်းခုံရင်းနှင့်ပင် သိလိုက်ပြီ။

ကြန်စုံ့ပံစံကလည်း သူ့သခင်ကို ပြန်တွေ့သည့်ပုံစံ။ ကောင်မလေးကို သေသေချာချာ ကြည့်မိသည်။

အားပါး… ချောလိုက်တာမှ မှုန်လို့…။

ဩရသ သူ့မွေးရာပါ ဗီဇအရ ဒီလောက် ချောချောလှလှလေးဆိုတော့ ကြင်နာစိတ်တွေ တစိမ့်စိမ့် ယိုစီးကာ အလျှော့ပေးချင်စိတ်များပင် လွှမ်းလွှမ်းလာတော့သည်။ နောက်ပြီး ကြန်စုံကလည်း လွန်ခဲ့သည့် တစ်ပတ်ကမှ သူတို့ ဝယ်လာခဲ့သည့်ခွေး မဟုတ်ပါလား။

"ရှင် ပြဿနာ အကြီးအကျယ် မတက်ချင်ရင် ကွိကွိကို ပြန်ပေးပါ၊ ကွိကွိဟာ ငယ်ငယ်လေး နို့ခွဲစကတည်းက ကျွန်မ မွေးခဲ့တဲ့ ခွေးလေးပါ"

"အင်း.. ဒီကိစ္စနဲ့ ပတ်သက်လို့ တို့တွေ ပြေပြေလည်လည်နဲ့ ဆွေးနွေး ပြောကြရအောင်လားကွာ"

"အပိုတွေ ပြောမနေပါနဲ့၊ ကွိကွိရဲ့ ခွေးမှတ်ပုံတင်တွေ ကာကွယ်ဆေး ထိုးထားတဲ့ မှတ်တမ်းမှတ်ရာတွေ အကုန်ရှိတယ်၊ တရားစွဲ မခံချင်ရင် အေးအေးဆေးဆေး ပေးပြီး ပြန်…"

"ဟား… ဟား… မင်း အခုပြနိုင်လို့လား"

"အိုး… ဒါတော့ အိမ်မှာ ကျန်ခဲ့တာပေါ့"

"ဒါဆို မင်းအိမ်က ဘယ်မှာလဲ… အတိအကျပြော"

"ဘောက်ထော် ပြည်သာယာမှာ၊ အိမ်နံပါတ် (…./ခ)"

"ဟုတ်ပါပြီလေ.. နာမည်ကရော"

"ဝင့်ဘုန်းကိုကို"

"လှလိုက်တာ"

"ဘာ…"

"လူရော နာမည်ရော လှတယ်လို့…"

ကောင်မလေး အငိုက်မိသွားရှာပြီလေ… ဟဲ… ဟဲ….။

"တို့နာမည်က သြရသ၊ ရေကျော် လမ်း ၅၈ မှာ နေတာ မောင်အေး ကဖီးနဲ့ လမ်းလေးပဲ ခြားတယ်၊ တိုက်နံပါတ် (….)၊ အခန်း နံပါတ် ၁၂ နောက်ဆို လာလည်နော်"

"အို… ဘာတွေ လာပြောနေတာလဲ"

ဥစ္စစောင့်မလေး ဝိညာဉ်အနှုတ်ခံလိုက်ရသော ထွန်းထွန်းဝင်း အခုမှ သတိပြန်ဝင်လာကာ သြရသတို့ထံ ပြေးလာ၏ ။

"အဟီး… သခင်က နှစ်ယောက်ဖြစ်နေတော့ ကြန်စုံလေးကို သနားလို့… တို့တွေ ဘာတွေဖြစ်ဖြစ် ကြန်စုံ့မျက်နှာ ထောက်ရတော့မှာပေ့ါ၊ ဟော့ကောင် ကြန်စုံ မင်း အဖေဆီ တစ်လှည့် အမေဆီ တစ်လှည့် နေလိုက်လုပ်ပေ့ါကွာ နော်… ဟဲ… ဟဲ"

"ဘာစကား ပြောတာလဲ… အူကြောင်ကြောင် မလုပ်နဲ့ နားကားသွားမယ်… အဲ့တော့ လူတွေမှ အများကြီး ဝိုင်းကြည့်နေကြပြီ၊ ကျွန်မ ရဲကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်မှာနော်… ပြဿနာမတက်ချင်ရင် အမြန်ပြန်ပေး"

သြရသလည်း ခုမှ ဝိုင်းကြည့်ခံနေရသည်ကို သတိထားမိသွားသည်။ ဟန်ကိုယ့်ဖို့ လုပ်ရင်း သွားလေး လှမ်းပြီးပြရင်…

အခုမှ ထွန်းထွန်းဝင်း ဇာတ်ရည်လည်သွားကာ ပွဲထဲသို့ ဝင်လာပါတော့သည်။

"အင်း… မင်းတို့နှစ်ယောက် မဟောသဓာ သားတရားစီရင်ခန်းထဲကလို ခွေးကို နောက်ခြေထောက်နှစ်ဖက်၊ ရှေ့လက်နှစ်ဖက်ကနေ ဆွဲပြီး လုကြပါလား"

"အိုး…. အူကြောင်ကြောင်နဲ့ အဓိပ္ပါယ်မရှိတာ…"

"ဟော့ကောင် ထွန်းထွန်းဝင်း၊ မင်း အသုံးမကျလို့… မထိန်းသိမ်းလို့ ဒီလိုဖြစ်ရတာ မင်းသေမယ်…၊ အဲဒီ လို ဆုံးဖြတ်လို့ကတော့ ငါက မဆွဲဘူး လွှတ်ပေးလိုက်မှာ၊ ငါက သခင်စစ်စစ်ကြီး ဖြစ်နေတော့ ကြန်စုံလေး နာမှာစိုးလို့"

သူတို့ အငြင်းအခုံ အနိုင်လုပွဲကို ဝိုင်းကြည့်နေသော ပရိသတ်ကိုပါ ပြောရင်း ဩရသက သူ့ဘက်ပါလာအောင် ပြုံးပြ မဲဆွယ်လိုက်၏ ။

"တော်ပါ… အူတိအူကြောင်တွေ ဘာမှ လာလုပ်မနေနဲ့၊ ကွိကွိကို ပြန်ပေးပြီး သွားကြတော့"

"အား… အကြံရပြီ၊ ဒီကိစ္စ ကာယကံရှင်ကို ဆုံးဖြတ်ခိုင်းရမယ်၊ သူ့မှာလည်း ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်တယ်လေ၊ ဟုတ်ဘူးလား"

"သူက လူမှ မဟုတ်တာ၊ ဘယ်လိုဆုံးဖြတ်ပေးနိုင်မှာလဲရှင့်… ပေါချက်ကတော့ ကမ်းကုန်ပဲ"

"ဒါလား… မပူပါနဲ့ မိန်းကလေး… ကဲ… မင်းတို့နှစ်ယောက် တစ်ယောက်တစ်ဖက်ဆီမှာ ခပ်လှမ်းလှမ်းလေး ရပ်နေပေးကြ…. ငါ အလယ်တည့်တည့်ကနေ လွှတ်ပေးမယ်၊ ဒီက ညီမလေးဆီသွားရင် ညီမလေး ယူ၊ ဩရသဆီ သွားရင်တော့ ဩရသ ယူပေါ့၊ အိုကေတယ် ဟုတ်လား၊ အဲဒီ လိုမျိုး ပြောတာလေ"

"OK… Good တယ်ကွာ၊ လန်းတယ်… ငါက လက်ခံရဲတယ်…

အခုကြည့်နေတဲ့ ပရိသတ်ကြီးကို သက်သေထားမယ်၊ မင်းက ဒိုင်လူကြီး လုပ်ပြီး အလယ်တည့်တည့်ကနေ လွှတ်ပေးလိုက်”

“ကောင်းတယ်… လုလိုက်တာဗျာ… ပလက်ဖောင်းပေါ်က အဖြည့်ခံ မေတ္တာပိုဒ်စုံရတုပဲ.. ဟတ်ထိတယ်”

ရပ်ကြည့်နေသော လူတွေကြားထဲမှ ကျောပိုးအိတ် ဖောင်းဖောင်းကားကားကြီး လွယ်ထားသော စိတ္တဇဆေးရုံမှ ထွက်ပြေးလာသည့် ဥပမိရုပ်နှင့် ပိန်လှီလှီ မဲကြုတ်ကြုတ် လူတစ်ယောက်က အူတိအူကြောင် ထောက်ခံလာ၏။

ဝင်းဘုန်းကိုကို ဆိုတဲ့ ကောင်မလေး ပေါက်ကွဲသွားသည်။

“ရှင်က ဘာလဲ… ဘယ်သူလဲ”

“ဟဲ… ဟံမင်းဝေ၊ လူငယ်စာရေးဆရာ၊ ဆရာဟံမင်းဝေ၊ ပို့စ်မော်ဒန်ကဗျာဆရာ ဟံမင်းဝေ”

သေသာသေလိုက်ချင်တော့သည်။ ဝင်းဘုန်း ဒီမနက်ခင်းမှာ အူကြောင်ကြားတွေနဲ့ပဲ ကြုံရတော့မှာလား မသိ။ ဂဇ္ဇကြီးလွန်းပါဘိ။

“ကဲ တွေ့ပြီလား၊ ထောက်ခံသူတွေတောင် တဖြည်းဖြည်း များလာပြီ၊ မင်း အဆုံးအဖြတ် မခံရဲဘူး မဟုတ်လား… အတုနဲ့ အစစ်ဆိုတာ အဲဒီ မှာ စတွေ့ကြတာပါပဲ ဟဲ ဟဲ”

သြရသ စကားကြောင့် ကောင်မလေး တင်းသွားသည်။

“တော်တော် စိတ်ကူးယဉ်ကြပါလား… ကဲ… သဘော သဘော”

ထွန်းထွန်းဝင်း အောင်မြင်မှု ရသွားသော ဒိုင်လူကြီးတစ်ယောက်ရဲ့ အင်မတန် သိက္ခာကြီးမားသော ခေါက်ဆွဲမကြိုက်သည့် ဣန္ဒြေကြီးပုံစံ တစ်ခွဲသားနှင့် မာန်တက်ကာ စည်းကမ်းချက်များ ထပ်ထုတ်ပြန်သည်။

"အင်း… စည်းကမ်းချက်အနေနဲ့ ဘယ်သူမှ ခွေးကို နာမည်ခေါ်ပြီး ဆွယ်တာမျိုး မလုပ်ရဘူး၊ တိတ်တိတ်လေး နေပေးရမယ်။ သူ့ဘာသာသူ ဆုံးဖြတ်သွားပါစေ၊ သဘောတူကြလား"

"OK သူငယ်ချင်း.."

"ကြာတယ်ရှင် စမယ်…"

ခွေးအဆုံးအဖြတ်ပွဲကြီး စလေပြီ။ ဩရသနှင့် ဝင့်ဘုန်းကိုကိုဆိုတဲ့ ကောင်မလေးတို့ ဆန့်ကျင်ဘက် ခပ်လှမ်းလှမ်းဆီသို့ ကျောပေးလျှောက်သွားကြရကာ ထွန်းထွန်းဝင်းက အလယ်မှနေ၍ ကြနိစုံကို ကိုင်ထားကာ ဒိုင်လူကြီး လုပ်ပေးရ၏ ။

ပလက်ဖောင်းပေါ်ပြတဲ့ မျက်လှည့်၊ ပွေး၊ ဂဲဆေးကြော်ငြာများကိုတောင် အားအားယားယား စပ်စပ်စုစု ကြည့်တတ်ကြသောလူတွေ သူတို့ပွဲလေးကို စိတ်ဝင်တစား ဝိုင်းကြည့်နေသည်။

"Ready ပဲ အဆင်သင့်ကို စားလို့ရတယ်… ငါးသေတ္တာ၊ ဆိတ်သား၊ ကြက်သား၊ အမဲသားနှပ်…"

"ဟေ့ကောင် ကြော်ငြာဝင်မနေနဲ့ နိုင်အောင်လို့ စိတ်ထဲကနေ တယ်ရီပသီနည်းနဲ့ ဆက်သွယ်ပြီး ခေါ်ထားကွ"

"ဒိုင်လူကြီး ဘက်မလိုက်နဲ့… ဘာတယ်ရီပသီလဲ"

ဩရသတို့ဘက်မှ ကဗျာဆရာ ဟံမင်းဝေလို ယောက်ျားအားပေးသူ ပေါ်လာသလို ဝင့်ဘုန်းကိုကိုဆိုတဲ့ ကောင်မလေးဘက်မှလည်း အမျိုးသမီး အားပေးသူ ပရိသတ်ထဲမှ ပေါ်လာချေပြီ။ တယ်ရီပသီဆိုတဲ့ စိတ်ချင်းဆက်သွယ်မှုကို မသိသော ခပ်ရိုးရိုး ခပ်စွာစွာ အစ်မကြီးတစ်ယောက်က ဝင်ဟန့်ပေးလာ၏ ။ ထွန်းထွန်းဝင်း သွားလေးဖြီးကာ ဖြေရှင်းချက် ထုတ်ပေးရတော့သည်။

“မေတ္တာဓာတ် ပို့လွှတ်ခိုင်းတာပါ အစ်မကြီးရယ်… ဟဲ ဟဲ”

“ပြီးရော”

ထွန်းထွန်းဝင်း ပြောတာ မဆိုးပါ၊ ဩရသ မျက်စိကို စုံမှိတ်၍ စိတ်ထဲမှ ကြန်စုံ့ကို သူဆီလာဖို့ စိတ်ချင်းဆက်သွယ်မိအောင် မေတ္တာပို့ပေးနေမိသည်။

“ကြန်စုံ လာခဲ့ပါကွာ.. ငါ့ဆီ ရဲရဲသာ လာခဲ့စမ်းပါ၊ မင်းကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ်… ငါ ကတိပေးပါတယ် မင်းသခင်မလေးနဲ့လည်း မင်း ပျော်ပျော်ရွှင်ရွှင် နေရမှာပါကွာ၊ ဘာပဲဖြစ်ဖြစ် သိပ်မကြာခင် သူ ငါ့ရည်းစား ဖြစ်ကိုဖြစ်ရမယ်ကွ၊ နောက်ပြီး မင်းအတွက်လည်း မင်းတို့မျိုးတူ ခွေးမလေးပါ ငါ ထပ်ဝယ်ပေးမယ်ကွာ..လာ… လာ ကြန်စုံလေး လာ”

ဝင့်ဘုန်းကိုကို ဆိုတဲ့ ကောင်မလေးရော ဘာတွေ ကြိတ်ဆုတောင်းနေမည်လဲ မသိနိုင်။

“ကဲ… စမယ်… ဝမ်း… တူ… သရီ”

“ဝေါ… အော့.. ဂျူး… အီဝုဝု”

ထွန်းထွန်းဝင်းရဲ့ တာလွှတ်သံအဆုံး ကြန်စုံရဲ့ အသံလေး ထွက်လာသည်။ ဒီကောင် ဝေခွဲရ ခက်နေပြီလား၊ ဘာပဲဖြစ်ဖြစ် တာလွှတ်သည်နှင့် ရှိသမျှ အစွမ်းကို ရသလောက် ထုတ်သုံးရသည်မှာ အပြစ်လို့ ယူဆလို့ မရပါ။ အောင်ပွဲလိုချင်သော ယှဉ်ပြိုင်သူ၏ ဝီရိယပါ။

“ကြန်စုံ… ကြန်စုံ”

“ရှင် စည်းကမ်းဖောက်တာလား”

“ဟုတ်တယ်… ဟုတ်တယ်”

ဝိုင်းကြည့်နေတဲ့ ပရိသတ်ပါ ပါလာပြီ။

“ဟ… ကြန်စုံလေး အော်သံကြားတော့ တစ်ခုခု ဖြစ်ပြီလား စိုးရိမ်ပြီး ခေါ်မိတာ၊ ဒီမှာ ကြည့်လိုက်ပါ၊ မျက်စိကို စုံမှိတ်ပြီး မေတ္တာပဲ ပို့နေတာ၊ ဘာမှ မြင်တာ မဟုတ်ဘူး… ကဲ… အခုမှ မျက်စိဖွင့်မှာနော်… ကြည့်ထား ဖွင့်ပြီ”

ကောင်မလေးလည်း စိတ်လှုပ်ရှားနေပုံ ရသည်။ ကြန်စုံကတော့ ပြိုင်ပွဲအဆုံးအဖြတ်ကို သူပေးမယ်မှန်း မသိတာ၊ အူကြောင်ကြောင်လေးနှင့် ဟိုကြည့် ဒီကြည့် လှည့်ပတ်ကြည့်ကာ ကျောယားလာသည်လား မသိ၊ ဆောင့်ကြောင့်ပင် ထိုင်ကုတ်နေလိုက်သေးသည်။

လူတွေ ဝိုင်းရယ်ကြတော့ ပြန်ထ၍ တစ်ကိုယ်လုံးကို ရေချိုးပြီး ရေခါသလို စိတ်ကြိုက် ခါပစ်လိုက်သေးသည်။ ဩရသဆီလည်း မသွား၊ ဝင့်ဘုန်းကိုကိုဆိုတဲ့ ကောင်မလေးဆီလည်း မသွား၊ ခုနကတည်းက တံခါးပြန်မပိတ်ရသေးသော ကောင်မလေး ကားအနီလေးပေါ် ပြေး၍ ခုန်တက်သွား၏ ။

“ကဲ.. အဲဒါ ကွိကွိရဲ့ အဆုံးအဖြတ်ပဲ”

ကောင်မလေးရဲ့ ဂမ်းသာအားရ စကားကို ထောက်ခံသူတွေ များ၏ ။

“ဟာ…ဒါ ပြိုင်ပွဲစည်းကမ်းနဲ့ မညီညွတ်ဘူးလေ”

“အိုး… ရှင် ဘာမှ လာပြောမနေနဲ့တော့… ဒါ သူစီးနေကျ ကားမို့ သူ တက်သွားတာပဲ၊ အဖြေက ရှင်းနေပြီ”

ကောင်မလေးက အနိုင်နှင့် ပိုင်းလျက် ကားဆီ ပြေးလွှားကာ ဝင်ထိုင်၍ စက်နှိုးလိုက်၏ ။ ယာဉ်အသွားအလာကြော့် ချက်ချက် မထွက်ရသေးသော ကားဆီ ဩရသ ပြေးသွား၏ ။ ကြန်စုံလေးက ပြတင်းပေါက်မှ သူ့ကို တအီအီ နှုတ်ဆက်နေ၏ ။

“ကြန်စုံရေ… မင်းဆီ ငါ လာလည်မယ်နော်… မင်းလည်း ငါ့ဆီ

လာလည်ပါကွာ နော်... မလာတတ်ရင် မင်းအမေကို ပို့ခိုင်း ကြားလား... ဖေကြီး စောင့်နေမယ်နော် ကြန်စုံ.. တာ့တာ”

ဝင့်ဘုန်းကိုကို ဆိုတဲ့ ကောင်မလေးက နှုတ်ခမ်းကို ကိုက်ပြီး မျက်စောင်း ဒိုင်းကနဲ လှမ်းထိုးသည်။

မေတ္တာမုန်တော့ ဩရသ ရင်ဘတ်ပေါ်မှာ ပန်းခင်းတစ်ခင်း ဝေဝေဆာဆာ ပွင့်လာ၏။

ကားကြောပွင့်သည်နှင့် ကားနီလေး ဂျူးကနဲ ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားလေပြီ။

*

သူ့ခြေထောက်ကို နမ်းလိုက် အိမ်တံခါးဝကို ပြေးသွား၍ ဟောင်လိုက် လုပ်နေသော ကွိကွိကို ကြည့်၍ ဝင်းဘုန်း ရယ်မိသည်။ ခြေထောက်လေးတွေ တိုသလောက် လမ်းသလားချင်သော ကွိကွိ...။

ခုလည်း သူက အလွမ်းသယ်လို့မှ မဝသေး၊ ကွိကွိက လမ်းထွက်မလည်ရအောင် ခြိထဲလောက်တော့ ဆင်းချင်နေပုံ ရသည်။

“ကွိကွိ”

ခေါ်လိုက်သည်နှင့် သူထံ ကမန်းကတန်း ပြန်ပြေးလာကာ ခြေထောက်ကို အတင်းတိုးဝှေ့ ပွတ်သပ်နေတော့သည်။

“နင် အပြင်လျှောက်လည်ရလိမ့်မယ်လို့တော့ ယောင်လို့တောင် စိတ်ကူးမယဉ်နဲ့နော်၊ မနေ့က ရန်ဖြစ်ခဲ့ရတာ ဒေါသတောင် မပြေသေးဘူး

ကြားလား”

“ဝေါ့… အော့… ဝု.. အီအီ”

“ခြံထဲပဲ ဆင်းရမယ် ကြားလား”

“ဝုတ်… ဝုတ်”

“သွား… လာပြောမနေနဲ့… နင် ဟိုမှာ ဘယ်လိုများ ပရမ်းပတာ နေခဲ့လဲ ဟွန်း… ရုပ်ကိုက ကလေကချေရုပ်”

“ဝုတ်… ဝုတ်”

“အောင်မာ… ဘာပြောတာလဲ… အူကြောင်ကြောင် လာမလုပ်နဲ့… လာ ခြံထဲပဲ ဆင်းရမယ်”

အိမ်ရှေ့ ဘာဂျာတံခါး ဖွင့်လိုက်သည်နှင့် ကွိကွိ ပြေးဆင်းသွားကာ ခြံထဲမှာ ခုန်ပေါက်ပြေးလွှားနေတော့သည်။ ဝင့်ဘုန်း လိုက်ဆင်းလာတော့ ကွိကွိ ပိုပျော်သွားပုံရသည်။

ခြံထောင့် စက္ကူပန်းရုံအောက် ကျောက်ရုပ်ကြီးလို ငြိမ်သက်စွာ ကီထိုင်နေသော ကိုကို့ထံ ပြေးသွားပြန်သည်။

ဝင့်ဘုန်း ကိုကို့ကို ကြည့်ပြီး နှာခေါင်းရှုံ့မိသည်။ သူများတကာကို လုပ်ဖို့ ပင်ပန်းတကြီးနှင့် ကိုယ်ကိုယ်ကို အရင်နှိပ်စက်နေရသည့် အလုပ်ကြီးကို သူမို့ ဝါသနာကြီးလွန်းသည်။ လူမိုက်ကြီး။

မာန်အပြည့်နှင့် ကီသွင်းထား၍ ကျောပြင်ရှိ ကြွက်သားတွေက မြောင်းမြောင်း ထနေကြသည်။ ခြေနှင့်လက်ချောင်းကို စနစ်တကျ ကား၍ ထက်ဝက်ထိုင်ထားသောကြောင့် ကီဘောင်ဘီအောက်မှ ခြေသလုံးကြွက်သားများကလည်း ဖုထစ်နေ၏ ။

ခါးနှစ်ဖက်မှာ ကျစ်ကျစ်ပါအောင် ကပ်ထားသော လက်နှစ်က

အနေအထား ပြောင်းလာ၏ ။ ညာဘက်လက်ကာ မာန်အပြည့်နှင့် အပေါ်သို့ တဖြည်းဖြည်း မြောက်တက်သွားချိန် ကွိကွိသည် ဘာစိတ်ကူးပေါက်သွားသည် မသိ။ ကွိကွိ ခြေသလုံးကို ပြေးလျက်လိုက်သည်။

“ယား…”

ကျားဟိန်းသံကြီးလို အသံနက်ကြီး ဟိန်းထွက်လာပြီး ယာလက်ဝါးဖောင်းကြီးက ရှေ့မှ အုတ်နီခဲကို ထက်ပိုင်း ချိုးချ၏ ။

“အား…”

ကွိကွိသည်လည်း အရမ်း လန့်ဖျန့်သွားကာ ဝင့်ဘုန်းထံ လုံးနေအောင် ပြေးလာရှာသည်။ ကိုကိုလည်း ညာဘက်လက်ကို တဆတ်ဆတ် ခါကာ တအားအား အော်နေ၏ ။ ခုမှ ကြည့်မိသည် ကိုကိုရှေ့မှ အုတ်နီခဲကတော့ ရာဇဏ္ဍေကြီးမားစွာ ခန့်ညားတင့်တယ်စွာ စံနေလျက်ပင်။

“ကိုကို… ကျိုးသွားပြီလား… လက်”

*

ဒေါ်ရှုးထက်ထက်ကျော် ပြန်လာလျက် သွေးတက်မည်စိုး၍ မောင်နှမနှစ်ယောက် ဒေါ်ပူစူးကို ကြိတ်မှာကာ ဆေးခန်းပြေးဖို့ လုပ်ရတော့သည်။ ညဏ်ဟိရ်တင်ကိုကိုသည် ကျားကိုစီး စားမကုန်သော ခန္ဓာကိုယ်ကြီးနှင့် ကရာတေး ခါးပတ်နက် ဖြစ်သော်လည်း တစ်ခုခု နာစရာရှိပြီဆိုလျှင် သူ မတူအောင် အသဲငယ်စွာ နာကျင်တတ်လေ့ ရှိ၏ ။

ကားစက်နိုးပြီးမှ အရေးထဲမှာ ပိုက်ဆံအိတ်က မေ့နေရသေးသည်။ ဝင့်ဘုန်း ကားတံခါးဖွင့် ဆင်းကာ ပိုက်ဆံအိတ် ပြေးယူရပြန်၏ ။

ပိုက်ဆံအိတ် ယူပြီး ပြန်လာတော့ ကွိကွိ ဆိုသည့် သကောင့်သားက ကိုကို့ပေါင်ပေါ်မှာ အခန့်သား ထိုင်လို့…။

"ဟိတ်… ကွိကွိ ဆင်းစမ်း… ဒေါ်ကြီးပူစူးနဲ့ နေခဲ့ပါဆို ဆင်း… ဒေါ်ကြီးပူစူးရေ…"

"ဝုတ်… ဝုတ်… ဝုတ်"

"အောင်မယ်… မရဘူး ဆင်း… နင်က ခြေဖွေပါတဲ့ကောင် အပြင်ခေါ်သွားလို့ မရဘူး၊ ထပ်ပျောက်ဦးမယ် ဆင်း… ဆင်းစမ်း"

"ဝုတ်… ဝုတ်"

"ကဲပါ မိဘုန်းရယ်… လိုက်ချင်တာ လိုက်ပါစေ၊ ဆေးခန်းကျ ကားပေါ် တံခါးသေချာပိတ်ထားခဲ့၊ အား… နာလှပြီ… သွားရအောင် အား…."

"နင် ဒီတစ်ခါ ထွက်သွားလိုကတော့ အမွေပြတ်ပဲ မှတ်… ဟွန်း"

ဝင့်ဘုန်း ကားတံခါးကို ဆောင့်ပိတ်ပြီး မောင်းထွက်ခဲ့၏ ။ ညာဖက်ဟိရ်တင်ကိုကိုက တရှီးရှီး ညည်းညူနေသည်။ ကွိကွိကတော့ ညာဖက်ဟိရ်တင်ကိုကို ပေါင်ပေါ်မှ အနောက်ခန်းသို့ ကူးသွားကာ ကားပြတင်း အပြင်ကို ခေါင်းထုတ်၍ ပဲ ပေးလိုက်သည်။

"ကိုကိုကလည်း လုပ်နိုင်တာလည်း မဟုတ်ဘဲနဲ့ ဘာလို့ လျှောက်လုပ်နေရတာ လဲ"

"အောင်မာ… ဘာလို့ မလုပ်နိုင်ရမှာလဲ… ဒီအုတ်ခဲ သုံးခဲလောက်များ ငါ ခွဲနေကျ…. အခုက ငါ ကီသွင်းပြီး ခွဲတဲ့အချိန်ကျမှ နင့်ကောင်က ခြေသလုံး လာယက်တော့ လန့်ပြီး ကီပျက်သွားတာ… မေမေ ပိန်းအိုးထဲက အုတ်ခဲမှန်သမျှ ငါခွဲထားတာတွေပဲ နင်မတွေ့ဘူးလား"

"တွေ့သာပဲ… မုန့်ဖိုးလိုတိုင် တူကြီးကိုင်ပြီး ခွဲခွဲနေတာ"

"ဟ… သေသေမွမွလေးတွေ ဖြစ်အောင်တော့ တူနဲ့ ခွဲရမှာပေါ့ဟ… ထက်ပိုင်းချိုးတာတော့ ဒီလက်ဝါးဇောင်းပဲ မှတ်ထား.. အား ရှီး… ရှီး"

"ခစ်"

"ငါ ခေါင်းရိုက်ခွဲလိုက်ရ ရှစ်စိတ်ကွဲတော့မယ်… အား လား… လား"

"လေကတော့ ကီလို ၁၂ဂ အောက် မလျှော့ဘူး… ပြော ဘယ်ဆေးခန်း မောင်းပေးရမလဲ"

"ကန်တော့လေးက တရုတ်ဆေးဘဲ သွားစီးမယ် ဟား… အရိုးတော့ မကျိုးလောက်ဘူး ထင်ပါတယ်… အမလေး… လေး…"

ကိုကိုသည် သူကလပ်စ်မှာ သူ့တပည့်တွေနှင့်ဆို တကယ့်သူရဲကောင်းကြီး။ လက်ဖဝါးမပြောနှင့် လည်ပင်ရိုးကြီး ကျိုးပြီး မျက်နှာကြီး ပြောင်းပြန်ဖြစ်သွားတောင် ပြောင်းပြန်ပြီးကြီးနှင့် စိတ်ထဲကသာ ကိတ်ညည်းလိမ့်မည်။ အခုလို အမေရေ အဘရေ တစ်ချက် ညည်းမည် မဟုတ်။

အိမ်မှာဆိုလျှင်တော့ ပုရွက်ဆိတ် ကိုက်လျှင်ပင် တအားအား တအီးအီး လုပ်နေတတ်သည်။ ဝင့်ဘုန်း နောက်ကြည့်မှန်းမှ ကွိကွိကို လှမ်းကြည့်လိုက်တော့ မောင်မင်းကြီးသားက လေညှင်းခံကာ ဇိမ်ယူနေ၏ ။

ဆရာကြီး ဦးတင်အောင်၏ တူ ဆရာကိုသန့်ဇင်အောင် ဆိုသည့် ဆေးခန်းရှေ့ ကားပါးကင်ထိုးရင်း ဝင့်ဘုန်း သူ့ကားနှင့် မော်ဒယ်တူ အရောင်တူသည် Honda ကားနီလေးကို တွေ့လိုက်၏ ။ သူ့ကားနှင့် သုံးစီးကျော်တွင် ရပ်ထားသည်။

အဖြစ်သည်နေသော ကိုကိုကြောင့် ထိုကားလေးကို သေသေချာချာ မကြည့်လိုက်ရ… ကားမှန်တွေကို တင်၊ လော့ခ်ချကာ ကွိကွိကို ကောင်းကောင်း နေခဲ့ရန် မှာရသည်။

“ကွိကွိ… မင် ကောင်းကောင်းနေခဲ့နော်၊ နင် လိုက်ချင်လို့ ခေါ်လာပြီးပြီး၊ ဆေးခန်းထဲတော့ ခေါ်လို့မရဘူး ကောင်းကောင်းနေနော်”

“ဟော… ကိုကို ဆင်းလေ၊ ညီမလေးက ကိုကို့ကို ဆေးခန်းထဲ ကလေးလို ပွေ့ချီခေါ်သွားရဦးမှာလား”

“ဟာ… ဆင်းမှာပေ့ါဟ… နာရတဲ့အထဲ… အား ရှီး… ရှီး”

ဉာဏ်ဟိန်းရှိတင်ကိုကိုသည် လူတွေရှေ့ ရောက်လာပြီဆိုတော့ ကားထဲမှာ အားရအောင် ညည်းညူပြီး မာန်တင်းကာ တကယ့်လူစွမ်းကောင်းကြီးသဖွယ် ရင်ကော့ဆင်းလိုက်သည်။ မေ့ပြီး ညာဘက်လက်နှင့် တံခါးကို လက်ပြန်လှမ်းပိတ်မိတော့ အသံခိုက်သွားပြန်သည်။

“အား…”

ဟောင်အော်မိပြီးမှ သူမဟုတ်သလို ပုံစံနှင့် ဆေးခန်းတွင်း ရင်ကော့ ဝင်သွား၏ ။ ဝင့်ဘုန်းလည်း ကိုယ့်အစ်ကိုအကြောင်းကို သိ၍ သူ့နောက်မှ မြန်မြန် လိုက်ဝင်ခဲ့ရတော့သည်။

ရှေ့မှာ လူနာ ငါးယောက် ရှိနေ၍ တော်တော် စောင့်လိုက်ရ၏ ။

အံမယ်.. ဆရာက ဆေးစည်းပေးတော့ လက်က တဖြည်းဖြည်း ပိုယောင်လာတာတောင်မှ ကိုကိုက ဘာမှ မမှုသည့်ပုံစံနှင့် တကယ့်ဇာတ်လိုက်ကြီး။

ကားပေါ်ရောက်လျှင် အသေညည်းတော့မှာ ဝင့်ဘုန်း အလိုလို သိနေ၏ ။ နောက်ရက်တွေလည်း လာရဦးမည်။

ဆေးခန်းကထွက်တော့ မနေ့က ခွေးပြန်လုခဲ့ရသည့်သူ Taxi တစ်စီးပေါ် တက်သွားတာ လှမ်းမြင်လိုက်ရ၍ နှာခေါင်းရှုံ့ကာ မျက်စောင်း လှမ်းထိုးပစ်လိုက်သည်။ ကားပေါ် ပါသွားသော အဲဒီ လူကတော့ သိမည်မဟုတ်ပါ။.

စိတ်ထဲ အလိုလိုနေရင်း ပျော်လာသလိုလို… ကိုကို့ကို ပခုံးနှင့် တိုက်ပြီး

စလိုက်သည်။

“ကိုကို နာရင် အခုကတည်းက ညည်းထားနော်… ကားထဲရောက်မှ တအားအား မလုပ်နဲ့၊ ကွိကွိနဲ့ ထပ်ကိုက်ခိုင်းလိုက်မယ်”

“မိဘုန်း”

သူ့ကို လူကြားသူကြားထဲ စလျှင် မကြိုက်သော ကိုကိုက အော်သည်။ ဝင့်ဘုန်း ကျိတ်ရယ်ရင်း တံခါးကို ဆွဲဖွင့်လိုက်တော့… ဟင်… ကွိကွိ မရှိတော့”

ကိုကို ပြန်ပိတ်ခဲ့သော ရှေ့ခန်းတံခါးက ဟနေ၏ ။

“ကွိကွိ”

*

မြားနတ်မောင်သာ တကယ်ရှိခဲ့လျှင် ထွန်းထွန်းဝင်း တွေ့ချင်လှပါသည်။ တွေ့လို့တော့ တစ်သက်တစ်ကျွန်းပဲ ကျကျ လက်နှစ်ဖက်လုံးကို သွင်သွင်ကျိုးအောင် ရိုက်ချိုးပစ်မည်။ ဘယ့်နှယ် သူ့အတွက်ဆိုလျှင် ဘယ်တုန်းကမှ မြားကို တည့်တည့်မတ်မတ်မှ ပစ်မပေးခဲ့တာ။ စိတ်ထဲ ခွင့်လွှတ်ကြည့်လို့ကို မရ။

A.A Phamacy မှ ကောင်မလေး လိပ်စာမှ မသိရသေးခင် အလုပ်က ထွက်သွားပြီတဲ့၊ သူ့သူငယ်ချင်းတွေကို စုံစမ်းမေးမြန်းကြည့်တော့ ရင်ထဲ ပိုခံစားလာရ၏ ။

သူ နေ့တိုင်းလာနေ၍ ရှက်လို့ အလုပ်ထွက်သွားခြင်းတဲ့။

အိမ်အထိ လိုက်တွေ့လျှင်တော့ စဉ်းစားပေးပါမည်၊ လိပ်စာက ကန်စွန်းရွက် ရပ်ကွက်၊ ပေါက်ပေါက်ဆုပ်လမ်းတဲ့…။

သေလိုက်ကြပေါ့…။ လူကို သူတို့ လှောင်စရာများ ထင်နေကြသည်လား မသိ။ မိန်းကလေးတွေ ဖြစ်နေလို့ ကိုယ်ကလည်း တစ်ယောက်တည်းဆိုတော့ အားငယ်စိတ်နဲ့ ခွင့်လွှတ်ခဲ့ရသည်ပေါ့။

ထုံးစံအတိုင်း လာရာလမ်းသို့ ပြန်မြန်းခဲ့ရ၏ ။

ဒီတစ်ခါ ကြေကွဲခြင်းတွေထက် ရှက်ဒေါသတွေကိုပါ တနင့်တပိုးကြီး သယ်ယူလာခဲ့ရ၏ ။

ဘူတာကြီးရှေ့မှ ရေကျော်သို့ Bus စီးပြန်ဖို့ လာခဲ့ပြီးမှ ပလက်ဖောင်းတွေကို ဆောင့်ကြီးအောင့်ကြီး စိတ်ရှိလက်ရှိ နင်းလျှောက်ရသော အရသာကို စိတ်တွေ့လာသည်။

ပလက်ဖောင်းကွက်တိုင်းမှာ သူလိုက်ခဲ့သော ကောင်မလေးတွေရဲ့ မျက်နှာတွေက TV ဖန်သားပြင်ပေါ်မှာ ပေါ်သလို ပေါ်ပေါ်နေ၍ ဆောင့်ဆောင့်နင်း လျှောက်ရသည်ကို အားရကျေနပ်မိ၏ ။

"တီ… တီ"

ထွန်းထွန်းဝင်း လျှောက်နေသော ပလက်ဖောင်းဘေး ကပ်၍ ဘီးလိမ့်လိုက်လာသော ကားတစ်စီးက ဟွန်းတီးနေ၍ လှည့်ကြည့်လိုက်သည်။ ဟား… မြောက်ကျွန်းသူ ဥစ္စာစောင့်မလေး ကြန်စုံ့သခင်…။

"မှတ်မိတယ် မဟုတ်လား"

လာပြန်ပြီ၊ မိန်းကလေးများ သိပ်ခက်သည်။ သူတို့နာကျည်းစိတ်ပျက်မိပြီဆိုသည်နှင့် ပြန်ပြီး သိမ်းသွင်းဖြားယောင်းဖို့ ကြိုးစားတော့မည်။

"မှတ်မိရဲ့သားနဲ့ ညာဖို့ မကြိုးစားပါနဲ့"

တွေ့လား..။ မသိချင်ယောင် ဆောင်လို့ကို မရတော့…။ တော်ကြာ

ကောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေးနေပြန်ပြီလို့ စကားနာထိုးကြပေဦးမည်။

ထွန်းထွန်းဝင်းက နာကျည်းမုန်းတီးမှုတွေနှင့် ဘဂကို မတည်ဆောက်ချင်ပါ။ မျက်စိတစ်ဆုံးလည်း မျှော်မကြည့်ချင်...။ ဒီကွေ့ရောက်လျှင် ဒီတက်နှင့် ဝါးတာဖော်လို ဖစ်ရှိ ဖော်လိုလေးသာ မျှောလိုက်ပေးလိုက်ပါတော့မည်ဟု စိတ်ကို လျှော့ချလိုက်ပါသည်။

သူ့နှလုံးသားကို အနုကြမ်းစီး သိမ်းပိုက်ထားသော စေတန်နတ်ဆိုးကို ခါထုတ်ပစ်လိုက်၏ ။

မိန်းမချောလေးများနှင့် ပတ်သက်လာလျှင် ထာဂရ နူးညံ့စွာ သိမ်မွေ့ဖော်ရွေသော ပင်ကိုယ်စိတ်ရင်းက အိပ်မက်ဆိုးမှ နိုးသလို နိုးထာလာတော့သည်။

"လိမ်တယ် ညာတယ် ဆိုတာ ကိုယ့်သဘောနဲ့ ဆန့်ကျင်တဲ့အရာပါ၊ မမှတ်မိဘူးလို့ပဲ မပြောမိပါလားကွာ"

"ဒါဆို ကားပေါ်တက်ပါ"

ထွန်းထွန်းဝင်း သူ့ပါးကိုသူ ဖြန်းကနဲ ရိုက်ကြည့်လိုက်၏ ။ အား... နာလိုက်တာမှ အီစလံကို ဝေလို့..။ ဒါ အိပ်မက်မဟုတ်။

သူ့ကို အံ့ဩစွာ ကြောင်ငေးကြည့်နေသော ကောင်မလေးကို ဟီးကနဲ ရယ်ပြရင်း ကပျာကယာ ကားခေါင်းကို ပတ်၍ ပြေးသွားကာ ရှေ့ခန်းတံခါးကို ဆွဲဖွင့်၍ အခန့်သား ဝင်ထိုင်ပစ်လိုက်သည်။

"ဘယ်သွားချင်လို့လဲ ဟင်... ကိုယ့် ဘယ်ကို လိုက်ခဲ့ပေးရမှာလဲ"

"ရှင်တို့နေတဲ့ အိမ်"

"အမ်"

ခေတ်လွန်မော်ဒန်မလေးပါလား....။

"ရှင်နဲ့ သူ အတူတူနေတာ မဟုတ်လား၊ ရှင် ညာဖို့ မကြိုးစားပါနဲ့... ယောက်ျားတွေ ဖြစ်ပြီး ဒီလို အောက်တန်းကျတာကတော့ မကောင်းပါဘူး"

"နေ... နေပါဦး... ဘာတွေ... ဘယ်လို"

"အို... ရှင် ဘာမှ ထပ်လိမ်ဖို့ မကြိုးစားပါနဲ့၊ ရှင်တို့အိမ် ရေကျော်မောင်အေး ကဖီးနား ဆိုတာလည်း ကျွန်မ မှတ်မိတယ်၊ ပြောင်ညာဖို့ကတော့ ခုကတည်းက ရဲစခန်းကို တန်းမောင်းပစ်မှာ၊ ကွိကွိကို ပြန်ခိုးသွားတာ ရှင့်လူဆိုတာ အသေအချာပဲ"

"ဘာ..."

*

အခန်းထဲရောက်လျှင်ရောက်ချင်း ပြက္ခဒိန်ကို ပြေးကြည့်ရမည်ဟု ထွန်းထွန်းဝင်း တွေးမိပါသည်။ ဒီနေ့ ပြဿဒါးလား မသိ။ သူ့နောက်က ကောင်မလေးက သူ့ကျောကို သေနတ်နှင့် တေ့ထောက်ထားသလို ခံစားရသည်။ အလိုလို တရားခံစိတ်တောင် ဝင်ပြီး အားငယ်လာသလိုလို..။

သူတို့ အခန်းကြိုးစကို ခပ်ပြင်းပြင်း ဆွဲခါပစ်လိုက်ပြီး ဘယ်သူထွက်လာမလဲလို့ မော့ကြည့်နေမိသည်။

"ရှင် တစ်ခါတည်း မတက်ဘဲ ဒါ ဘာလုပ်တာလဲ လူခေါ်ကြိုးနဲ့ အချက်ပေးတာလား"

"ဘာ.. ဒါဆိုလည်း လာ..."

သူ့အပေါ် သံသယဖြင့် လိုက်ကြည့်နေသော ကောင်မလေးကို

ထွန်းထွန်းဝင် ကျွဲမြီးတိုသွား၏။ လူပျိုကြီး ဦးနောက်နောက် လာနေ၍ တမင် ဧည့်သည်ပါကြောင်း အချက်ပေးတဲ့ စေတနာကို ကောက်မလေ သဘောမပေါက်…။

ဦးနောက်နောက်ကြီးသည် ပန်းချီဆရာလုပ်ပြီး ပန်းချီရေးဖို့ ပျင်းသလောက် ရုပ်ရှင်ကြည့်ဖို့ ဝါသနာ အလွန်သန်၏။ လူပျိုယောက်ျားလေးဆောင်လို ဖြစ်နေသော ဩရသ အခန်း ရောက်ပြီဆိုသည်နှင့် လူပျိုကြိုက်ကားများကိုသာ မအိပ်မနေ အသက်ရှည်အောင် ကြိုးစားပမ်းစား အမြဲကြည့်တတ်သည်။

TV ရီမုဒ် ခလုတ်ကိုတောင် ကောင်းစွာ မဖွင့်မအိတ်တတ်သော ဦးနောက်နောက်သည် အခုဆိုလျှင် ခေတ်နှင့်အညီ Internet မှ Download လုပ်ထားသော မြန်မာမော်ဒယ်မင်းသမီးများ နာမည်ကြီးသူများ၏ ခိုးကြောင်ခိုးဟုက် သတင်းများကို ကွန်ပျူတာမှာ စိမ်ပြေနပြေ ရှုစားနေတတ်သည်။

နွားပျိုသန်လှ နွားအိုပေါင်ကျိုး ဆိုသော စကားပုံ ရှိပါသည်။ သူနှင့်အတူ ထပ်တလဲလဲ မခံစားနိုင်သော သူနှင့် ဩရသသည် ကွန်ပျူတာကို သူ့အကြိုက် ဖွင့်ပေးထားခဲ့ပြီးမှ သွားလိုရာ သွားကြရပါသည်။ သူကလည်း ကွန်ပျူတာကို စိတ်မဝင်စား၊ ခလုတ်ကလေးတစ်ခုတောင် ကိုင်မကြည့်… ပေါ်လာသမျှ ရုပ်ပုံတွေကိုသာ အပြည့်အဝ ခံစားတတ်၏။

ထို့ကြောင့် မိန်းကလေး ဧည့်သည် ပါလာကြောင်း ပိတ်စရာရှိတာ ပိတ်ထားရန် ကြိုတင်အချက်ပေးခြင်း ဖြစ်ပါသည်။

ဩရသသာ မရှိလျှင် ဒုက္ခ… ဦးနောက်နောက်သည် ကွန်ပျူတာ ပိတ်တတ်ဖို့ဝေးစွ၊ ဆောင်းဘောက်စ်မှ အသံတိုးဖို့ပင် ဘယ်နေရာက တိုးရမှန်း မသိသော အန်းတိတ်ကြီး။

ဒါပေမယ့် မတတ်နိုင်တော့…။ ကောင်မလေးကို အပေါက်ဝမှာ စောင့်ခိုင်းပြီး သူ ပြေးပိတ်ပစ်လိုက်မည်။

"ဒေါက်… ဒေါက်… ဒေါက်"

တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး အထဲမှ အသံများကို နားနှင့် တံခါးချပ်ကို ကပ်၍ နားထောင်ကြည့်လိုက်သည်။ ကံကောင်းသည်၊ ဘာသံမှ မကြား…။ သံသယစိတ် များလွန်သော ကောင်မလေးက သူ့ကို စူးစူးစိုက်စိုက် အကဲခတ်လျက်…။

ခုနက ကြိုးဆွဲထားသောကြောင့် ဖြစ်မည် တံခါးက ချက်ချင်း ပွင့်လာ၏ ။

ထွန်းထွန်းဝင်း နောက်မှ ဝင့်ဘုန်းကိုကိုဆိုတဲ့ ကောင်မလေးကို ခူယားကောင်ကြီး နှစ်ကောင်နှင့်တူသော မျက်ခုံးကြီးနှစ်ခု ထိစပ်သွားသည်အထိ ဦးနောက်နောက် မျက်မှောင်ကြီး ကုတ်ကြည့်နေသည်။

"ဩရသ ရှိလား ဦးနောက်"

"ရေချိုးနေတယ်"

"သူက ဩရသဆီ လာတာ…. ဩရသနဲ့ သူနဲ့က…"

"ဟာ… အပေါက်ဂကြီးမှာကွာ… လာ…လာ… ကလေး ဝင်ပါ"

ဒီအခန်းမှာ သူတို့နှစ်ယောက်တည်း မဟုတ်ဘဲ လူကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရ၍ ဝင့်ဘုန်း အားပိုရှိလာ၏ ။ ကွိကွိကို တွေ့ချင်လွန်းသည့် စိတ်ကလည်း ပြင်းပြင်းပျပျ ဖြစ်နေသောကြောင့် သူတို့ခန်းထဲ ဝင့်ဘုန်း ခပ်တည်တည်ပင် ဝင်ခဲ့သည်။

"ကဲ… ထိုင်ပါဦး ကလေးမ… တွေ့ရတာ ငါကိုယ်တိုင် တကယ် ဂမ်းသာသကွယ်၊ ဩရသ ဒီလောက်စွံမယ် မထင်မိဘူး… တကယ်ပါ… တကယ်…"

"ဦးနောက်"

ထွန်းထွန်းဝင်း ဟန့်၍ လည်း မရ…

“အေး… အေး ငါကိုယ်တိုင် ခေါ်ပေးပါ့မယ် ထွန်းထွန်းဝင်းရာ”

သုန်မှုန်တင်းမာသွားတဲ့ ဝင့်ဘုန်းဆိုတဲ့ ကောင်မလေးမျက်နှာကို တစ်လှည့်၊ အံ့သြတကြွနေတဲ့ ဦးနောက်နောက်ကြီးကို တစ်လှည့် ကြည့်ရင်း ထွန်းထွန်းဝင်း သက်ပြင်းချမိသည်။

ဉာဏ်ကြီးရှင် ဦးနောက်နောက်ကြီးကတော့ လူငယ်တွေအတွက် အင်မတန်မှ အလိုက်တသိ ဖြည့်ဆည်းပျေါင်သော စိတ်စေတနာနှင့် သြရသရှိရာ ရေချိုးခန်းသို့ သူ့အသံပြကြီးနှင့် လှမ်းအော်နေသေးသည်။

“သြရသရေ.. သြရသ”

“ဗျာ”

“မင်းကောင်မလေး ရောက်နေတယ်ဟေ့.. မြန်မြန်ထွက်ခဲ့”

“အတော်ပဲ ကျောကုန်းကို ချေးတွန်းတာ လက်မမီလို့ စိတ်ညစ်နေတာ၊ ချေးတွန်းခိုင်းမလို့ လွှတ်လိုက်”

“တောက်”

ကောင်မလေးထံမှ တောက်ခေါက်သံ ထွက်လာမှ ဦးနောက်နောက် အားနာသွားက ရေချိုးခန်းရှေ့ ပြေးသွား၍ အော်ပြန်သည်။

“ဟေ့ကောင် သြရသ… ပေါက်ကရတွေ လျှောက်မပြောနဲ့ မင်းကောင်မလေး ဒေါသထွက်နေပြီ”

“အဲဒါဆို ဦးနောက်ကြီး အာဘွားပေးရင်း ချော့လိုက် ဟား… ဟား”

သြရသနှင့် ဦးနောက်နောက်တို့ လုပ်ပုံများကြောင့် ထွန်းထွန်းဝင်းလည်း ဝင့်ဘုန်းရှေ့မှာ မနေရဲတော့…။ ဦးနောက်နောက်ကြီး နောက်ကျောကို အကာအကွယ်ယူကာ ပြေးကပ်ထားလိုက်၏ ။

"ဟေ့ကောင်… ငါကိုယ်တိုင် တကယ် အတည်ပြောနေတာ အခုချက်ချင်း ထွက်ခဲ့"

ရေပန်းသံတွေနှင့် ဩရသ ဘူးလုံးနားထွေး ဖြစ်နေ၍ ရေပိတ်ကာ မွေးပွသဘက်ကို ဆွဲယူပတ်၍ ရေချိုးခန်းထဲမှ ထွက်ခဲ့၏။

"ဘယ်မှာလဲ ကျွန်တော့်ကောင်မလေး အစိမ်းလိုက် ဝါးစားပစ်မယ်… အဲ…"

ဩရသ ဝင့်ဘုန်းကိုကို ဆိုတဲ့ ကောင်မလေးကို ဘယ်လိုမှ မျှော်လင့်မထားဘဲ တွေ့လိုက်ရ၍ အကြီးအကျယ် အံ့အားသင့်သွားမိသည်။ နောက်ပြီး ဖြစ်သလို မျက်နှာသုတ်ပဝါလေး ပတ်ထွက်လာခဲ့သည့် အဖြစ်ကိုလည်း ရှက်သွား၏။

"ဘာပြောတယ်"

"အဲ… နောက်မှ ပြောမယ် ဟော ဟိုမှာ… ဟိုမှာ"

ဩရသ သူ့ကိုယ်သူ မလုံမလဲနှင့် ဦးနောက်နောက်ကြီး နောက်ကျောသို့ ပြေးကွယ်ကာ ဝင့်ဘုန်းအာရုံကို လွှဲလိုက်၏။

ဝင့်ဘုန်း အူကြောင်ကြောင်လေးနှင့် လှည့်ကြည့်တုန်း ဩရသက ဦးနောက်နောက်ကြီး အနောက်မှ သူ့အခန်းထဲသို့ လှစ်ကနဲ ဝင်ပြေးပြီး တံခါးပိတ်ပစ်လိုက်တော့သည်။

အခန်းထဲရောက်သည်နှင့် နီးရာဘောင်းဘီတစ်ထည်ကို ကောက်ဝတ်ရင်း ဩရသက ကောင်မလေး လာရင်းကိစ္စကို လှမ်းမေး၏။

"ဟေ့ မင်းဘာလာလုပ်တာလဲကွ"

ကောင်မလေးခမျာ စကားပြန်ပြောခွင့် မရ၊ ဦးနောက်နောက်ကြီးက ဘုမသိ ဘမသိ ဝင်အားနာပေးပြန်၏။

"အာ… ဟေ့ကောင်… မင်းကွာ ကိုယ့်ချစ်သူကို ဘာကိစ္စ စိမ်းစိမ်းကားကား ဆက်ဆံရတာ လဲကွ"

ဝင့်ဘုန်းကိုကို ထိုလူကြီးကို ဆက်ပြီး သည်းမခံနိုင်တော့ပါ။ လူကြီးဖြစ်ပြီး တရားလွန်လာပြီ။

"အန်ကယ့်စကားတွေက သိပ်တရားလွန်နေပြီ အန်ကယ်"

"ဦးနောက်ကလည်း ဟုတ်သားပဲ"

"ဟေ့ကောင် ငထွန်း၊ မင်းပဲ ပြောပြီး သူက ဩရသရဲ့ ကောင်မလေးဆို"

"အာ… မဟုတ်ပါဘူး ဦးနောက်ရာ၊ ကျွန်တော် အဲဒီ လိုပြောလို့လား ဩရသဆီ လာတာလို့လဲ ပြောတဲ့ဟာကို"

"ဟေ… ငါကိုယ်တိုင်တောင် မျက်စိလည်လာပြီ"

"ဒီမှာ အန်ကယ်၊ ဘာမှ မျက်စိလည်စရာ မရှိဘူး၊ အန်ကယ်တူက ကျွန်မခွေးလေးကို လာပြန်ခိုးသွားတယ်၊ ပြန်ပေးဖို့ ပြောပေးပါ"

စွပ်စွပ်စွဲစွဲ၊ ဩရသ တီရှပ်ကို ကမန်းကတန်း ကောက်စွပ်ရင်း လှမ်းအော်လိုက်၏။

"ဟ… ဟိုနေ့က မင်းပဲ ပြန်ခေါ်သွားတယ်လေ… ငါ ဘယ်မှ ပြန်ယူလို့လဲ၊ လုံးဝမယူဘူး"

"သြော်… ဒီလိုကို၊ ငါကိုယ်တိုင် ထင်တော့ထင်သားပဲ၊ ဒီလိုကောင်က ဒီလိုအချောအလှလေးကို စွံပါ့မလားလို့…"

ဦးနောက်နောက်ကြီး အခုမှ ဇာတ်ရည်လည်သွားတော့၏။

ဩရသက အခန်းတံခါး ဖွင့်ထွက်လာ၏။ ဝင့်ဘုန်း ကွိကွိကို ချစ်လွန်းသောကြောင့် စိတ်လျော့ကာ ဩရသအခန်းထဲသို့ တွေ့လိုတွေ့ငြား ကဲ

ကြည့်ရင်း…

“ရှင်ခွေးချစ်တာ ကျွန်မ သိထားတယ်လေ၊ ညာမနေပါနဲ့…”

“ခွေးပဲ ချစ်တတ်တာ မဟုတ်ပါဘူး အဟဲ… ဟဲ… ဟဲ”

“ရှင့်စကားကို အနှောင့်အသွားလွတ်အောင် ပြောပါ၊ ကွိကွိကြောင့် စိတ်က တိုနေတာ”

“ဟုတ်တယ်၊ မိန်းကလေးပြောတာ မှန်တယ်၊ ငါကိုယ်တိုင် ထောက်ခံတယ်၊ မင်းတောင်းပန်လိုက်ပါ၊ ငါလည်း ငယ်ရာက ကြီးလာတပဲကွ၊ ခွေးပဲ ချစ်တတ်တာ မဟုတ်ဘူး ဆိုတာကြီးက ဒီက မိန်းကလေးကိုပါ ချစ်တယ်ပြောသလိုကြီး”

ဦးနောက်နောက်ကြီးက လေပိုင်းရောက်လာသော လူကြီးပီပီ အရိုးခံနှင့် အူကြောင်ကြောင် ဝင်ပြောတော့ ထွန်းထွန်းဝင်းကပါ ထပ်ပြီး ဝင်ကွန့်တော့၏။

“မင်း သူ့ကို ချစ်ပါပြီတဲ့ကွာ… အဲလို ချစ်လို့ ချစ်တယ်ပြောချင်ရင်တောင် ချစ်တဲ့အကြောင်းကို အခုအချိန်မှာ မပြောသင့်ဘူး၊ ပြန်တောင်းပန်လိုက်”

“တို့ နည်းနည်းမှားသွားပါတယ် ဝင့်ဘုန်းရယ်”

“ရှင်တို့ ဘာတွေလဲ… အပိုတွေ ပြောမနေကြပါနဲ့၊ ကျွန်မခွေးလေးကိုသာ ပြန်ထုတ်ပေးကြပါ။ ကွိကွိရေ ကွိကွိ”

ဝင့်ဘုန်းက ကွိကွိကို ဖွက်ထားလျှင် ကြားအောင် အော်ခေါ်လိုက်ပါသည်။

“ဟ… ဘာလို့ အရမ်းအော်နေတာလဲ၊ တကယ်မယူတာပါကွာ”

“ရှင် ခုနက ရှင့်အခန်းထဲ ပြေးပုက်ထားလိုက်တယ် မဟုတ်လား၊ ကွိကွိကို မအော်နိုင်အောင် ပေါက်ကရတွေတော့ မလုပ်ထားနဲ့နော်”

"ကြဲကြဲဖန်ဖန်ကွာ... ကဲ တစ်အိမ်လုံး ရှာချင်သလို ရှာကွာ... အခန်းထဲပါ ကျေနပ်အောင် ရှာ"

ကွိကွိကို ချစ်သည့် ဇောစိတ်ကြောင့် ဝင့်ဘုန်း ဘယ်လိုမှ စိတ်မထိန်းနိုင်။

တကယ့်ကို ပစ်စလက်ခတ် ဖရိုဖရဲနိုင်လှသော တစ်အိမ်လုံးကို လျှောက်ရှာကြည့်တော့၏။ မီးဖို၊ ရေချိုးခန်း၊ အိမ်သာက အစ လိုက်ကြည့်ပြီး နောက်ဆုံး ဩရသ ဝင်ပြေးသွားသော အခန်းထဲသို့ပင် ဝင်ကာ ကုတင်အောက်မှာ ပါးစပ်ကို ပလာစတာနှင့် စီးထား၍ ကြိုးနှင့်တုတ် ပုက်ထားမည်လား စိုးရိမ်ကာ ငုံ့ရှာမိစဉ်...

ရုတ်တရက် အခန်းတံခါးဟာ ဂျိမ်းကနဲ ပိတ်သွားပြီ။

"ဟင်... ရှင်တို့ ဒါ ဒါဘာလုပ်ကြတာလဲ၊ မယုတ်မာကြနဲ့နော်၊ အခု တံခါးပြန်ဖွင့်၊ အော်လိုက်မှာနော်... ဖွင့်"

ဝင့်ဘုန်း တံခါးရှိရာ ပြေးသွားပြီး တံခါးချပ်ကို စိတ်ကြိုက် ထုတ်ရင်း အော်နေ၏။

"မိန်းကလေး... မအော်နဲ့၊ ငါကိုယ်တိုင် ပြောတာ၊ တံခါးက လေတိုက်လို့ သူ့ဟာသူ ပိတ်သွားတာ၊ ဘယ်သူမှ မပိတ်ဘူး၊ မယုံရင် ဖွင့်ကြည့်၊ ဦးတို့အားလုံး ဟောဒီနေရာမှာပဲ ရပ်နေကြတာ"

ဝင့်ဘုန်း တံခါးကို တွန်းဖွင့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားပါသည်။

သူတို့သုံးယောက်လုံးက ခုနက နေရာမှာပင် တည်တည်ငြိမ်ငြိမ် ရပ်နေကြရှာပါသည်။

"ကျွန်တော်တို့က ပေါက်လွတ်ပဲစား အကြံသမားတွေ မဟုတ်ဘူး၊ Gentleman အနုပညာသမားတွေပါ၊ ဒီက ဦးနောက်နောက်ကြီးဆို ခါးလျားရှည်လို့ အလုပ်မလုပ်တာ၊ ရေးသမျှကတော့ အလုအယက်ပဲ စက္ကူပိသာချိန် ဝယ်တဲ့

ကုလားတွေ”

“ငတွန်း”

ဝင့်ဘုန်းကိုကို ဆက်နားမထောင်ရဲတော့ပါ၊ ရှက်ရှက်နှင့် အခန်းထဲမှ ပြေးထွက်ကာ အောက်သို့ တစ်ခါတည်း ဆင်းပြေးခဲ့တော့သည်။

*

## အခန်း(၄)

ခြုံထားသော စောင်ကို ဆွဲယူခံလိုက်ရသောကြောင့် ပြန်ဆွဲထားရင်း ကမန်းကတန် ထထိုင်လိုက်မိသည်။

ရာနှင့်ချီခဲ့ပြီဖြစ်သော မနက်ခင်းပေါင်းများစွာတွင် ဆုံးရှုံးခဲ့ရပြီသော အလေ့အထတစ်ခုက ဒီမနက်မှာမှ အိပ်မက်ဟောင်းတစ်ခု ပြန်မက်ရသလို သူမထံ ပြန်ရောက်လာခဲ့ပြီ။

အရင်က အလေ့အကျင့်အတိုင်း ဒန်းလော့ဒ် မွေ့ရာ၏ ညာဘက်ခြေရင်းကို လှမ်းကြည့်မိသည်။ နှစ်ယောက်အိပ်မွေ့ယာမှာ ပတ်လည်ဝိုင်းကာ စီချထားသော အရုပ်တွေ ကြားထဲ အမွေးရှည်ရှည် ပုပုလုံးလုံး သက်ရှိအရုပ်ကလေးကို ချစ်မဝနိုင်စွာ တွေ့လိုက်ရ၏ ။

"ပါပီ"

ကြမ်းပေါ်တွင် ကုတင်မပါဘဲ ခင်းထားသော မွေ့ယာထူကြီးပေါ်ကို ထုံးစံအတိုင်း ပါပီက ခုန်တက်လာပြီး တဝုတ်ဝုတ်နှင့် အသံပြုတော့သည်။

သူ့မျက်စိရှေ့မှာ သူ့ပါပီလေး သေသွားခဲ့၍ သူကိုယ်တိုင် ကိုကိုနှင့် မြေမြှုပ်ပေးခဲ့ရခြင်း မဟုတ်လျှင် အခု ပါပီက သူမပါပီ မဟုတ်ဘူးလို့ ဘယ်သူက ဘယ်လို ပြောပြော အသက်နှင့်ပုံလောင်းဖို့ပင် ဝန်လေးမည် မဟုတ်ပါ။

"ပါပီ"

"ဝု"

“နင် ပါပီနော် ပါပီ”

“ဝု… ဝေါ… အော့ ဝေါ”

“ဟုတ်ပါတယ်ဟယ်… နင် ပါပီမှ ပါပီအစစ်ပါဟယ်”

ပါပီက မွေ့ယာပေါ်မှ ထုံးစံအတိုင်း ပြန်ခုန်ဆင်းသွားပြီး တအီအီ တအိုင်အိုင်နှင့် ပတ်ချာလှည့်ကာ သူမကို အိပ်ယာမှ ထရန် ခေါ်နေပြီ။

သေချာပါပြီ၊ ပါပီတစ်ကောင် အီအီးပါချင်နေပြီ၊ အိမ်ထဲ မပြောနှင့် ကိုယ့်ခြံဝင်းထဲမှာပင် ဘယ်တော့မှ အီအီးမပါတတ်သော ပါပီ့အကြောင်း သူမ အသိဆုံးပါ၊ ဒါကြောင့် သူမ အပြေးအလွှားပင် အခန်းတံခါး ဖွင့်ကာ ပါပီ့ကို အီအီးတည်ရန် ထွက်ခဲ့ရတော့သည်။

“ဟယ်… သမီး အိပ်ရာထတာ စောလှချည်လား”

“ပါပီ အီအီးပါချင်နေပြီ မေမေရဲ့”

“မေမေ့စကား နားမထောင်ရင် မေမေ ဒီခွေးလေးကို တခြား ပေးပစ်လိုက်မှာနော် သမီး”

“မေမေ အဲဒီ လို မပြောပါနဲ့ မေမေရယ်၊ ပါပီကို ခွေးလို့လည်း မခေါ်ပါနဲ့၊ ပါပီဟာ သမီးကို မခွဲနိုင်လို့ သမီးဆီ ပြန်လာတဲ့ သမီးမောင်လေးပါ”

“ဟယ်.. အရူးမလေး”

သူ့ကို မေမေ ဘာတွေ ရေရွတ်ကျန်နေခဲ့မည်လဲ မသိတော့ပါ၊ အရေးကြီးတာ ပါပီကို ခြံတံခါး အမြန်ဖွင့်ပေးရပါမည်။

တကယ့်ပါပီ ခြံတံခါးဖွင့်ပေးလိုက်မှ လမ်းပေါ် ပြေးထွက်ကာ အုတ်တံတိုင်းဘေး မြောင်းထဲ ခုန်ဆင်း၍ မြောင်းနံရံကို သေးနှင့်ပန်းသည်။ ခစ်… ခစ် ပြီးတော့မှ ပတ်ချာ သုံးပတ်လှည့်ကာ အီးကို စိမ်ပြေနပြေ ညှစ်နေတာ၊ အမြီးဖွာဖွာလေးကို တဆတ်ဆတ် တုန်လို့…။

သံသရာအဆက်ဆက် ပြန်လည်တွေ့ဆုံရခြင်းကို ရေစက်လို့ ခေါ်ကြပါသလား။

ဘာပဲဖြစ်ဖြစ် ပါပီဟာ ဘဝပြောင်းသွားပြီးတောင်မှ သူမထံ ဒီလို ပြန်ရောက်လာခြင်းသည်ကပင် သံယောဇဉ်ကြောင့် မဟုတ်ပါလား...

ပါပီတစ်ခါ ပြန်ဝင်စားတဲ့ ပါပီဟာ ပါပီပါပဲ...။

*

သြရသ ဦးနှောက်ထဲတွင်သာမက နှလုံးသားပေါ်မှာပါ တစ်ပြိုင်နက်တည်း တက်တူး အထိုးခံလိုက်ရသလို ဖျက်မရ၊ မေ့မရ အရာထင်ကျန်ခဲ့သော ဖင့်ဘုန်းကိုကိုဆိုတဲ့ ကောင်မလေးရဲ့ လိပ်စာအတိုင်း ဘောက်ထော်က် ပြည်သာယာ လမ်းမကြီးပေါ်မှ အိမ်နံပါတ် (.....) ကို လိုက်ရှာမိပါသည်။

တွေ့ပြီ၊ အုတ်တံတိုင်း အမြင့်ကြီးပေါ် ဘာလိပ်ဓားသွား သွပ်ဆူးကြိုးတွေနှင့် ကာရံထားသော သူမတို့ ခြံကြီး။

မြင့်မားလုံခြုံလွန်းသော ခြံစည်းရိုးအုတ်တံတိုင်းကြီးကြောင့် အထဲကို ဘာဆိုဘာမျှ မမြင်ရ၊ သူမ ပြောခဲ့သည့် လိပ်စာကို ရှာတွေ့သည်မို့ သူမ လိမ်ညာပြောခဲ့ခြင်း မဟုတ်တာတော့ အသေအချာ။

ခပ်တည်တည် ဝင်တွေ့ပစ်လိုက်ရလျှင် ကောင်းမည်လား စဉ်းစားရင်း ပြည်သာယာ လမ်းမကြီးပေါ် ဇဝေဇဝါနှင့် စုံရပ်နေမိသည်။

သံပြားမဲမဲကြီး အလုံကာထားသော ဝင်းတံခါးမှ အထဲကို မြင်ရဦး... ချောင်းကြည့်ဖို့ ကြိုးစားနေခိုက် နောက်ကျောမှ ကပ်လျက် တီးလိုက်သော

ကားဟွန်းသံကြောင့် လိပ်ပြာလွင့်သွားမတတ် လန့်သွား၏။

အရှက်ပြေ ဏ္ဍန္တေဆည်ရင်း ခပ်တည်တည်နှင့် လှည့်ကြည့်လိုက်တော့ ကြွန်စုံသခင်မလေး ဝင့်ဘုန်းကိုကို...

တအိအိ လျှောကျသွားသော ကားမှန်ပြတင်းမှ ခေါင်းပြူထွက်လာတဲ့ ဝင့်ဘုန်းကိုကိုက ဩရသကို မသင်္ကာကြည့်နှင့် ကြည့်၏။

“ရှင် ဘာလာလုပ်တာလဲ”

“မင်းအိမ်ကို လာရှာတာ”

“ဘာကိစ္စ”

“ဟ... မင်းကျတော့ ငါ့အိမ်ပေါ်ထိ တက်လာပြီး စွပ်စွပ်စွဲစွဲ ပြောသွားတာ... ငါ့မှာလည်း မင်းကို မသင်္ကာခွင့် ရှိတာပဲ”

“ရှင် တရားလွန်လွန်းပြီနော်”

“ဟဲ... ဟဲ စိတ်မဆိုးပါနဲ့ ဝင့်ဘုန်းကိုကိုရယ်၊ မင်းနဲ့က အမြဲတမ်း ဘုဘောက် ကျနေကျဆိုတော့ ထုံးစံပျက်သွားမှာစိုးလို့ ပြောတာပါ၊ တကယ်တော့ ငါလည်း ကြွန်စုံ့ကို ချစ်တာပဲ... ကြွန်စုံများ မင်းဆီးပြန်ရောက်လာပြီလားလို့ သိချင်လို့ပါကွာ”

ပါးပျဉ်းခွက်ကာ ပေါက်တော့မယ့် မြွေဟောက်မလေး ပါးပျဉ်းမချသေးပေမယ့် ရှူးရှူးရှဲရှဲ ရန်လိုခြင်းတော့ လျော့ပါးသွား၏။

“ငါ ကြွန်စုံကို ငါ့ဆီ ပြန်ခေါ်ချင်တာထက် မင်းဆီမှာ ကောင်းကောင်းမွန်မွန် နေရမယ်ဆိုတာ သိလို့ တခြားကို ပျောက်သွားတာထက် မင်းအိမ်မှာ ပြန်တွေ့လိုက်ရရင် ကျေနပ်ပါပြီဆိုတဲ့ သံယောဇဉ်စိတ်နဲ့ပါ”

ကောင်မလေး Heart ထိသွားပြီ၊ ခွက်ထားတဲ့ ပါးပျဉ်း ချယုံတင် မဟုတ်ပါ၊ တစ်ခါတည်း ခွေဆင်းသွားပြီ။

“ကြန်စုံလေး မဟုတ်မဟတ်လူတွေ လက်ထဲများ ရောက်သွားပြီး ဒုက္ခတွေ့နေရှာရင်၊ ဒါမှမဟုတ် လမ်းတွေပေါ် လျှောက်သွားရင်း… အက်ဆီဒင့် တစ်ခုခုများ ဖြစ်သွားခဲ့ရင်”

“အိုး… တော်ပါတော့… နိမိတ်မရှိ နမာမရှိ”

“ဟုတ်ပါတယ်လေ… ငါလည်း စိုးရိမ်စိတ်နဲ့ လျှောက်တွေးပြီး ပြောမိတာပါ၊ တကယ်တော့ မင်းလည်း ငါ့ကို မလိမ်မညာဘဲ လိပ်စာကအစ အမှန်အတိုင်း ပြောခဲ့တာပဲ၊ ငါလည်း မင်းကို အစကတည်းက လိမ်ညာထားခဲ့တာ ဘာမှ မရှိဘူးဆိုတာ ငါ့အိမ် မင်းလိုက်လာကတည်းက သိမှာပါ”

ပွဲသိမ်းသွားပြီ…။ စဉ်းစားတွေဝေနေတဲ့ မျက်လုံးလေးတွေက လိုချင်တဲ့ အဖြေ ရမယ်ပဲဆိုတာ ဩရသ ဒက်ကနဲနေအောင် သိလိုက်ပြီ။

“ဝင့်ဘုန်းကိုကို… တကယ်တော့ တို့နှစ်ယောက်ဟာ ကြန်စုံအပေါ် ချစ်တဲ့စိတ်ခြင်း တူညီနေကြတဲ့ သူတွေပါ၊ မလိုအပ်တဲ့ အဖုအထစ်တွေကို ဘေးဖယ်ပြီး ကြန်စုံအတွက် အတူတူ ပူးပေါင်းရှာဖွေကြရအောင်နော်”

“ဘာပဲဖြစ်ဖြစ် ကွိကွိကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ သူငယ်ငယ်လေးကတည်းက နို့ဗူးတိုက် မွေးလာခဲ့ရတာ ”

“တို့ လက်ခံပါတယ်… တို့နဲ့ လေးငါးဆယ်ရက်လေးလောက် နေသွားတာတောင် တို့ ဒီလောက်သံယာဇဉ် ဖြစ်နေတာ မင်းအနေနဲ့ဆို ပြောစရာကို မလိုတော့ပါဘူး၊ တို့ ကိုယ်ချင်းစာတတ်ပါတယ်”

“တို့ ပြောပြီးပါရောလား၊ တို့ပြန်ယူဖို့ မဟုတ်ပါဘူး၊ ပေါက်ကရဖြစ်မယ့်အစား မင်းလက်ထဲမှာဆို တို့ ကြန်စုံ့အတွက် စိတ်ချပါပြီကွာ”

“ရှင် တကယ်ပြောနေတာလား”

“တကယ်ပါကွာ… သံယောဇဉ်ဆိုတာ မီးဆိုပေမယ့် မီးမရှိတဲ့ ဘဂမှာ

အသက်ရှင်ဖို့ စဉ်းစားကြည့်ပါ၊ သမိုင်းဦးကျောက်ခေတ် ပြန်ရောက်သွားရသလို လူ့တန်ဖိုး ကျဆင်းသွားရမှာပေါ့၊ အချစ်ဆိုတာ ပိုင်ဆိုင်ရမှ မဟုတ်ပါဘူး၊ ချစ်နေဖို့ပဲ လိုတာပါ”

“ရှင် တရားဟောစားဖို့ ကောင်းတယ်”

ကြွေဆင်းကျလာတဲ့ ခရေပွင့်လေးဟာ မြင့်မားစွာ အလှမ်းဝေးခြင်းကလွဲလို့ ရနံ့အဆင့် ဘာတစ်ခုမှ ပျက်စီးသွားတာမှ မဟုတ်တာ၊ မွှေးပျံ့တင့်တယ်စွာ လှပနေလျက်ပေါ့။

“အဲဒိလို မပြောပါနဲ့… ကြန်စုံ့အပေါ် သံယောဇဉ်နဲ့ စိုးရိမ်စိတ်ကလွဲလို့ တို့စိတ်ထဲမှာ ဖြူစင်ပါတယ်၊ တို့ ဖုန်းနံပါတ် ယူထားလိုက်ပါ၊ ကြန်စုံကို မင်းပြန်တွေ့ရင် တို့ဆီကို ပြန်တွေ့ပြီးလို့ ဖုန်းဆက်အကြောင်းကြားပေးပါ၊ ဒါမှ တို့စိတ် ဒုံးဒုံးချပြီး စိတ်အေးနိုင်မှာမို့ပါ”

ဩရသ သူမဆီမှ ဖုန်းနံပါတ်ကိုတော့ ပြန်မတောင်းပါ၊ စံပြုထိုက်ဖွယ် ရိုးသားလွန်းသောကြောင့်တော့ မဟုတ်ပါ။

“တို့လည်း ဒီအတောအတွင်း ရှိသမျှ အလုပ်တွေ ပစ်ချပြီး ကြန်စုံ့ကို တွေ့အောင် ရှာမှာပါ၊ တို့တွေ့ခဲ့ရင် မင်းဆီကို လာပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်”

“ကောင်းပြီလေ… ရှင့်ဖုန်းနံပါတ် ပေးခဲ့ပေါ့”

“09 51……”

ဘာပဲဖြစ်ဖြစ် ဝင့်ဘုန်းကိုကို ကွိကွိကို စိုးရိမ်စိတ်ဖြင့် သူ့ထံ ဖုန်းဆက်မေးမှာ အသေအချာ၊ သူ့ဆီ ဖုန်းဆက်ခဲ့လျှင် ဝင့်ဘုန်းကိုကို ဖုန်းနံပါတ် က သူ့ဖုန်းမှာ အလိုလို ပေါ်လာပြီးသား မဟုတ်ပါလား။

အခွင့်အရေး မယူတတ်သော ရိုးသားလွန်းတဲ့ ဩရသအတွက် သူမဖုန်းနံပါတ်ကို Save လုပ်ထားမည့် နာမည်ကိုတောင် စဉ်းစားပြီးသား။

ခွေးချစ်တဲ့စိတ်ချင်း တူညီတဲ့ အသွင်တူ အိမ်သူမလေး Heart Keeper။ နှလုံးသား အိမ်ရှင်မလေး”

ဟေး... ဟေး...။

*

သူမ နှစ်နှစ်နီးပါး သော့ခတ်သိမ်းဆည်းထားခဲ့သော ပါပီရဲ့ အသုံးအဆောင်တွေ ထည့်သော ဘီရိုသော့ကို ဖွင့်လိုက်သည်။

ပါပီငယ်ငယ်တုန်းက ဒီရော်ဘာပြား ဝိုင်းဝိုင်းလေးကို လေထဲပစ်လိုက်လျှင် တဝုတ်ဝုတ်ဟောင်၍ ပြေးလိုက်ကာ အောက်သို့ ပြန်ကျလျှင် သူမဆီ ပြန်ကိုက်ချီလာပေး၏။

ပါပီ မသေခင် နောက်ဆုံး သုံးသွားသော Shampoo ဗူးကတော့ နှစ်နှစ်နီးပါး ရှိပြီမို့ Expiry Date ကုန်လုလောက်ပြီ။

ပါပီ ရေချိုးပြီးတိုင်း သုတ်ပေးတဲ့ တဘက်တွေကိုတော့ သူမက လောဘကြီးစွာ အရောင်စုံ ဝယ်ထားသည်မို့ ဒါဇင်ဝက်ခန့် တဘက်တွေက အကုန်လုံး သန့်သန့်စင်စင် သစ်သစ်လွင်လွင်။

ပါပီသည် တကယ် လူဝင်စားလေးပါ။ လည်ပတ်ကြိုးကိုပင် ခွဲခြားနိုင်စွမ်း ရှိပါသည်။ လည်ပတ်နီနီရဲရဲ အပြားကြီးနှင့် စတီးကြိုးကြီးကြီးလေးကို ပတ်ပေးလိုက်သည်နှင့် ကားနှင့် အပြင်ဝေးဝေးကို ထွက်လည်ရမည်မှန်း သိပါသည်။ ကားပေါ်ကို သူ့ဟာသူ ပြေးတက်နေတတ်၏။

လည်ပတ်နက်ပြာနှင့် စတီးကြိုးသေးကို ပတ်ပေးလိုက်လဆင် ရပ်ကွက်တွင်း လမ်းလျှောက်ကြမည်မှန်း သိပြီးသား။

မိုးအရမ်းရွာပြီး မိုးအေးသောနေ့များနှင့် ဆောင်းတွင်းဘက်များတွင် သူမက အဖြစ်သည်းစွာ ပါပို့ကို အကျႌများ ဝတ်ပေးလေ့ ရှိပါသည်။

နိုင်ငံခြား ကတ်တလောက်တွေထဲ ခွေးတွေကို ဝတ်ပေးသော အကျႌဒီဇိုင်းများကို ကြည့်၍ ချုပ်ပေးထားသော အကျႌများကို ပါပီ ဝတ်ဖို့ စိတ်ကျဉ်းကျပ် ညစ်ညူးတတ်သော်လည်း သူမ အတင်းခေါ်ဝတ်ပေးလျှင် ပါပီ စိတ်ပျက်လက်ပျက် အဝတ်ခံရှာသည်။

သူ့သဘောနှင့်သူ ကိုက်ဖဲ့ရုန်းဖယ် ပြန်ချွတ်ပစ်တာမျိုး ဘယ်တော့မှ မလုပ်။

ချစ်စရာ ပါပီရယ်။

ဘာပဲဖြစ်ဖြစ် သေသွားတဲ့ ပါပီရဲ့ အသုံးဆောင်တွေဟာ သူ့သဘောနဲ့သူ ပြန်လာတဲ့ ပါပီရဲ့ ပစ္စည်းတွေပါပဲလေ။

ပါပို့ကို ဖြီးပေးနေကျ ဘီးတွေကို တစ်ချောင်းစီ လိုက်ကိုင်ကြည့်နေရင်းမှ သူမ ကျေနပ်ရွှင်ပျစွာ ပြုံးမိပါသည်။

“ဝုတ်… ဝုတ်… ဝုတ်… ဝုတ်…”

“အမေလေး… သားကြီးရေ… သားကြီး…”

“ဟာ… ဒါ ပါပီ ရန်သူကို တွေ့လို့ ဟောက်တဲ့အသံနဲ့ မေမေရဲ့ အလန့်တကြား အော်သံ… ကိုကိုရှိရဲ့ကလား… သူမ ကမန်းကတန်း ခြံထဲသို့ ဆင်းပြေးလာခဲ့၏ ။

“မေမေ… မေမေ”

“ဝုတ်… ဝုတ်… ဝုတ်”

“ပါပီ… လာ… လာ”

ပိန်းပန်းရုံမှာ မေမေ ကိုကိုနဲ့ ပါပီ၊ ကိုကိုက အုတ်နီခဲတွေနှင့် မြေကြီးပေါ် ကောက်ကောက်ထုနေသည်။ သူမ မေမေ့ထံ စိုးရိမ်တကြီး ပြေးသွားမိ၏ ။

"မေမေ"

မေမေ့ကို ပြေးဖက်လိုက်တော့ မေမေကလည်း သူမကို အလိုက်သင့် ပြန်ဖက်လာ၏ ။

အမေလေး...။ ကိုကို အုတ်နီခဲနှင့် ထုတ်နေတာက မြွေကြီး။

ပါပီက တွန့်လိန်အကြောဆွဲနေသော မြွေကြီးကို မျက်ခြည်မပြတ် ကြည့်၍ လှည့်ပတ်ဟောင်နေသည်။

"သမီးရယ်... သမီးရဲ့ပါပီလေး ကယ်ပေလို့ ... မေမေ နှိုက်တော့မယ့် ပိန်းအိုးအောက်မှာ မြွေကြီး..."

"ပါပီ...လာ ... လာ... အဲဒါကြောင့် သမီး ပြောတာ၊ ပါပီက သမီးတို့ကို စောင့်ရှောက်ဖို့ သမီးဆီ ပြန်လာတာပါလို့"

"မေမေနော်... အဲဒါကြောင့် သားပြောတာ၊ ပန်းတွေကို မာလီနဲ့ပဲ လုပ်ခိုင်း၊ ကိုယ်တိုင် လျှောက်မလုပ်နဲ့လို့... အခု ပါပီကြောင့် ကံကောင်းလို့"

"ဟုတ်ကဲ့ပါ ဆရာကြီးနဲ့ ဆရာမကြီးတို့ရယ်.. ဟင်း... ဟင်း"

"မေမေတို့က ပြောလိုက်ရင် ဒီလိုချည့်ပဲ။ နောက်ဆုံး ဘာအကောင်မှ မရှိလဲ ခါးနာမယ် ဒူးနာမယ်.. အလကား လျှောက်လုပ်နေတာပဲ"

"အေးပါ... အေးပါ၊ မေမေ နောက်မလုပ်တော့ပါဘူး၊ ပိန်းအိုးတွေက ပစ်ထားတာ ကြာတော့ အုတ်ခဲလေး ဘာလေး လိုရင် ဖြည့်ခိုင်းမလို့ လာကြည့်မိတာပါ၊ ကဲ... ကဲ... သားကြီး မောင်ထွန်းညိုကို အဲဒီ မြွေ ခေါ်မြှုပ်ခိုင်းလိုက်"

"မေမေ... ပါပီက မေမေ့အသက်သခင် ကျေးဇူးရှင် ဖြစ်သွားပြီနော်"

“ဟုတ်ကဲ့ပါ ရှင်... ဟုတ်ကဲ့ပါ”

*

4. C

“Hi..."

"Hi..."

"ကျေးဇူးအများကြီး တင်ပါတယ်ကွာ”

“ဘယ်အတွက်လဲ ဘာကြောင့်လဲ”

“ဓာတ်ပုံလေးတောင်းမိတာနဲ့ ကိုယ့်ကို ဥပေက္ခာပြု စွန့်ပစ်သွားတဲ့ ကောင်မလေးတစ်ယောက်က အသိအမှတ် ပြန်ပြုခင်မင်ပေးလို့ပါ”

“အလကားရတဲ့ ကျေးဇူးတွေနဲ့ လာမဖားပါနဲ့”

“မင်းစိတ်အနှောင့်အယှက် ဖြစ်နိုင်တယ်ဆိုတဲ့ ကိစ္စမှန်သမျှကို ဘယ်သောအခါမှ မပြုလုပ်မိအောင် ဆင်ခြင်ပါ့မယ်၊ မင်းကိုယ့်ကို ဓာတ်ပုံ မပေးချင်ဘူး ဟုတ်လား”

“ဓာတ်ပုံကြီးတော့ ပေးချင်ပါတယ်... ဒါပေမယ့် အဲဒီ ပါဆယ်ထုတ်ကြီးကို ဘယ်လိုမှ ပို့လို့မရနိုင်လို့ပါ”

ဩရသ ခေါင်းစားသွားသည်။ စပိန်ဂစ်တာလေးက သူ့ကို ပဟေဠိတွေ ဂှက်နေပြီ။

“အင်တာနက် သုံးနေတဲ့ သူတစ်ယောက်က ဘီစီခေတ်ကလို ဆက်သားတွေ အဆင့်ဆင့်နဲ့ ပါဆယ်ပို့ပေးဖို့ စဉ်းစားနေတာလား Folder Queen

ရယ်”

“ငါပိရည် တို့စရာနဲ့ ချဉ်ပေါင်ဟင်းစားတဲ့ သူတစ်ယောက်ရဲ့ ဓာတ်ပုံကြီးအတွက် ကရိကထတွေက ဒုနဲ့ဒေးမို့ပါ”

ဟာ… တော်တော် နောက်ပါလား…။

ဟိုဂတုတ်မကြီးများ စပိန်ဂစ်တာလေးကိုယ်စား ဝင် Chat နေလား မသိ…။ ဒီလောက် မှုံနေအောင် ချောမောလှပတဲ့ ကောင်မလေးက ဒီလိုရွံ့စရာ ပြက်လုံးကြီးကို ဘယ်လိုစိတ်ကူး ရသွားသည်လဲ ဩရသ မစဉ်းစားတတ်အောင်ပါ။

“ညက အိပ်မက်မကောင်းတာနဲ့တော့ တိုက်ဆိုင်နေပြီ”

“ဘာဆိုင်လို့လဲ”

“ကိုယ့်ရဲ့ အိပ်မက် နတ်သမီးလေးကလေ ဆံပင်ပျော့ပျော့စင်းစင်းလေးနဲ့ အသားဖြူဖြူလေး၊ အသံကလေးက ဩရှရှလေးနဲ့ မျက်လုံးလေးတွေက ညိုညိုတောက်တောက်လေး၊ နှာလံလေးက စင်းစင်း ချွန်ချွန်လေးကွ၊ နှုတ်ခမ်းလေးတွေကလည်း နှင်းဆီနီနီရဲရဲ အဖူးလေးလို စိုစိုလက်လက်လေး… Strucutre က စပိန်ဂစ်တာလေးလိုပဲ… အလိုလိုနေရင်း ဆင်ဖိုနီတွေ ဝေနေအောင်ကို လှတယ်ကွာ”

“စိတ်ကူးယဉ်လှချည်လားကွယ်ရို့”

“ဝေါဟာရ ရှားပါးမှုကြောင့် ဒီလောက်ပဲ ပြောပြပုံဖော်တတ်ခဲ့ပါတယ်”

“ဓာတ်ပုံကြီးတောင် ပို့ပေးချင်လာပြီနော်”

“အခုပြောနေတဲ့ ဓာတ်ပုံကြီးကတော့ စပါးပုတ်ကြီးလို ခြေတပ် လက်တပ်၊ ထမင်းတစ်စေ့ကို ပေါက်ဆိန်နဲ့ ပေါက်စားရတဲ့ ကိုယ့်နတ်သမီးလေးရဲ့ အိမ်တော်ပါ ငယ်ကျွန်မကြီး ဝင်ပါတဲ့ ဓာတ်ပုံကြီးထင်တယ်… ငါးပိရည်ထဲက ငရုတ်သီးဖတ်ကြီးများ ကပ်နေသေးလား မသိဘူး၊ အခု ဓာတ်ပုံကောင်းနေလဲ

နောက်တစ်ခါ အိမ်သာတက်ကြည့်ပါ… ခတ်ရည်တွေ ဖြစ်သွားမှာပါ… ဘာလို့လဲဆိုတော့ ရှိသေထိုက်သူကို ရှိသေရကောင်းမှန်းမှ မသိတာ”

“အဲဒီ နားတင် လဲသေလိုက်”

“ဟုတ်တယ်.. လဲသေလိုက်ရတာ ကမှ ကောင်းသေးတယ်၊ ညက အိပ်မက်ထဲကလို နှာခေါင်းပွပွ ရေမြင်းကြီး တစ်ကိုယ်လုံး တက်ဖိလို့ သေသွားခဲ့ရင် ဘဂကူးတောင် ကောင်းနိုင်မယ် မထင်ပါဘူးကွာ…”

ဟား… ဟား… အယုတ္တ အနတ္တတွေတောင် မလာနိုင်တော့ဘဲ Chat ထဲက ထွက်သွားရှာပြီ၊ ဂတုတ်မကြီး ရေရေလည်လည် တင်းသွားမှာ အသေအချာ…။ တင်းပါစေ သူများ Chat ထဲ အယောင်ဆောင် ဝင်လာမှတော့ ဘာလို့ အလွတ်ပေးရမှာလဲ…။

စပိန်ဂစ်တာလေးက ဘာလို့ ကိုယ်တိုင် မဆက်သွယ်တော့တာလဲ…။ ဘာပဲဖြစ်ဖြစ် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ..။ အတင်းဆွဲယူပြီး ထမင်းနဲ့ ဟင်း ထည့်ပုံ့စားပစ်လိုက်မှာပေ့ါ…။

ဩရသ စိတ်ကူးတွေနှင့် အလုပ်ရှုပ်နေတုန်းမှာပဲ ဖုန်းဝင်လာသည်။ ပေါ်လာတဲ့ ဖုန်းနံပါတ်က နံပါတ်စိမ်း…။ ဒိုးဒိုးဒိတ်ဒိတ် ရင်တွေခုန်လာ၏ ။ ဖြစ်နိုင်ချေက ကိုးဆယ်းရာခိုင်းနှုန်း၊ ဒါ ဝင့်ဘုန်းကိုကိုရဲ့ ဖုန်းနံပါတ် ဖြစ်ကို ဖြစ်ရမည်။ Chatin ထွက်ပြီး ဖုန်းနားထောင်လိုက်သည်။

“ဟယ်လို အမိန့်ရှိပါ ခင်ဗျာ…”

ဟဲ ဟဲ.. အင်မတိ အင်မတန် နိုင်ငံကြီးသား ဆန်သော လူယဉ်ကျေးလေးပါလို့…။

“ဩရသလား”

ကဲ.. တွေ့ပြီ ဟုတ်လား ခါးတောင်းကျိုက်ပြီး ပြေးကြည့်စရာမလို၊

တွေးကြည့်လိုက်ယုံနဲ့ အဖြေက ဂွပ်ကနဲ မှန်ပြီးသား…။

“ဟုတ်ပါတယ်… ဝင့်ဘုန်းကိုကိုလား”

“အင်း… ဘယ်လိုလုပ်ပြီး တန်းသိတာလဲ”

“ကိုယ့်ဆီ မိန်းကလေး ဖုန်းဆက်စရာဆိုလို့ မင်းတစ်ယောက်ပဲ ကြန်စုံ့ကိစ္စကြောင်း ရှိတာပဲလေ…။ ကိုယ် အခု ကြန်စုံကို စတွေ့တဲ့ ဗိုလ်ချုပ်ဈေးထဲမှာ လျှောက်ရှာကြည့်နေတယ်… အရေးကြီးတဲ့ သဲလွန်စကို စဉ်းစားလို့ ရသွားပြီ”

“ဟယ်… တကယ်လား…”

“တကယ်ပေါ့… ဒါပေမယ့် ဖုန်းနဲ့ ပြောလို့ပြီးတဲ့ ကိစ္စမျိုး မဟုတ်ဘူး…၊ တကယ်တော့ ကြန်စုံရဲ့သခင် အစစ်အမှန် မူလသခင်မ မင်းမပါရင် ဘယ်လိုမှ မအောင်မြင်နိုင်တဲ့ကိစ္စမျိုးပါ… ဟိုနေ့ကတည်းက မင်းဖုန်းနံပါတ်ကို ကိုယ် တောင်းခဲ့ဖို့ကောင်းတယ် ဆိုပြီး နောင်တရနေတာ… တော်သေးတယ်၊ မင်းကိုယ့်ကို ဆက်သွယ်ပေးလို့ပဲ”

“ရှင်က မတွေ့ တွေ့တောင် ရှာမယ်ဆိုတော့… ဘာများ ထူးခြားမှု ရှိသေးလဲလို့ ဆက်မေးရတာ ပေါ့”

“ထူးခြားတယ်… ထူးခြားတယ်.. အချိန်နဲ့တစ်ပြေးညီ စိတ်ထဲ ဒီကိစ္စကိုပဲ စဉ်းစားနေမတော့ အခု အရေးကြီးတဲ့ သဲလွန်စကို ရပြီလေ…”

“ဘာသဲလွန်းစလဲ ဟင်…”

“ပြောပြီးပြီလေ… ဖုန်းနဲ့ ရှင်းပြရတာ ထက် လူကိုယ်တိုင် တိုင်တိုင်ပင်ပင် ညှိနှိုင်းကြမှ အဆင်ပြေမှာ… မင်းနဲ့ ကိုယ်နဲ့ ဆုံကြရအောင် ဝင့်ဘုန်းကိုကို… ဩော် ကြန်စုံ… အဲ မင်းအတွက်တော့ ကွိကွိပေါ့လေ… ကွိကွိနဲ့ ပတ်သက်တဲ့ မှတ်ပုံတင်၊ ဆေးမှတ်တမ်း စာရွက်စာတမ်းတွေ အားလုံး ယူခဲ့နော်”

“အခု ဖုန်းနဲ့ အရင်ပြောပြကြည့်လေ…”

“မဖြစ်ဘူးကွ… ဒီလိုလုပ်ရအောင်ကွာ… တွေ့ရင် မင်းကို ပြန်ပေးမယ့် ကွိကွိအတွက် ကိုယ်တို့ မနက်ဖြန် မနက် ကိုးနာရီမှာ ဆူးလေလမ်းမပေါ်က Moon Bakery မှာ ဆုံကြရအောင်ကွာ… နော်…”

“မနက်ဖြန် မနက် ကိုးနာရီ”

*